www.burmeseclassic.com

ငုံးမိုးစာပေ

BURMESE CLASSIC

# ပန်းသီချင်း

နှင်းဆီများကတစ်ပွေ့တစ်ပိုက်ရယ်

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | - ၅၀၀၇၆၇၀၅၀၈ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - ၅၀၀၇၄၁၀၆၀၈ |
| ထုတ်ဝေသူ | - ဒေါ်မိုးသီတာ (စိုးမိုးစာပေ) (မြ-၀၃၈၅၁) အမှတ် ၁၃၊ ၁၀၇ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | - ဦးမြင့်သန်း (မြ-၀၄၉၀၂) စံပယ်အော့ဖ်ဆက် ၁၃၊ ၁၀၇ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။ |
| အတွင်းဖလင် | - အောင်မင်းလွင် |
| စာအုပ်ချုပ် | - ကိုသန်းငွေး |
| ပုံနှိပ်ခြင်း | - ၂၀၀၈ ခုနှစ်၊ ဩဂုတ်လ ပထမအကြိမ်။ |
| အုပ်ရေ | - ၅၀၀ |
| တန်ဖိုး | - ၁၅၀ ကျပ် |


ထွေးလေးက သောက်ရေသန့်ဘူးအဖုံး၏ ကြိုးပတ်ကို ဆွဲခွါဖြည်လျက် အဖုံးကိုဖွင့်ပြီး ဗိုက်ကလေးကို ဘူးထဲထိုးထည့်ကာ အားပါးတရ စုပ်သောက်မိပါသည်။

ဘယ်လိုရေငတ်နေမှန်းမသိပါ။ ရင်တစ်ခုလုံး ခြောက်သွေ့နေသလို ထင်မိ၏။ အမှန်ဆို နည်းနည်းရေဆာကတည်းက အချိန်ပေးပြီး သောက်ရမှာ။

ခုတော့

ရေအငတ်လွန်ကာ ခေါင်းတောင်မူးချင်ချင်။

စိတ်အိုက်လှတာမို့ သီချင်းသံ၊ စကားသံ၊ ဖိနပ်သံနှင့် တဝုန်းဝုန်းဆူညံနေသော ညေ့ခံကျယ်ကြီးထဲမှ လှေကားသုံးထစ်ဆင်းပြီး ထွက်လာခဲ့သည်။

ခြံကျယ်ကြီးက အုပ်မှိုင်းတိတ်ဆိတ်ကာ စကားဝါပန်းနံ့ တ. တသင်းတင်းနှင့်။



www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်းပဲ ထွေး စိတ်တွေလန်းဆန်းသွားရသလိုရှိသည်။

အိမ်ကြီး၏ ဟိုဘက်တစ်ခြမ်းမှာ ကားပေါင်းများစွာက ဖြစ်သလိုရပ်ထား၏။ သည်ဘက်တစ်ခြမ်းကတော့ ထူးကဲစွာ တိတ်ဆိတ်ငြိမ်ကျနေပါသည်။

သန်ဘက်ခါ ဖက်ရှင်ရှိုးအတွက် သည်နေ့နောက်ဆုံး ဝတ်စုံပြည့်လေ့ကျင့်တာပါ။ ထို့ကြောင့်လည်း ပိုပြီး ပင်ပန်းသည်။

'Cat Walk'လျှောက်ရတာ တစ်ယောက်တည်းဆိုရင် တောင်မလွယ်။ စင်ပေါ်မှာ အမှားအယွင်းမဖြစ်ဖို့ အမြဲသတိထားရသည်။ ထပ်တလဲလဲ လေ့ကျင့်ထားရပါသည်။

အခုဟာက တစ်ယောက်တည်းမဟုတ်ဘဲ စုံတွဲလျှောက်ရမှာ။ ပိုဆိုးတာက တစ်ဖက်လူ ကိုယ်နှင့်တွဲပေးထားတာက ရှုပ မင်းသား၊ သူက အတွေ့အကြုံရှိပြီးသား။ တည်ငြိမ်အေးဆေးပြီးသား။ နာမည်ကြီးနှင့် အပြိုင်လုပ်ရမှာဆိုတော့ ထွေးလေးက ပိုပြီး လန့်ပါသည်။

ကိုယ်က မော်ဒယ်ဆိုပေမယ့် ရုပမင်းသားလိုတော့ အတွေ့အကြုံ မရင့်ကျက်သေးပါ။ သူကတော့ မင်းသားမှုလားမသိ၊ လက်ကလေးဆွဲယူကာ၊ လမ်းလျှောက်ပြတာ၊ ရယ်ပြတာ၊ အကုန်လုံး အပိုအလိုမရှိ၊ အချိုးကျ ပီပြင်လှသည်။ သူ့ကြည့်ရတာ သက်





တောင့်သက်သာပါပဲ။ ခဲခဲယဉ်းယဉ်းလည်းမရှိ။ ပေါ့ပေါ့ပါးပါးနှင့် တည်တည်ငြိမ်ငြိမ်လုပ်သွားနိုင်သလောက် ထွေးလေးမှာတော့ ချွေးတွေပျံကာ ရေငတ်လာရသည်အထိ စိတ်လှုပ်ရှားမိပါသည်။

ပြီးတော့ သူက ကြော်ငြာရိုက်ကွင်းရှိသေးတာမို့ အချိန်အကြာကြီးလည်း မပေးနိုင်ပါ။ အပြေးအလွှားရောက်လာပြီး ကမန်းကတန်းပြန်မှာ။ သူနှင့်ကြိုတင်မတိုက်ထားလျှင်လည်း စင်ပေါ်မှာ အပေးအယူမတည့်ဘဲ လူရယ်စရာဖြစ်သွားနိုင်ပါသည်။

မင်းသားက နာမည်ကြီးသလောက် သဘောထားလည်း ဆိုးလှပါ။ ထွေးလေးကို ဂရုဏာစိတ်နှင့်တွဲခေါ်ပါသည်။ ရှက်စိတ်နှင့် ခပ်တုံ့တုံ့ဖြစ်နေတာကို နားလည်ပုံရသည်။

ထွေးလေးက မော်ဒယ်သင်တန်းဆင်းတာ ဘာမှမကြာသေးပေ။ ချစ်စရာကောင်းလွန်းသော ပုံစံလေးကြောင့်သာ နာမည်ကြီးမင်းသားလေးနှင့် တွဲခွင့်ရခဲ့တာပါ။ အားလုံးသဘောတူ ထိုနေရာကို ထွေးလေးအားပေးခဲ့ကြတာပါ။ တချို့လည်း ကျေနပ်ချင်မှ ကျေနပ်လိမ့်မည်။ အများဆန္ဒဆိုရတော့ ငြိမ်နေလိုက်တာမျိုး ရှိနိုင်ပါသည်။

ကိုယ်ကလည်း သည်နေရာကို ငမ်းငမ်းတက်လိုချင်သူ မဟုတ်ပေ။ တစ်ယောက်တည်း ကက်ဝေါ့ခ်လျှောက်ရလည်း ကျေ



www.burmeseclassic.com

www.burmeseclassic.com



နပ်ပါသည်။ သည်ပွဲမှာ ပါဝင်ခွင့်ရလျှင်ပြီးရော၊ ဒါကလည်း ဝါသနာကြောင့်ပါ။ ဝါသနာပါလို့သာ မော်ဒယ်လုပ်တာပါ။ အိမ်ကဆို သိပ်မကြိုက်ချင်။

ညီအစ်မသုံးယောက်မှာ ထွေးလေးတစ်ယောက်သာ ဒါမျိုးတွေ စိတ်ပါတာမို့ ဖေဖေနှင့်မေမေ မကြာခဏဆူတတ်ပါသည်။

မမကြီးဆိုလည်း ဆရာဝန်၊ ဆေးရုံမှာ တာဝန်ထမ်းဆောင်နေပြီ။ မမငယ်ဆိုလည်း တရားရုံးရှေ့နေကြီးဖြစ်နေပါပြီ။ ထွေးလေးသာ ကျောင်းတစ်ဖက်နှင့် မော်ဒယ်လ်ဘဝကို ဘယ်လိုကနေဘယ်လို ရောက်သွားမှန်းမသိတာပါ။

ဖေဖေနှင့် မေမေက ထွေးလေးကို လေယာဉ်မယ် သိပ်ဖြစ်စေချင်ပါသည်။ မမကြီးတို့ထက်ပိုပြီး ချစ်စရာကောင်းသည်ဟု ထင်သောကြောင့်လည်း ဖြစ်လိမ့်မည်။

"သမီးပုံစံလေးနဲ့ လေယာဉ်မယ်ကလေးဆို သိပ်လိုက်မှာပဲ"ဟု မေမေက အမြဲပြောတတ်ပါသည်။

ထွေးလေးက မသိချင်ဟန်ဆောင်ပြီး မော်ဒယ်လ်အလုပ်ကို ဦးစားပေးခဲ့တာပါ။ စကားဝါနဲ့ တသင်းသင်းနှင့် ခြံကျယ်ကြီးထဲလျှောက်ရတာ ထွေးလေး ပျော်ရွှင်မိပါသည်။ မိသားစုအကြောင်းပင် ချက်ချင်းပြန်တွေးမိသွားသည်လေ။





ဖြူလွလွ ဂါဝန်ရှည်ဖားဖားကြီးနှင့်သာမဟုတ်လျှင် အခုထက်ပိုပြီး ပေါ့ပါးရွှင်လန်းသွားမှာ သေချာ၏။

မင်းသားကတော့ သူ့အလှည့်ပြီးပြီမို့ ပြန်ဖို့ ပြင်ဆင်နေပါပြီ။

ထွေးလေးက ခြံဝင်းတံခါးပေါက်မှတစ်ဆင့် မြေနီလမ်းသွယ်ကလေးကို မျှော်ကာလှမ်းကြည့်သည်။

လမ်းကလေးက တိတ်ဆိတ်သန့်ရှင်းပြီး နေချင်စဖွယ်ကောင်းသည်။ ထွေးတို့လမ်းနှင့်များတော့ တခြားစီပါ။ ရှုပ်ထွေးစည်ကားလွန်းတာ မိုးလင်းမိုးချုပ် မျက်စိကို နောက်ချင်စရာ။

သည်လမ်းကလေးထဲ နေရလျှင် ဘယ်လောက်အဆင်ပြေမလဲဟု တွေးမိသည်။ ခြံကျယ်ကြီးတွေကလည်း အားလုံးပေါင်းမှ ဘယ်နှစ်ခြံမှ မရှိ။ သီးသီးသန့်သန့်နှင့် နားအေးပါးအေး ရှိလွန်းလှပါဘိ။

ထွေးလေးတို့ မော်ဒယ်အော့ဂျင်စီက သည်လမ်းကလေးထဲမှာမို့ ထွေးလေးတို့ သည်လမ်းကို အမြဲလာရပါသည်။

ရေဆာဆာနှင့် ရေသန့်ဘူးက တစ်ဝက်နီးပါး ကုန်သွားပါ၏။ မင်းသား၏ ပါဂျဲရိုးကားက အရှိန်နှင့်မောင်းထွက်သွားသည်ကို တွေ့လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ခမျာလည်း မနားရရှာဟု စာနာစိတ်နှင့် တွေးကြည့်မိပါသည်။

စိတ်ရှည်ခြင်း၊

သည်းခံခြင်း၊

ထိန်းချုပ်မျိုသိပ်နိုင်ခြင်းဆိုတာတွေကို သူတို့ တော်တော်လေး ပိုင်ဆိုင်ထားကြပါသည်။

ရေဆာနေလည်း အောင့်အီးထားနိုင်သည်။ ဗိုက်ဆာနေလည်း ခဏမေ့ထားနိုင်သည်။ နေပူနေလည်း မျက်မှောင်မကုတ်မိအောင် ကြိုးစားထားနိုင်သည်။ မိုးရွာနေလည်း စိတ်မပျက်တတ်ပါ။ ဘာတွေပဲဖြစ်ဖြစ် ပေကပ်ကပ်နှင့် ဖွဲ့ရှိနေတတ်သည်။ အလွယ်တကူ စိတ်မပျက်တတ်ပါ။ လက်မလျှော့တတ်ပါ။ တော်ရုံတန်ရုံ ဖျားတာလောက်၊ မူးတာလောက်ကို မေ့ဖျောက်ထားပြီး လုပ်ရာရှိတာ ဆက်လုပ်နေတတ်ပါသည်။ ကြည့်တော့သာ နုဖတ်လုပနေကြတာ။

အိပ်ရာထဲ ခွေလှဲချင်နေလည်း ငြိမ်ငြိမ်တောင့်တောင့်ထိုင်ကာ မိတ်ကပ်ပြင်ခြင်းကို ခံယူနေရသည်။ ဒါတွေဟာ မင်းသား၊ မင်းသမီးတွေ၏ ခံနိုင်ရည်စွမ်းအားပါပဲ။ ထွေးလေးလည်း မော်ဒယ်ဘဝကို ခြေချမိပြီမို့ သူတို့လို ခံနိုင်ရည်ရှိအောင် စိတ်ဓါတ်ကို





ပြုပြင်ရပါဦးမည်။

"ထွေး ဘာလဲ ပင်ပန်းသွားပြီလား"

သဇင်က ဘေးနားရောက်လာပြီး မေးသည်။ ထွေး သဇင့်ကို ပြုံးပြမိပါသည်။ ဘယ်အချိန်မဆို မျက်နှာပေါ် အပြုံးရှိနေအောင်လည်း ကြိုးစားတတ်ရပါမည်။

"ဟင့်အင်း ဒါပေမယ့် သူက နာမည်ကြီးဆိုတော့ စိတ်လှုပ်ရှားတာအမှန်ပဲဟ၊ သဇင့်အလှည့် မရောက်သေးဘူးလား"

"ရောက်တော့မှာပါ"

သဇင်က ချက်ချင်းပဲ ထွေးအနားမှ လှည့်ထွက်သွားသည်။ ထွေးက တစ်ရှူးပေပါလေးနှင့် နှုတ်ခမ်းတစ်ပိုက်က ချွေးတွေသုတ်ပစ်သည်။

သဇင့်အလှည့်ပြီးလျှင် ပြန်လို့ရပါပြီ။ ပုနှင့်ပတ္တမြားက သည်ပွဲမှာ မပါ။ ခါတိုင်းဆို လေးယောက်စလုံးပြီးမှ အတူတူပြန်နေကြပါ။ သည်တစ်ပွဲမှာတော့ ပုနှင့်ပတ္တမြားက စာမေးပွဲနှင့်တိုက်နေတာမို့ ဘာမှမတတ်နိုင်ဘဲ လက်လွှတ်ခံရလေသည်။

"ဟင်"

ဂါဝန်ရှည်ဖားဖားလွင့်လွင့်ကြီးလဲဖို့ လှည့်ဝင်မည် လုပ်တုန်းမှာပဲ ထူးဆန်းသော မြင်ကွင်းက ထွေးကို ညို့ယူဖမ်းစားလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ဂျာကင်အနက်နှင့် ကောင်လေးတစ်ယောက်။ ဆိုင်ကယ်ကလည်း မဲမဲနက်နက်၊ ဆံပင်ပျော့ပျော့လေးများနှင့် မျက်နှာလေးက ဖွေးသန့်ကာ မျက်လုံးအစုံက တဖျတ်ဖျတ်တောက်ပစူးရှနေ၏။

ထွေးကို လှမ်းကြည့်ကာ ရဲစိုနေသော နှုတ်ခမ်းတွေက ချက်ချင်းပဲ ပြုံးယောင်သန်းသွားသည်။ လူကိုများ ရယ်ချင်စရာလား။

ချက်ချင်းပဲ အကြည့်လွှဲကာ ဆိုင်ကယ်လေးက တရွေ့ရွေ့ ထွက်သွားသည်။

"ဟာယ်တော့"

မျက်လုံးလေးအဝိုင်းသားနှင့် ထွေးက ဖွင့်ထားသော ခြံတံခါးဝအထိ ပြေးသွားကာ လိုက်ကြည့်မိပါသည်။

ဒါမျိုးတစ်ခါမှ မမြင်ဖူးခဲ့ပါ။

စုတ်ဖွားခွေး ညိုညိုပုပုလေးက သူ့ဆိုင်ကယ်နောက်မှာ လူ့ကလေးလို ငြိမ်ငြိမ်သက်သက် ထိုင်နေပါရောလား။

ဟုတ်မှဟုတ်ရဲ့လားဟု ထွေး ပြူးပြဲကြည့်မိသည်။ သည်လောက်လိမ္မာနားလည်သော ခွေးလေးမျိုး ထွေးမှမတွေ့ဖူးဘဲ။

ကားထဲမှာဆိုထားတော့။ ခုဟာက ဆိုင်ကယ်ပေါ်မှာ ပြုတ်ကျသွားရင်ဖြင့် အခက်။ ခွေးပုပုလေးက တစ်ချက်ကလေးမှ မလှုပ်ပေ။





ဒါကြောင့်လည်း သူက ဆိုင်ကယ်ကို ဖြည်းဖြည်းချင်းပဲ မောင်းလာခဲ့တာဖြစ်လိမ့်မည်။

ဘယ်လိုပုဂ္ဂိုလ်လေးနှင့် ဘယ်လိုခွေးလေးပါလိမ့်။

တရွေ့ရွေ့ဝေးကာ လမ်းကွေ့ထဲပျောက်ကွယ်သွားသော ဆိုင်ကယ်ကို မျက်စိတဆုံးငေးကြည့်ရင်း ထွေး နှုတ်ခမ်းတွေ ကွေးညွတ်စွာ ပြုံးနေမိပါသည်။

ဆိုင်ကယ်စီးတတ်သော ခွေးလေးကို အံ့သြမိသည်။ ထို့ထက်ပို၍ အဲဒီလို လေ့ကျင့်ပေးထားသော သခင်လေးကို ပိုအံ့သြပါသည်။

သူ့ကျောနောက်မှာ ပုကပ်ကာ ပြုတ်ကျမသွားအောင် တစ်စက်ကလေးမှ မလှုပ်ဘဲ အကြာကြီးနေနိုင်တာ အံ့သြစရာပါပဲ။

"အဟင်း"

ထွေးလေး ကြည်နူးစွာရယ်သည်။ ရယ်ချင်စိတ်ကလေးက ရင်ထဲအရိုလို ဖြစ်လာတတ်တာပါ။ မြင်ကွင်းကလေး သူ့မစိတ်နှလုံးကို ညင်သာစွာ ဆွဲယောင်သွားနိုင်ပါသည်။

ခေါင်းခြောက်အောင် အဆန်းတကြယ်စဉ်းစားနေရသော ဓာ်ဒယ်ပွဲမြင်ကွင်းထက်ပင် လှပထူးဆန်းသေးတော့သည်။

ဆံပင်လေးတွေ သပ်တင်ကာ အဝတ်အစားလဲဖို့ အိမ်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ထဲ ပြန်ဝင်လာခဲ့သည်။ ခဏနားလိုက်မှပဲ ပင်ပန်းနွမ်းနယ်မှုက ပြေပျောက်သွားသည်။ စောစောကဆို ဂါဝန်ရှည်ကြီးပင် မလဲနိုင်အောင် လူက ပုံကျချင်နေသည်။ စိတ်ကျဉ်းကြပ်မှုဒဏ်ကို သူမ ခံစားလိုက်ရတာပါ။

နောက်ဆိုရင်တော့ ဘယ်လိုနာမည်ကြီးနင့်ပဲ တွဲရတွဲရ စိတ်မလှုပ်ရှားမိအောင် အတတ်နိုင်ဆုံးထိန်းရပါမည်။

ထွေး ကိုယ့်ကိုကိုယ် ပြင်ဆင်နေမိသည်။



"ဝဏ္ဏမင်းဒင်"က ဆိုင်ကယ်ကို ခြံတံခါးရှေ့ ထိုးရပ်ကာ ဟွန်းတီးလိုက်သည်။

"ဟော့ကောင် လပ်ကီး၊ ဆင်းတော့လေ"

သည်ကောင်ကလည်း လူပါး။ အဟဲ ခွေးပါး ခြံထဲမရောက်မချင်း မဆင်းသေးဘဲ ငြိမ်ကုပ်ထိုင်နေသည်။ ခြံရှေ့ရောက်တာပင် မဆင်းသေး။

ဝဏ္ဏမင်းဒင်က ဆိုင်ကယ်ကို ခြံထဲမောင်းလာခဲ့ကာ ပိုဒေါင်ရှေ့မှာ ရပ်သည်။ လက်ကီးက ခုမှပဲ အသာကလေး ခုန်ချဆင်းကာ တလှုပ်လှုပ်နှင့် အိမ်ဘက်လျှောက်သွား၏။

"အစုတ်ပလုတ်ကောင် ချိုက်တင်ချည်းပဲ"

သူက ခွေးပုလေးကို ချစ်စနိုးပြောကာန်ချင်စိတ်ပေါက်သွား၏။ ချက်ချင်းပဲ လပ်ကီးနောက် ပြေးလိုက်သွား၏။ လပ်ကီးက တစ်ချက်လှည့်ကြည့်ကာ အမြီးဖွာဖွာကို ကော့နေအောင်ထောင်ပြီး



www.burmeseclassic.com

www.burmeseclassic.com



နားရွက်နှစ်ဖက်နောက်ကိုပစ်ကာ တချီးတည်းလစ်တော့သည်။

သူတို့ ဝရွှာခင်းဒင် အသည်းယားသွားပြီဆိုတော့ သိပြီး ထွတ်အောင်ရှောင်တော့တာ။ သည်ကောင် လုစ်နေအောင် ပါး သည်။

မစိတော့မည့်အတူတူ သူက ခြေလှမ်းတွေ ရပ်ပစ်လိုက် ပါသည်။ ဂါဝန်ရှည်ဖားဖားကြီးနှင့် ကောင်မလေးကို မျက်လုံးထဲ ပြန်မြင်ယောင်လာသည်။ သူတို့လမ်းထဲမှာ မော်ဒယ်အချောင်စီ တစ်ခုလာဖွင့်ထားတာကြာပါပြီ။ အကတိုက်နေကြတာ ကြိုတင် လေ့ကျင့်နေကြတာ အမြဲမြင်ရကြားရပါသည်။ လှတပတ ကောင် မလေးတွေနှင့် လမ်းမှာလည်း အမြဲကြုံရပါသည်။ တစ်ခါမှ ခုလို ဂရုတစိုက် သတိပြုမိသွားတာမျိုး မရှိခဲ့ပါ။ သည်နေ့မှ ထူးဆန်းမှု တစ်ခုဖြစ်လာသည်။

ကောင်မလေးကလည်း သူ့ကို အထူးအဆန်းသဖွယ် ငေး ကြည့်၏။ သူ့ကို ထူးဆန်းတာ မဖြစ်နိုင်ပါ။ လပ်ကီးကို ထူးဆန်း သွားတာ၊ လပ်ကီးကို ပြေးပြီးတော့တောင် ကြည့်လိုက်သေးသည်။

သည်တစ်ခါတော့ လပ်ကီးကို သူ မနာလိုစိတ် ဝင်မိပါ သည်။ သည်ကောင်စွံပုံများက မော်ဒယ်ချောချောလေးက အငမ်း မရ ပြေထွက်ကြည့်ရသည့်အထိပါ။ ဘယ်လောက်စွဲဆောင်အား





ကောင်းသလဲ။

ဆံပင်ပျော့ဆင်းဆင်းများကို တစ်ချက်ရမ်းကာ သူ ရယ်မိ ပါသည်။ ရင်ထဲမှာ ပျော်ချင်ချင်။ အဲဒီကောင်မလေးကို နောက် တစ်ခါလောက် ထပ်ဆုံချင်ပါသေးသည်။ ဆန္ဒတစ်ခု ရင်ထဲရောက် လာ၏။



www.burmeseclassic.com

www.burmeseclassic.com

မော်ဒယ်အေဂျင်စီမှ မမသနုံကအစီအစဥ်အားလုံးကို ထွေး လေးအား ပြောပြနေသည်။ တကယ်တမ်းကျတော့ သည်လုပ်ငန်း မှာ အမြတ်အစွန်းမကျန်တာ အတွင်းသိ၊ အဆင်းသိ ထွေးလေးတို့ ခဲ့ သိပါသည်။ မမသနုံကလည်း ဝါသနာပါလို့သာ သင်တန်းကို ဖွင့်ထားတာပါ။ ပြီးတော့ ထိုလုပ်ငန်းက ပိုက်ဆံကိုလည်း မျှော် လင့်စရာမလိုသော အနေအထား။ တခြားလုပ်ငန်းတွေက ပိုက်ဆံ ဝင်နေ၍လည်းဖြစ်သည်။ ပြဿနာကလည်း အသေးလေးက အကြီးကြီးအဆုံး မျိုးစုံကြုံရတတ်ပါသည်။ မော်ဒယ်ကောင်မလေး တွေကလည်း အများကြီးမို့ တစ်ခါတလေ လိုက်ပြီးဖြေရှင်းပေးရ တာမျိုးရှိပါသည်။ ပွဲလုပ်ချင်သော ကုမ္ပဏီတွေကလည်း တစ်ခါ တလေ သူတို့ဖြစ်ချင်တာပဲသိသည်။ တစ်ဖက်က အဆင်မပြေမှု များကို ထည့်မတွေးတတ်ပေ။

မမသနုံကတော့ အဖက်ဖက်က ထောင့်စုံအောင် တွေးရ



www.burmeseclassic.com

www.burmeseclassic.com



ပါသည်။ သူများပြောစရာမလိုအောင်လည်း သတိထားရသည်။ အဝတ်အစားက အစပါ။

"မမသန့် ဆွဲထားတဲ့ အစီအစဉ်ဘယ်လိုလဲ"

"မဆိုးပါဘူး"

"ထွေးလေးရော ဘယ်လိုလုပ်ချင်သလဲ၊ ပြောလေ"

"ခဏနော်မမ ထွေး စဉ်းစားဦးမယ်"

မမသန့်က အားလုံးထဲမှာ ထွေးကိုချစ်သည်။ ထွေးနှင့်ဆို ညီအစ်မတွေလိုပါ။ တရင်းတနှီးနှင့်အမြဲ အကြံဉာဏ်ယူတတ်ပါသည်။

"သဇင်တို့ အဖွဲ့ရဲ့အကကို နောက်ဖက်ပို့ရင် ကောင်းမလားမသိဘူး"

"ဘာလို့လဲထွေးရဲ့ ရှေ့မှာဆိုတော့ ပရိသတ် မြူးပြီး စိတ်ပါသွားအောင်လေ၊ အဖွဲ့လိုက်အကဆိုတော့ ဆွဲအားရှိတယ်"

"ဟင် အဲဒီလိုဆိုရင် နောက်ပိုင်းက အေးစက်စက် ဖြစ်သွားမှာပေါ့၊ နောက်မှာ တစ်ခုခုထပ်ရှိရင်လည်း တစ်မျိုးပေါ့"

"အင်း ဒါလည်းဟုတ်သားပဲ"

ပရိသတ်ကို မဆွဲဆောင်နိုင်မှာကို အဓိက စိုးရိမ်နေပါသည်။ တစ်ပွဲဆိုတစ်ပွဲ လက်မှတ်ကြေးက မြင့်သည်။ နှင့်နေအောင်





ပေးပြီး ကြည့်ရတာမို့လည်း ပိုပြီး တန်စေချင်သည်။ ကြည့်ရကျိုးနပ်စေချင်ပါသည်။ အဲဒီလို စေတနာကြောင့်လည်း အမြတ်အစွန်းလျော့နည်းတာပါ။ မမသန့်အိမ်ကဆို မမသန့်ကို အမြဲအပြစ်တင်တတ်ပါသည်။ အပင်ပန်းခံ၊ အချိန်ပေးပြီး ဘာမှမကျန်သော လုပ်ငန်းကို ပြောင်မြောက်စွာ ရဲရဲဝံ့ဝံ့လုပ်နေသူ မဟုတ်လား။ ဘယ်လောက် ခြေကုန်လက်ပန်းကျမလဲ မသိပါ။

"ဟိုအဆိုတော်နဲ့ ပုလဲတို့အဖွဲ့ကို နောက်ပို့လိုက်ရင်ရော"

အစီအစဉ်ကို ကောင်းသထက်ကောင်းအောင် မညည်းငြူရအောင်၊ မပျင်းရအောင်၊ ကြိုးစားရေးဆွဲနေကြတာပါ။

"ကဲ ကဲ ကော်ဖီသောက်၊ အခု(.....)စီးကရက်ကုမ္ပဏီက လာလိမ့်မယ်၊ ရှေ့လထဲမှာ နောက်ထပ်တစ်ပွဲကို စပွန်ဆာလုပ်မယ်နဲ့ တူတယ်၊ မမသန့် ဆင်းစည့်ခံရင်း ဆွေးပါ လိုက်ခဲ့မယ်၊ ဒီကိစ္စကို နေ့လယ်မှ ပြန်ဆွေးနွေးရအောင်"

ထွေးလေးက ဆတ်ခနဲ ခေါင်းညိတ်ပြီး စားပွဲပေါ်က ကော်ဖီပန်းကန်ကို ဆွဲယူလိုက်ပါသည်။ မနက်အစောကြီးကတည်းက မမသန့် ဖုန်းဆက်ခေါ်တာမို့ ရောက်လာခဲ့ရသည်။ နံနက်စာပင် မစားခဲ့ရသေး။ ခုမှပဲ သတိရသည်။

ကိတ်မုန့် ပန်းကန်ထဲက ကိတ်မုန့်တစ်ချပ်ကို ဆွဲယူလိုက်



www.burmeseclassic.com

www.burmeseclassic.com



၏။ ရုံးခန်းလေးက အိမ်ကြီး၏အပေါ်ထပ် ထောင့်တစ်ဖက်မှာမို့ သီးသန့်လေးဖြစ်ကာ နေရတာလွတ်လပ်ပါသည်။ ပြတင်းပေါက်ဆီသွားရပ်ကာ လိုက်ကာပန်းရောင်လေးကို ဖောက်ထွင်းပြီး အပြင်ကို ကြည့်မိ၏။ လက်ထဲက ကီတ်မုန့်ကုန်သွားမှ လိုက်ကာကို ဆွဲဖယ်လျက် ပြတင်းပေါက်ဘောင်ကိုမှီပြီး ကော်ဖီခွက်နှင့် ရပ်နေမိသည်။

လမ်းဘက်ကို လှမ်းကြည့်မိရင်းက ထူးဆန်းသော လူကလေးနှင့် ထူးဆန်းသော ခွေးကလေးကို သတိရမိလိုက်ပါသည်။

ဟိုတစ်နေ့တုန်းကလို မျက်စိရှေ့ရောက်လာစေချင်မိသည်။

စကားဝါပန်းနံ့များက ထွေးလေးနှာဝကို အလုအယက်ဝင်ရောက်နေရာယူလာကြလေ၏။

အားပါးတရ ရှူရှိုက်ပေမယ့် ရင်ထဲမှာ ကျေနပ်မသွား ထပ်ကာထပ်ကာ မွှေးရှိုက်နေမိပါသည်။

သည်စကားဝါပင် အုပ်ဆိုင်းဆိုင်းကြီးကို ထွေးလေး သိပ်ကြိုက်ပါသည်။ ထိုအိလွန်းသော စကားဝါပန်း၏ ရနံ့ပြင်းပြင်းတို့လည်း ထွေးလေးက အလွန်နှစ်သက်ပါသည်။

"ဟင်"

ကျောပိုးအိတ်အနက်ကလေးလွယ်ကာ ဂျင်းဘောင်းဘီ





အပြာရောင်လေးနှင့် ငိုက်စိုက်စိုက်လျှောက်လာသော သဏ္ဍာန်လေးကို ထွေးက ချက်ချင်းမှတ်မိပါသည်။

ဟိုတစ်နေ့က ဆိုင်ကယ်ပေါ် ခွေးပုလေးတင်စီးသွားသော ထူးထူးဆန်းဆန်းပုဂ္ဂိုလ်လေး။ သည်နေ့တော့ တစ်ယောက်တည်း လမ်းလျှောက်လာသည်။

ခပ်မတ်မတ်လျှောက်လာနေသော သဏ္ဍာန်က သက်တောင့်သက်သာပါပဲ။ နှုတ်ခမ်းလေးတလှုပ်လှုပ်နှင့် သီချင်းဆိုနေတာလား မသိပါ။

ဖြည်းသော၊ နေးသော ခြေလှမ်းများက လမ်းထိပ်ကို ဦးတည်နေကြ၏။

ရုတ်တရက် ထွေးလေးက ဘာလုပ်ရမှန်းမသိဖြစ်သွားသည်။ ထွေးလေးကို သူက မမြင်သေးပါ။ မြင်ဖို့လည်း သိပ်မလွယ်ကူ။ ညိုညိုပျော့ပျော့ဆံပင်ဖွာစင်းများက သူ့မျက်နှာဘေးတစ်ခြမ်းကို ဖုံးကွယ်ထားသည်။

ချက်ချင်းပဲ ပြေးသွားကာ ဆံပင်ပျော့ပျော့လေးများကို ဆွဲဖယ်ပြီး သူမဘက် လှည့်ကြည့်စေချင်သည့်ဆန္ဒက အပြင်းအထန်ပေါ်ပေါက်လာ၏။

ထွေးတို့ ခြံရှေ့အရောက်မှာ သူ့ခြေလှမ်းတွေ ရုတ်တရက်



www.burmeseclassic.com

www.burmeseclassic.com



ရပ်တန့်သွား၏။ တဲ့ကနဲရပ်သွားတာ၊ ခိုင်လုံသော အကြောင်းတစ်ခုက သူ့ခြေလှမ်းကို ရပ်တန့်စေသည်။

ပခုံးမှာ လွယ်ထားသော ကျောပိုးအိတ်အမဲကို ရှေ့ယူလိုက်ပြီး ကျောပိုးအိတ်ထဲ လက်နှိုက်ထည့်ကာ တစ်ခုယူလိုက်သည်။

"အဟင်း မြင်ရရင် အဆန်းချည်းပဲ"

ထွေးလေး တီးတိုးရေရွတ်မိသည်။

သူ့လက်ထဲပါလာတာက စီဒီအမ်အေတယ်လီဖုန်း။ တချို့က 'ခြင်းဖုန်း' ဟုခေါ်ကြပါသည်။ ဆွဲခြင်းလေးထဲထည့်ထားလို့သာ ခြင်းဖုန်းဟု ခေါ်တာပါ။

ဖုန်းမြည်သံကြောင့် ခဏရပ်ပြီး ထူးလိုက်ပုံရသည်။

ထွေးလေး နှုတ်ခမ်းတွေပြုံးသွား၏။ တယ်လီဖုန်းကို ကျောပိုးအိတ်ထဲထည့်ယူရတယ်လို့ပဲ။

သည်ပုဂ္ဂိုလ်လေးကို မြင်လိုက်ရမှဖြင့် အဆန်းတကြယ်နှစ်ခါစလုံးထွေးစိတ်ကို ဖမ်းစားဆွဲဆောင်နိုင်ပါသည်။ စိတ်ဝင်တစားမကြည့်မိဘဲ မနေနိုင်ပါ။ ကျောပိုးအိတ်ကို တစ်ဖက်ကဆွဲ တစ်ဖက်က ဖုန်းပြောရင်း ဆက်လျှောက်သွားသော သူ့ကို မျက်စိတစ်ဆုံးလိုက်ငေးနေမိပါသည်။

ဘယ်လိုလေးမှန်းလည်း မသိဘူး။





ထွေးကို လှုပ်ခပ်နိုင်စွမ်းသော ပုဂ္ဂိုလ်လေးပါ။ ထွေးသူ့ကို မေ့၍ ရမည်မထင်တော့ပါ။ မှတ်မှတ်ရရဖြစ်သွားရပါပြီ။

"ထွေး"

"ရှင်"

မမှသန့်က လှမ်းခေါ်နေပြီမို့ လက်ထဲက ကော်ဖီခွက်ကို ကပျာကယာမော့ချရသည်။ ထွေးအဖြစ်ကို ထွေးကိုယ်တိုင် ရယ်ချင်သည်။

ထွေးဆိုတဲ့ ကောင်မလေးကလည်း မော်ဒယ်တစ်ယောက်ပါ။ ယောကျ်ားလေးသူငယ်ချင်းတွေလည်း ရှိတာပါပဲ။ သူ့ကိုမှဘာလို့ တဖျတ်ဖျတ် လှုပ်ခတ်အောင်ဖြစ်သွားရတာလဲ။

အမှန်ကို ဝန်ခံရလျှင် ထွေး သူနှင့်သိကျွမ်းချင်မိတော့သည်။

ထွေးအမြင်မှာတော့ သူက တခြားကောင်လေးတွေနှင့်တို မတူ။ ထူးကဲနေလေသည်။

ထွေးကို ကားမောင်းပို့သော မမကြီးက တစ်လမ်းလုံးပွစိပွစိဆူငေါက်လာ၏။

သည်နေ့ ဖက်ရှင်ရှိုးရှိတာမို့ မမကြီးဆေးရုံသွားသောတားနှင့်ထွေးက လမ်းကြုံလိုက်လာတာပါ။



www.burmeseclassic.com

www.burmeseclassic.com



မမကြီးက ရှုပ်ရှုပ်ယှက်ယှက်ဟု သိပ်မပို့ပေးချင်ပါ။

"ထွေး မြန်မြန်လုပ်စမ်း၊ နောက်ကျနေပြီ""ဟု လှမ်းအော်နေသေးသည်။ အင်း ထွေးကလည်းထွေးပါပဲ။ မမသန့်တို့ကို ဝင်ကြိုခိုင်းရင် အရသာနဲ့ ကမန်းကတမ်းယူစရာရှိတာတွေယူပြီး မမကြီးဆီ ပြေးလာရသည်။

"ဘယ်ကို ပို့ရမှာလဲ"

ဖက်ရှင်ရှိုးလုပ်မည့်ဟိုတယ်သို့သာ ထွေးလေးက လိုက်ပို့ခိုင်းလိုက်ပါသည်။ ဟိုရောက်မှပဲ ပြင်ဆင်မှုကို လုပ်ရတော့မည်။ မိတ်ကပ်ဆရာကလည်း အဲဒီမှာပဲ ရှိနေတာမို့ တော်သေးသည်။

"ဒါတွေပဲ လုပ်နေတော့မှာလား ထွေးလေး"

မမကြီးက နားကြပ်နှင့် ဂျူတီကုတ်ကို ကားနောက်ခန်းထဲပစ်ထည့်ကာ ထွေးလေးထိုင်ဖို့ခုံကို ရှင်းပေးရင်းက မေး၏။

ထွေးက မမကြီးဘေးမှာ ဝင်ထိုင်သည်။

"ထွေးက ဝါသနာပါလို့ပါ မမကြီးရဲ့"

မမကြီးက နှာခေါင်းရှုံ့ပြီး ခေါင်းခါသည်။

"မမက ညီမလေးကို အလုပ်ဝင်စေချင်ပြီ"

"အင်းပါ မမကြီးရယ်"

ထွေးလေးက စင်ပေါ်တက်ရမည့်အရေးတွေးကာ





စိတ်လှုပ်ရှားနေတာမို့ ဘာပြောပြော ခေါင်းညိတ်ထားလိုက်ပါသည်။ မမကြီးနှင့် အတိုက်အခံ အငြင်းအခုံမပြောချင်ပါ။ လောလောဆယ် 'အင်း'လိုက်တာ အကောင်းဆုံးပါ။

"အဓိပ္ပါယ်မရှိတာတွေ ဘာလို့လုပ်နေမှာလဲ"

မမကြီးက ထွေးကို မြင်လိုက်တာနှင့် ဒါပဲ ပြောတတ်ပါသည်။

"ကုမ္ပဏီတစ်ခုခုမှာ အလုပ်ဝင်လုပ်တာကမှ ဟုတ်ဦးမယ်"

ထွေးလေးက ငြိမ်သက်နားထောင်နေသည်။

"ပင်ပန်းပြီး အဓိပ္ပါယ်မရှိဘူး"

မမကြီးနှင့် ထွေးလေး အမြင်ချင်းမတူပါ။ ဝါသနာချင်းလည်းမတူ။ ထွေးလေး လုပ်နေသမျှကို မမကြီးတို့က ဘယ်တော့မှ အားပေးနားလည်မှာ မဟုတ်ပါ။ ကန့်ကွက်တားဆီးဖို့ပဲ ကြိုးစားနေသည်။

"ပြောလို့မရတာ စိတ်အပျက်ဆုံးပဲ"

ထွေးလေးက သူမပြောသလို နှုတ်ခမ်းလေးစေ့ကာ နားထောင်နေပါသည်။ ပြန်မပြောနားမထောင်ဟာလေး။ ကတိကိုလည်း 'အင်းပါ အင်းပါ'ဟု ပြီးစလွယ်ပေးထားတတ်ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ဝါသနာကို ခုချိန်ထိ တစ်လှမ်းမှနောက်မဆုတ်တော့ဘဲ အရှိန်အဟုန်နှင့် ရှေ့ဆက်လို့သာနေသည်။ ဖေဖေကလည်း ထွေးလေးကို စောင့်ကြည့်အကဲခတ်နေသည်။ ဘယ်တော့များမှ သည်အလုပ်ကို စိတ်ပျက်နောက်ဆုတ်မလဲ မသိပါ။ တစ်အိမ်လုံးမှာ ထွေးလေးကျမှ အနုပညာဗီဇပါလာကာ ပြောမရဆိုမရနှင့် ခွတ်တိုးနေသည်။

ညီမနှစ်ယောက်မှာ ရတနာသန့်က သူမနှင့်တူပြီး ရတနာမေကတော့ ပုံစံကွဲထွက်ကာ တစ်မျိုးဖြစ်နေသည်။

မလတ်က ဘယ်ကိစ္စမဆို သူမနှင့် ညှိလို့ရသည်။ အပေးအယူတည့်သည်။ အငယ်မထွေးသာ စိတ်ထင်တိုင်းလုပ်တတ်တာ။

"မလတ်ကလည်း ထွေးကို ပြောဖော်မရဘူး"

မမကြီး မလတ်ဖက်လှည့်သွားပြန်သည်။ ထွေးကိုပြောမရသောအခါ ဒေါသက မလတ်ဆီ ပုံကျသွား၏။

"မလတ်က ပြောပါတယ်။ ဒီတစ်နှစ်ပဲ လုပ်တော့တဲ့"

"ထွေးလေးအသံက မပွင့်တပွင့်ရှိသေးတယ်။ မနှစ်တုန်းကလည်း ဒီတစ်နှစ်ပါပဲလို့ ပြောခဲ့တာပဲ မဟုတ်လား။ ခုလဲလာပြန်ပြီ ဒီတစ်နှစ်။ နောင်နှစ်ကျရင်လည်း ဒီတစ်နှစ်ပဲလို့ ပြောဦးမှာလား"

မမကြီးအသံက ဒေါသနှင့် မြင့်တက်ကျယ်လောင်လာ





သည်မို့ ထွေးလေးက ဇက်ကလေးပုပြီး ငြိမ်နေလိုက်ပါသည်။

"ကိုအောင်ညီမလေးဆို ထွေးနဲ့ရွယ်တူပဲ၊ ဘယ်လောက်တောင် ကောင်းသလဲ"

မမကြီးက သူ့သူငယ်ချင်းညီမနှင့် ခိုင်းနှိုင်းပြောလာပြန်သည်။

"ထွေးလေးက အင်္ဂလိပ်စပီကင်လည်း ကောင်းသားပဲ၊ အခုဖွင့်တဲ့ကျောင်းလေးတွေမှာ ဝင်လုပ်လည်းမဆိုးဘူး"

ထွေးလေးက နှုတ်ခမ်းချွန်ကာ ပင့်သက်ရှိုက်သည်။

မမကြီးနှင့် ကားကြုံလိုက်လာတာ မှားပါပြီကွယ်။

ကိုယ်လေးတစ်ချက်ဆန့်ကာ နားညည်းသလိုလုပ်မိသည်။

"ပြောလိုက်ရင် လိမ်တွန့်နေတာပဲ၊ နားမထောင်ဘူး၊ ခက်တယ်"

မမကြီးက ပွည့်ပွည့်လုပ်တာက ထွေးအဖို့ ရိုးအိနေပါပြီ။

"ကဲ ရောက်ပြီ၊ ကြွ ကြွ အဲဒါတွေပဲလုပ်"

ထွေးက ဝမ်းသားအားရ ကားပေါ်ကဆင်းသည်။ ပြီးတော့ နောက်ဆုံးတံခါးဖွင့်ကာ ကျောပိုးအိတ်ဆွဲယူသည်။

"မမကြီး တာ့တာ"

ခြေစုံလေးရပ်ကာ လက်ပြသည်မို့ မမကြီးက မပြုံး



www.burmeseclassic.com

www.burmeseclassic.com



မလင် မျက်နှာထားနှင့် လက်တစ်ဖက်ထောင်ပြနှုတ်ဆက်လေသည်။ ကားလေးက အရှိန်နှင့်မောင်းထွက်သွားတော့သည်။

ထွေးလေးက ညင်ညင်သာသာလျှောက်လာရင်း တစ်ယောက်တည်းရယ်နေမိ၏။

လက်လျှော့လိုက်ပါ မမကြီးရယ်။

တားမနေပါနဲ့တော့ ထွေးက အောင်မြင်ကျော်ကြားတဲ့ မော်ဒယ်တစ်ယောက်ဖြစ်ဖို့ဆိုတဲ့ တစ်ခုတည်းသော ရည်ရွယ်ချက်ရှိသူပါ။ ဘယ်တော့မှ ဘာကြောင့်မှ နောက်မဆုတ်တော့ဘူး သိလား။

ထွေးရင်ထဲမှာတော့ သေချာနေပါသည်။



"ဟင်"

ခေါင်းငုံ့လျှောက်လာနေရာမှ တစ်ချက်မော့မိသောအခါ မျက်နှာချင်းဆိုင်မှ လျှောက်လာနေသော လူတစ်ယောက်ကိုမြင်သည်။

မျက်လုံးနှင့်ကပ်နေသော မျက်မှန်အမည်းကြောင့် ဖြူသော အသားကို ပေါ်လွင်နေသော်လည်း ဆံပင်ညိုညိုစင်းစင်းများကို ခုတ်ကနဲရင်ခုန်ကာ မှတ်မိလိုက်ပါသည်။ နှစ်ခါမြင်ဖူးပေမယ့် စွဲနှစ်နေအောင် သိကျွမ်းနေသည်။

ရဲရဲစိုစိုနှုတ်ခမ်းများက ပြုံးယောင်သန်းနေသည်။ ထွေးကို ပြုံးပြနေတာများလား။ သူ့ခြေလှမ်းပြေက ထွေးဆီဦးတည်လာနေ တာတော့ အမှန်ပါပဲ။

"ဟယ်"

လက်ထဲမှာ ပွေ့ပိုက်ထားသော နှင်းဆီညိုညိုများကို ခုမှပဲ



www.burmeseclassic.com

www.burmeseclassic.com



ဘွားခနဲမြင်တွေ့ သတိပြုမိလေသည်။ စောစောတုန်းက ထူပူပြီး မမြင်ခဲ့ပါ။

တွေးရင်ထဲမှာ တလှပ်လှပ်အေးစိမ့်လာသည်။ မျက်လုံးလေးပြူးထွက်လျက် မျက်တောင်ခတ်မို့ပင် မေ့လျော့ကာ နေမိသည့်အဖြစ်ရယ်။

တဖြည်းဖြည်းနီးကပ်လာသော အနေအထားမို့ ယောင်ယမ်းကာ နောက်ကိုတစ်ချက်ငဲ့ကြည့်မိပါသည်။ နောက်မှ ဘယ်သူများရှိလိမ့်မလဲဟု။ ဘယ်သူမှလည်း မရှိပါ။ ရှင်းလင်းနေလိုက်တာမှ လူရိပ်လူယောင်လုံးဝမရှိ။ မနက်စောစောမို့လည်း ပိုပြီးရှင်းနေတာဖြစ်လိမ့်မည်။

ဒါဆို ဒါဆို သူ ဘယ်ကိုလာနေတာလဲ။

တွေးရှေ့မှာ ခြေစုံရပ်လိုက်သောအခါ တွေးလက်ဖျားတွေ အေးစက်သွားရပြီး အသက်ရှူဖို့ပင် မေ့လျော့လျက် အသက်အောင့်ထားမိသည်။

မယုံနိုင်စွာ ငေးစိုက်ကြည့်နေမိသည်။

သူက နှင်းဆီညိုညိုများကို တွေးဆီလှမ်းပေး၏။ တွေးက အလိုက်သင့် လှမ်းယူလိုက်ပါသည်။

မော်ဒယ်ဘဝမှာ ပန်းစည်းလာပေးတာ ဘာများဆန်းသလဲ





ကွယ်။ အခါပေါင်းများစွာလည်း ကြုံဖူးပါသည်။

"ကျေးဇူး"ဟု နူးညံ့ချိုသာစွာ ပြန်ပြောတတ်ကျင့်ကလေးလည်း လျှာဖျားမှာ ရှိနေပါသည်။

သို့ပေမယ့် သည်တစ်ခါ နှုတ်ခမ်းတွေက လှုပ်မရစွာ တင်းစေ့နေကြသည်။ ဘယ်လိုဖြစ်ကုန်ပါလိမ့်။

သူ့မျက်လုံးတွေကို တစ်ချက်ကြည့်မိလျက် မျက်လွှာက အလိုအလျောက်ချမိလျက်သား။

အနေခက် ရှက်ရွံ့တာကို ပထမဆုံးအကြိမ် ကြုံဖူးသည်။

စိတ်ကျဉ်းကြပ်မှုလုံးဝမပါသော ရင်ခုန်သံနွေးနွေးက [illegible]ဆန်လာ၏။

တွေးတို့ပွဲကို သူက လာရောက်အားပေးသူလား။ တွေးသာမှာသိလို့ တမင်ကြိုစောင့်နေတာများလား။

ဘယ်နေရာလေးမဆို မမသန့်က တွေးပါမှကြိုက်တတ်သတော့ တွေးမှာ မနက်စောစောကတည်းက ထွက်လာရပါသည်။

သူကရော ဘာလို့ အစောကြီးရောက်နေရတာလဲ။

သည်ကို တကူးတကလာတာလား။

အလုပ်ကိစ္စနှင့်လား။



www.burmeseclassic.com

www.burmeseclassic.com



လမ်းကြို၍ ဝင်လာသလား။

တွေး ဘယ်လိုမှ မသိနိုင်။

ဝတ္ထုမင်းဒင်က ပန်းရောင်ပြေးနေသော ပါးပြင်မွတ်မွတ်ကလေးကို အတင့်ရဲလှစွာ ရှုးစိုက်ကြည့်နေမိသည်။

ထူးအိမ်သင်သီချင်းတစ်ပုဒ်ကို သွားသတိရလိုက်မိ၏။

"မျက်လုံးများနဲ့ နမ်းပါ" တဲ့။

သူက ရှက်စနိုးမျက်လွှာချနေသော ကောင်မလေးကို ကြည့်ကောင်းကောင်းနှင့် ကြည့်နေမိပါသည်။ ရင်ထဲမှာ အလိုအလျောက်ပျော်လာသည်။

သူသည်ကို တမင်လာခြင်းတော့မဟုတ်ပါ။ တိုက်ဆိုင်လှစွာ သူမနှင့်ဆုံတာပဲဖြစ်လေသည်။

သူ့မိတ်ဆွေ နိုင်ငံခြားသားနှစ်ဦးက သည်ဟိုတယ်မှာ ဘည်းခိုတာမို့ သူက မနက်စောစော လာရောက်တွေ့ဆုံခြင်းပါပဲ။

ဒီကိုရောက်မှပဲ လမ်းထဲက မော်ဒယ်အကျင်စီ၏ ဖက်ရှင်ရှိုးရှိတာသိရသောအခါ တစ်ခါတွေ့ဖူးသော ကောင်မလေး လာမှာပဲဟုတွေးပြီး နှင်းဆီတွေဝယ်ထားမိတာပါ။ အကယ်၍ မလာခဲ့ရင်လည်း ထိုနှင်းဆီများဖြင့် မေမေ့ကိုမျက်နှာလုပ်လိုက်မည်။ အရှုံးမရှိ၊ ဘယ်လောက်ကောင်းသလဲ။





သို့ပေမယ့် သူ့ကံက ကောင်းလွန်းပါသည်။ မျှော်လင့်နေသော ကောင်မလေးက ဘယ်လောက်မှ မစောင့်လိုက်ရဘဲနှင့် ရောက်လာ၏။

သူ အရမ်းပျော်သည်။ ကျေနပ်သည်။ သူ့အပြုံးတွေက လှိုက်လှဲနွေးထွေးနေ၏။ အဲဒီကောင်မလေးနှင့်သူ ရေစက်ရှိသည်ထင်ပါရဲ့။



www.burmeseclassic.com

www.burmeseclassic.com

"နားညည်းတယ်ကွာ နားညည်းလိုက်တာ ခေါင်းကို ကိုက်လာပြီ ဗိတ်ပါ၊ မင်းကက်ဆက်ကြီး ပိတ်ပါတော့"

အာကာမင်းခင်က ကျယ်လောင်စွာ အော်မိသည်။

"ဟ သီချင်းနားထောင်နေတာ"

"မင်း သီချင်းက ရန်ဖြစ်တာကျနေတာပဲ၊ ဆူညံလွန်း တယ်၊ အသံကိုနှိမ့်ပါကွ"

ဝဏ္ဏမင်းခင်က ကက်ဆက်အသံကို မဆိုသလောက် လျှော့သည်။

"ဟာ လျှော့စမ်းပါ"

အာကာမင်းခင်က ခြေသံပြင်းပြင်းလျှောက်လာပြီး သီချင်း သံကို တိုးပစ်သည်။

"ငါ အိပ်လို့မရဘူး"

"ဒါ အိပ်ချိန်လားကွ"



www.burmeseclassic.com

www.burmeseclassic.com



သည်းလွန်းတော့ ကြည့်မရဘဲ ဆိုမိသည်။

"ညီ ငါက ညကတော်တော်ညဥ့်နက်တာ မင်းမသိဘူးလား၊ အိပ်ရေးပျက်ထားတယ်"

"မသိဘူး"

ဘုဆတ်ဆတ်လုပ်ပစ်၏။

တီဗီကြည့်တော့လည်း နားညည်း၊ ကတ်ဆက်ဖွင့်တော့လည်း နားညည်း၊ ဂီတာတီးလည်း နားညည်းဦးမှာပဲ။ ကာရာအိုကေဆိုလည်း နားကညည်းဦးမှာပဲ။ ဘာသံလေးဖြစ်ဖြစ် ဆူညံသည်ပဲ ထင်နေတတ်တာခက်သည်။ ဘယ်လိုအကြောင်းကြောင်းမှန်းမသိ။

"ဘာလုပ်လုပ်နားညည်းနေတာပဲ၊ ဆူတယ်ပဲ အော်နေတာပဲ၊ ငါက ပုတီးစိတ်နေရမှာလားကွ၊ ဒီလောက်တောင်တိတ်ဆိတ်ခြောက်ကပ်တာကြိုက်ရင် ဇရပ်သွားနေကွာ၊ အိမ်မှာ အသံဆိုတာရှိတာပဲ"

ဝဏ္ဏမင်းဒင်လည်း သည်းမခံနိုင်တော့ဘဲ ပြန်အော်လိုက်၏။

"မင်းက နားညည်းစရာတွေချည်း ရွေးလုပ်နေတာကိုးကွ၊ စာအုပ်ဖတ်ပါလား၊ ကက်ဆက်နားထောင်ချင်လည်း ဝပ်ခ်မင်းနဲ့





(နားကြပ်ကက်ဆက်)နဲ့ နားထောင်ပေါ့၊ ဂီတာတီးချင်ရင် အလိုက်တသိ ခြံထဲဆင်းတီးပါလား၊ အလိုက်ကမ်းဆိုး မသိဘူး၊ သူများအိပ်နေမှန်း ဘာမှန်း နားမလည်ဘူး"

အာကာမင်းဒင်ကလည်း မလျှော့နိုင်ပါ။ သူက မှန်နေသည်ပဲ။

"ညည့်ခန်းမှာ ဖွင့်တာပဲ၊ ဒီလောက်လည်း မဆူပါဘူး"

"ဘာ မဆူဘူးဟုတ်လား၊ ဒါမှမဆူသေးရင် လော်စပီကာသာ ငါးဖွင့်တော့ညီ"

အာကာမင်းဒင်က ဒေါသဖြစ်လာပြီး ရွဲ့ပြောသည်။

"ညီ့နားထဲမှာ မဆူပါဘူး၊ ကိုကို့နားစည်မကောင်းတာပဲဖြစ်ရမယ်၊ နည်းနည်းလေး ဆူတာကိုတောင် မခံနိုင်ဘူး"

လုပ်ချလိုက်ပြန်ပြီ။ ညီတစ်ယောက်ကတော့။

အာကာ့မျက်နှာ တင်းထန်သွားရလေသည်။

ပြီးခဲ့သည့်တစ်လလောက်တုန်းကလည်း အက်ရှင်ဇာတ်လမ်းတစ်ခုကို အတူတူကြည့်မိကြတော့ ညီကမြင်ပြီး သူက မှန်ဝါးဝါးနဲ့ မသည်းကွဲတာမို့ အငြင်းအခုံဖြစ်ရကာ နောက်ဆုံးတော့ သူမျက်စိဆရာဝန်ဆီ ရောက်သွားခဲ့ရပါသည်။ ခုတစ်ခါ နားဆရာဝန်ဆီ လွှတ်ချင်ပြီထင်၏။



www.burmeseclassic.com

www.burmeseclassic.com



တော်တော်ဆိုးတဲ့ကောင် ကက်ဆက်သံဆူလွန်းလို့ ပြောမိတာနှင့်ပဲ နားစည်မကောင်းသလေး ဘာလေးနှင့်။

"ကိုကို နားဆရာဝန်နဲ့ ပြကြည့်"

"မင်းကိုပဲပြရမှာ မင်းနားက ပုံမှန်မဟုတ်ဘူး၊ ဆူလို့ဆူမှန်းမသိဘူး၊ မင်း နားစည်သာမကောင်းရင် မကောင်းမှာ"

သည်တစ်ကြိမ်တော့ ညီ့စကားကို သူချက်ချင်းပယ်ချသည်။ မတရားတွန်းပို့မှန်း ချောက်ချမှန်းသိပြီးသား။ တစ်ခါကြုံဖူးပြီမို့ ရှောင်တတ်သွားပါပြီ။

"အကောင်းပြောတာပါ ကိုကိုရဲ့"

"မင်းဘကြီး အကောင်းပြောပါလား"

အာကာမင်းဒင်ဒေါသတွေက တရှူးရှူးထွက်လာသည်။

"တော်ပြီ စေတနာ နားမဝင်ဘူး၊ ခေါင်းမာတယ်၊ စောစောစီးစီး စစ်ဆေးကြည့်တော့ ကုသချိန်စောတာပေါ့"

"မင်းကို အရင်ခေါ်သွားပြရမယ်"

အငြင်းအခုံဖြစ်နေသော သားနှစ်ယောက်ကို မေမေက အပြုံးနှင့်ကြည့်သည်။

"တောကြတော့ကွယ် လာပါ၊ ကော်ဖီသောက်ရအောင်"

"မေမေ့သားက တကယ်အိမ်ဆူတယ်၊ သူရှိရင် ညံနေတာပဲ"

အာကာမင်းဒင်က မျက်နှာကြီးရှုံ့မဲ့ကာ မေမေ့ကို တိုင်သည်။

"အိမ်ပဲကွ ဒီလောက်တော့ရှိမှာပေါ့၊ မဆူချင်ရင် ဇရပ်သွားပေါ့"

"သားလေးရယ် တော်တော့ဆို"

ဝဏ္ဏမင်းဒင်ကလည်း တစ်ခွန်းမခံပြန်ပြောနေသည်။

"ပြောရင်လည်း မေမေ့သားက နားမထောင်ဘူး"

"သားကြီး"

မေမေက အာကာမင်းဒင်ကို မကြိုက်လှသလို ကြည့်သည်။

"မေမေ့သား မေမေ့သားနဲ့ မင်းက ဘယ်သူ့သားလဲ အာကာမင်းဒင်ရဲ့"

မေမေက မကျေမနပ်နှင့် သူ့သားကြီးကို "အာကာမင်းဒင်"ဟု နာမည်အပြည့်အစုံခေါ်လေသည်။

"ဘာလဲ မင်းက မင်းဖေဖေသားလား၊ ဟုတ်လား"

"ဖေဖေ့သား"ဆိုသော စကားစုကို မေမေက လုံးဝသည်းမခံနိုင်ပါ။




ပြုံးပြုံး - စာပေ

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူးဗျာ ဒေါသဖြစ်လို့ပြောတာ"

"ဒေါသဖြစ်တာနဲ့ မင်းက မေမေ့သား၊ မေမေ့သား ဖြစ်ရရောလား၊ မင်းကိုလည်း ငါမွေးထားတာပါနော် အာကာမင်းခင်ရဲ့"

ဝဏ္ဏမင်းခင်က မေမေနှင့် ကိုကြီးကို ရယ်ဟဟကြည့်နေသည်။

"မေမေကလည်းဗျာ တစ်မျိုးပဲ"

"အောင်မယ် ဘာတစ်မျိုးလဲ"

"ဒီမှာ အာကာမင်းခင်ဆိုတာ မေမေ့သားမှန်း ဒေါ်ချိုချိုရဲ့သားအကြီးဆုံးဆိုတာ တစ်လောကလုံး သိတယ်"

အာကာမင်းခင်က စိတ်ရှုပ်ရှုပ်နှင့် အော်ပစ်လိုက်တော့သည်။

"တဆိတ်ရှိ မေမေ့သား၊ တဆိတ်ရှိမေမေ့သားနဲ့ ကြိုက်ကိုမကြိုက်ဘူး၊ ဒီစကားကြီး ထစ်ခနဲဆိုဒီစကားလုံးနဲ့ပဲ၊ ဆင်ခြင်နော် မေမေမကြိုက်ဘူး၊ ဟွန်း"

"ကျွတ်"

အာကာမင်းခင်က စိတ်ညစ်ညူးစွာနှင့် ရယ်ဟဟ လုပ်နေသော ညီကို ဘုကြည့်ကြည့်လိုက်၏။

ပြဿနာက သည်ကောင်စလာတာ။ မေမေဆူတော့ ဝမ်း





သာအားရဖြစ်နေပုံက လက်သီးနှင့် နာနာထိုးပစ်ချစ်စရာရုပ်ကြီး။

"ကြားတဲ့သူတွေက ဘယ်လိုထင်မလဲ၊ မင်းက ဘယ်မိန်းမရဲ့သားလဲ၊ မွေးစားသားလား၊ မေမေက ဘက်လိုက်ပြီး မင်းကို မတရားလုပ်လို့လား၊ ပြောစမ်း"

"ဟာဗျာ သေလိုက်ပါတော့"

အာကာမင်းခင်က မျက်နှာမကြည်မလင်နှင့် ကော်ဖီအပူကြီးကို ဓါတ်ဗူးထဲကငှဲ့ပြီး ချက်ချင်းမော့သောက်လိုက်၏။

"ဟဲ့ ဟဲ့ ဟဲ့ သြော်၊ ခုပဲဖျော်လာတဲ့ဟာ၊ အပူကြီး လျှာကျက်သွားပြီလား"

မေမေ့ဆီက စိုးရိမ်တကြီး ရေရွတ်သံထွက်လာလေသည်။

ဝဏ္ဏမင်းခင်က ရယ်ချင်စိတ်ကို မျိုချပစ်ရသည်။ ရယ်သံထွက်သွားလျှင် မေမေက နားရွက်ဆွဲလိမ်တော့မှာ သေချာသည်လေ။



www.burmeseclassic.com

www.burmeseclassic.com

ထွေးက နွားနို့ထဲကို ဂိုးရိုးစ်ကော်ဖီမစ်ကိုဖောက်ပြီး နည်းနည်းရောကာ ဇွန်းနှင့်မွှေနှောက်လိုက်၏။ ပြီးမှ ဘီစကစ်တစ်ချပ်ကို အဖျားကကိုင်ပြီး နို့ထဲကိုနှစ်သည်။ ရွှဲသွားကလေးနှင့် ပျော့သွားသော ဘီစကစ်ကို ဖွဖွကိုက်ကာ စုပ်စားလိုက်၏။ ဘီစကစ်ကို နွားနို့ထဲဖြစ်ဖြစ်၊ ကော်ဖီထဲဖြစ်ဖြစ်၊ လက်ဖက်ရည်ထဲဖြစ်ဖြစ် တို့စိမ်ပြီး စားရတာထွေးနှစ်ခြိုက်လှသည်။ တစ်ခါတလေဆို စတော်ဘယ်ရီဖျော်ရည် ဒါမှမဟုတ် လိမ္မော်ဖျော်ရည်တို့နှင့်ပင် တို့စိမ်နူးအိစေပြီး စားတတ်ပါသည်။

ထွေးက ဘီစကစ်ဆို အကုန်ကြိုက်သည်။ ချော့ကလက်ပါသော ဘီစကစ်တော်မျိုးသာ မကြိုက်တတ်တာ။ ဘီစကစ်ကို အကြားပဲကပ်ကပ်၊ ကရင်မ်ပဲ ကပ်ကပ်၊ အချိုပဲဖြစ်ဖြစ်၊ အစိမ့်ပဲဖြစ်ဖြစ်၊ အငန်ပဲဖြစ်ဖြစ် ဘီစကစ်ဆိုပြီးရော၊ ဗိုက်ဆာလျှင် ဘီစကစ်ရှာ ကျွေးနှပ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အရည်တစ်ခုပဲ သောက်ရလျှင် တစ်ခုခုလစ်ဟာနေသလို ဖါပဲ။ ဘီစကစ်မုန့်ပါမှ ပြည့်စုံသလိုထင်မိပါသည်။ ထောပတ်ဘီစကစ်လည်းကြိုက်သည်။ အုန်းသီးဘီစကစ်လည်းကြိုက်သည် ကြက်သားဘီစကစ်လည်း ကြိုက်သည်။ ဟောလစ်ဘီစကစ်လည်း ကြိုက်ပါသည်။ ဘီစကစ်ဆိုယူလာခဲ့ ထွေး ဘယ်တော့မှ မငြင်းတတ်ပါ။ ဘယ်သွားသွားဆာလျှင်စားဖို့ ဘီစကစ်မုန့်ထုပ် အမြဲဆောင်ထားသည်။ ကိတ်မုန့်တို့၊ ပေါင်မုန့်တို့ထက်ပို၍ ဘီစကစ်ကို အကြိုက်တွေ့ပါသည်။ ဘယ်တော့မှ ရိုးအီပြောင်းလဲမသွားနိုင်အောင် နှစ်မြို့က်လွန်းပါသည်။

သည်နေ့လည်း ထွေးက မနက်စောစော အပြင်သွားစရာရှိသည်မို့ ဖွယ်ဖွယ်ရာရာ ပြင်ဆင်ကျွေးမွေးသည့် မေမေ့နံနက်စာကို မိသားစုစုံစုံနှင့် စိတ်အေးလက်အေးစားသောက်ဖို့ အချိန်မပေးနိုင်လောက်အောင် ထွေး အရေးကြီးနေပါသည်။

"ဟဲ့ သမီးငယ် ထွေးလေး၊ စားပွဲမှာ ခုံထုတ်ထိုင်လေ၊ ကြည့်ရတာ မောလိုက်တာ၊ လောလိုက်တာကွယ် အေးအေးဆေးဆေးပေါ့"

"နောက်ကျနေပြီ၊ သမီး အိပ်ရာထနောက်ကျလို့ မေမေရဲ့"





"ဒီအတိုင်းပဲ၊ ဖြစ်လာရင် ဒီအတိုင်းပဲ"

မေမေက ထမင်းကြော်ဇယ်အိုးလေးကို လက်ကိုင်မှ အသာယူကာ မီးဖိုပေါ်ချပြီး ရေနွေးအိုးကိုူသည်။

ထွေးရှိရာ စားပွဲကိုရောက်လာပြီး မေမေက ခုံတစ်လုံးဆွဲထုတ်ကာ ထွေးကိုထိုင်စေပါသည်။

"ထမင်းကြော်ပူပူလေးရပြီး စားမလား သမီး"

"အင်း အင်း"

ထွေး ခေါင်းညိတ်မိခိုက်မှာပဲ စားပွဲအနားကို မေမေရောက်လာလေသည်။ မေမေ့မျက်နှာက ခါတိုင်းလောက် ရွှင်ရွှင်ပျပျမရှိလှဘဲ အနည်းငယ်တင်းမာသယောင်ယောင် ညှိုးရော်သယောင်ယောင်နှင့် တစ်မျိုးဖြစ်နေသည်။

မနက်အစောကြီး လမ်းလျှောက်ထွက်တတ်တာ မေမေ့အကျင့်တစ်ခုပါ။ မိုးလင်းတာနှင့် လမ်းလျှောက်ထွက်ရမှ။ တစ်နေ့မှ မပျက်တတ်သော မေမေ။ သည်နေ့မှ ဘာကြောင့်လမ်းလျှောက်မထွက်ဘဲ မျက်နှာမကြည်မလင်နှင့် ရှိနေသလဲမသိနိုင်။

ထွေးရင်ထဲ ထင့်ကနဲဖြစ်၏။ မိုးလင်းမိုးချုပ် မေမေနှင့်မျက်နှာချင်းမဆိုင်မိတာမို့ ထွေးကို မေမေ ဆူတော့မလားဟု ရှမိပါသည်။ ထွေးကလည်းထွေး။ ခုတလော သိပ်လွန်နေသည်ပြီလေ



www.burmeseclassic.com

www.burmeseclassic.com



အိမ်မှာ နေချိန်ဆိုတာမရှိသလောက်ပါ။ ဒါကြောင့် မေမေ အလို မကျဖွာ သုန်မှုန်နေရှာသလား။

"မကြီး လမ်းလျှောက်မသွားဘူးလား"

ထွေးက မရဲတရဲလေးမေးမိ၏။ မေမေက တစ်ချက်ပဲ လှမ်းကြည့်ပြီး ခေါင်းညိတ်သည်။ စကာတစ်ခွန်းမှမဆို။ ထွေး လည်းနောက်ထပ်စကားမဟရဲဘဲ ငြိမ်သက်နေလိုက်၏။ မေမေ ထည့်ပေးသော ထမင်းကြော်ကိုသာ ခေါင်းငုံ့စားနေလိုက်၏။

"အမေကြီး"

"ရှင် ဘာလဲ ကော်ဖီသောက်တော့မလား"

မေမေက ကပျာကယာ အနားရောက်လာ၏။

"အလတ်မရော နိုးပြီလား"

ဖေဖေ့မေးခွန်းကြောင့် ငုံ့နေသော ခေါင်းလေးပြန်မတ်သွား ရသူက ထွေး။ ဖေဖေ စိတ်ဆိုးနေတာ ထွေးကို မဟုတ်ပါလား အင်း ထူးဆန်းလိုက်တာ။ မမလတ်ကို ဖေဖေ ဘာလို့ခေါ်သဖြစ် ရတာပါလိမ့်နော်။

မမကြီးနှင့် မမလတ်က သိပ်လိမ္မာသည်။ ထွေးလိုတစ်ခါ မှ ပေကပ်ကပ် ပြန်မပြောနားမထောင်နှင့် စိတ်ပူအောင်မလုပ်တတ် ပေ။





ပြီးတော့ ဖေဖေက တော်ရုံတန်ရုံ သမီးတွေကို မခေါ်တတ် ခေါ်တတ်ပါ။ နားဝင်အောင်ပဲ ရှင်းပြတတ်သူပါ။

ထွေးက ဖေဖေ့ကို မသိမသာကြည့်၏။ ဖေဖေ စိတ်ဆိုး နေတာ သေချာလှ၏။

မမလတ် ဘာများမှားသလဲကွယ်။

ထွေးက ချက်ချင်းစဉ်းစားမိပါသည်။ တစ်နေ့တစ်နေ့ အိမ်မှာ တစ်နာရီနှစ်နာရီပင် ပြည့်အောင်မနေသော ထွေးက မမလတ် ဘာမှားသလဲဆိုတာ ဘယ်လိုမှ မသိနိုင်ပါ။ အိမ်မှာ အမြဲနေသော အမေပင် မသိသေးတာ။

"သမီးတို့ နိုးနေပါပြီ၊ ပြင်ဆင်နေကြပြီ"

မေမေက ဖေဖေ့ကို ချိုချိုသာသာ လှမ်းပြောပါသည်။ အမေကလည်း ဖေဖေ့မျက်နှာရိပ်မျက်နှာကဲကို စူးစမ်းနေပုံရလေ သည်။

မမကြီးက ဆေးရုံသွားရမှာ။ မမလတ်ကလည်း တရား ရုံးသွားရမှာမို့ မနက်မိုးလင်းတာနဲ့ ပြင်ဆင်နေကြပါပြီ။

"အလတ်မကို ခေါ်စမ်းသမီး"

"ဟုတ်"

ဖေဖေက ထွေးကို လှမ်းပြောပါသည်။ စားပွဲမှာထိုင်ပြီး



www.burmeseclassic.com

www.burmeseclassic.com



မုန့်မစားချင်တာ အဲဒါကြောင့်ပါ။ ကိစ္စတွေက တစ်ခုမဟုတ်တစ်ခု ပေါ်လာတတ်ပါသည်။ သည်နေ့တော့ ထွေးနောက်ကျတော့မည် ထင်ပါရဲ့။

ဘာမှ မတတ်နိုင်ပါ။ ဖေဖေက မျက်စိရှေ့မြင်နေတာမို့ မမလတ်ကို ခေါ်ခိုင်းပါပြီ။ ထွေးမငြင်းသာဘဲ ခုံကို နောက်တိုးရွေ့ကာ မတ်တပ်ရပ်လိုက်၏။

မမလတ် အခန်းရှိရာ လျှောက်လာသည်။ မမလတ်က သည်နေ့ဝတ်မည့် အင်္ကျီအမဲလေးကို ပြန့်သထက်ပြန့်အောင် မီးပူ တိုက်နေသည်။

"မမလတ်"

အခန်းဝမှာရပ်ပြီး အော်ခေါ်လိုက်သည်။

"လာလေ ထွေး"

"မလာတော့ဘူး ဖေဖေ ခေါ်နေတယ်"

ထွေးက လိုရင်းပြောမိပါသည်။ မမလတ်က ဆတ်ခနဲ ဖြစ်သွားပြီး မီးပူပလပ်ကို ဆွဲဖြုတ်လိုက်ပါသည်။ တစ်ခုခုကို ချက်ချင်းစဉ်းစားနားလည်လိုက်ပုံ မမလတ်က ရှေ့နေတစ်ဦးပဲလေ။ ဘာမှားသလဲ။ ဖေဖေ ဘာပြောမှာလဲဆိုတာ ဒက်ခ်ီနဲ့တွေးနိုင်လိုက် ပုံရလေသည်။ မမလတ် မျက်နှာပေါ်မှာ ဇဝေဇဝါ ငှငေါင်ငေါင်





နားမလည် ပါးမလည်ရိပ်ကို လုံးဝမတွေ့ရပေ။

"ဖေဖေ့ဆီကို အန်ကယ်စိုးတင့် ဖုန်းဆက်သလား မသိဘူး"

ထွေးကိုပဲ မေးသလိုလို သူ့ဟာသူပဲ ရေရွတ်သလိုလိုနှင့် နောက်တော့ ဆတ်ကနဲခေါင်းညိတ်သည်။ မမလတ် မျက်နှာမသိ သာပျက်သွား၏။ စိတ်ရှုပ်တွေးပြီး အကြပ်ရိုက်သွားပုံမျိုး ချက်ချင်းပဲ။

"ထွေး"

"ဟင်"

ထွေးက အခန်းဝမှာရပ်ပြီး မမလတ်ဆီက စကားကို စောင့်ယူနေပါသည်။

"မလတ် ရေချိုးနေတယ်လို့ လာခဲ့မယ်လို့၊ နော်"

ထွေးက ခေါင်းညိတ်ဖြစ်၏။ မမလတ် ကြိုတင်ပြင်ဆင်ဖို့အတွက် အချိန်ယူလိုက်တာပါပဲ။ ဖေဖေ့ဆီက ဘယ်လိုမေးခွန်းမျိုးမေးလာလျှင် ဘယ်လိုဖြေရမလဲဆိုတာ အချိန်ယူပြီး တွေးထားတော့မည်။ မမလတ်က ဖေဖေ့ကို ဘွားခနဲ ဗြုန်းစားကြီးရင်မဆိုင်ဘဲ အချိန်ခဏယူပြီးမှ စဉ်းစားပြီးမှ လိုက်လာမည့်ပုံ။ မမလတ်က ရှေ့နေပီပီ သိပ်ပါးနပ်သူပါ။



www.burmeseclassic.com

www.burmeseclassic.com



"ဖေကြီး မလတ် ရေချိုးပြီးရင် လာမယ်တဲ့"

"သြော် အေး၊ အေး"

ဖေဖေက ခေါင်းညိတ်ပြီး စိတ်ရှည်ရှည် ကော်ဖီသောက်ရင်းစောင့်သည်။ တစ်ခုခုကို တလေးတနက်စဉ်းစားပုံလည်းရလေသည်။

မမလတ်နှင့် ဖေဖေ့ကိုကြည့်ရတာ နှစ်ယောက်စလုံး လေးနက်နေကြသည်။ ဘယ်လိုကိစ္စပါလိမ့်။

ဖေဖေကလည်း နေ့စဉ်ဝတ္တရားမပျက် လမ်းလျှောက်ထွက်တာကိုပင် မသွားဘဲ မမလတ်ကိုတွေ့ဖို့ စိတ်စောနေသည်။ မမလတ်ကလည်း ဖေဖေခေါ်သည်ဟုဆိုတာနှင့် ချက်ချင်းပဲ သဘောပေါက်ကာ အချိန်ဆွဲလိုက်သည်။

ဖေဖေက လောအားကြီးနေသလောက် မမလတ်က နောက်ဆုတ်နိုင်သမျှ နောက်ဆုတ်နေသည်။ ပြဿနာတစ်ရပ်တကယ်ပင်ရှိနေပါပြီ။ မှားနေတာကလည်း မမလတ်ဖြစ်လိမ့်မည်။ မမလတ်က ရင်ဆိုင်ဖို့ အချိန်ယူပြင်ဆင်နေသည် မဟုတ်လား။

"ဘာဖြစ်လို့လဲ အဖေကြီးရဲ့"

မေမေက ဖေဖေ့ကို မေးပါသည်။ ဖေဖေက မေမေ့ကို တစ်ချက်ကြည့်သည်။ သိပ်ပြီး ကျေနပ်ပုံမရ။ မေမေ့ကိုပါ ဖေဖေ





စိတ်ဆိုးချင်ပုံရလေသည်။

"မနွေညက စိုးတင့်ငါ့ဆီဖုန်းဆက်တယ်ကွ"

ထွေးက သောက်လက်စနွားနို့ခွက်ကလေးကို စားပွဲပေါ် အသာချထားလိုက်ပါသည်။ မမလတ် စွေးလိုက်ရင်ကား ဒက်ထ ဝါပဲ တစ်စက်ကလေးမှ အမှားအယွင်းမရှိ။

"ဘာတဲ့လဲ၊ သမီးလတ်နဲ့ ဘယ်လိုပတ်သက်လို့လဲ"

"ငါလည်း သေချာသိချင်တာပဲ၊ သေသေချာချာ ရှင်းရှင်း လင်းလင်းသိရအောင် သမီးလတ်ကို မေးမလို့ကွ"

မေမေက စိုးရိမ်စိတ်နှင့် ရင်ဘတ်ကလေးဖိသည်။ ဖေဖေက မေမေ့ကိုမကြည့်ဘဲ တစ်ဖက်လှည့်နေ၏။ မမလတ်အကြောင်း ဘာတစ်ခုမှ သိထားပုံမပေါ်သော မေမေ့ကို ဖေဖေက အပြစ်တင်ချင်သလိုပါ။ နှုတ်က အပြစ်တင်စကားမဆိုသော်လည်း ဟန်ပန် အမူအရာက ထိုအဓိပ္ပါယ်မျိုးပေါ်လွင်နေပါသည်။

မေမေကတော့ အံ့အားသင့်စွာ စိုးရိမ်မကင်းစွာ ရှိနေသည်။ ဖေဖေ့ကို နောက်ထပ်ဘာမှ မမေးတော့ဘဲ မမလတ်ကိုသာ စောင့်နေလိုက်ဖို့ ဆုံးဖြတ်ဟန်နှင့်ရှိနေသည်။

ထွေးလည်း ဖေဖေနှင့်မေမေရှေ့မှာ ဘာရယ်မဟုတ် ဆက်ထိုင်နေမိသည်။ အလောတကြီးလုပ်လျှင် ဖေဖေ ထွေးကိုပါဆူဖို့



www.burmeseclassic.com

www.burmeseclassic.com



သတိရသွားနိုင်သည်။ ဘာတွေအရေးကြီးသလဲသမီးဟု မေးလာလျှင် အခက်ပါ။ အစကတည်းကမှ ဖေဖေ့မျက်နှာက မကြည်မလင်ရယ်။

စောင့်နေကြတာက မမလတ်၊ ရောက်လာသူက မမကြီး မမကြီးက ကော်ဖီဝိုင်းကို အရင်ရောက်ပါသည်။ ရှပ်အင်္ကျီလေးနှင့် ကျားလက်သည်းညှပ်ကလေးနှင့် ဆံပင်တွေအပေါ်တင်ထားသော မမကြီးက လန်းလန်းဆန်းဆန်းနှင့် ပြုံးနေ၏။

ခုံတစ်လုံးဆွဲထိုင်ပြီးမှ ဖေဖေ့ကို လှမ်းကြည့်ကာ 'ဟင်' ဟု ရေရွတ်သည်။ မေမေ့ကိုလည်း အသာကလေး ငဲ့ကြည့်သည်။

"ဖေကြီး Every morning walking exercise ဆို ဒီနေ့ မသွားဘူးလား၊ အဟင်း ဖေကြီး အိပ်ရာထနောက်ကျလို့လား"

ဖေဖေက သမီးကြီးကို မျက်လုံးထောင့်ကပ်ကြည့်ပြီး…

"အလတ်မကို မေးစရာရှိလို့ သမီးကြီး"မာမာထောင့်ထောင့်ကြီး ဆိုလေသည်။ မမကြီးက နားမလည်စွာနှင့် လှည့်ကြည့်ပြီး မျက်ခုံးပင့်ကာမေးလိုက်၏။ မေမေကလည်း ဘာမှမသိဘာမသိနှင့် မမကြီးကို ဘာမှ ပြန်မဖြေနိုင်။

ထွေးက အသာကလေးပြုံးနေမိပါသည်။ ဖေဖေ မမလတ်





ကို ဘာကြောင့်များ ခုလောက်တင်းမာအေါ်သဝင်နေပါလိမ့်ဟု သိချင်စိတ်ဝင်လာမိ၏။

မမကြီးကလည်း ဖေဖေ့ကို နောက်ထပ်စကားမဆိုတော့ဘဲ သွားနောက်လိုက်ကာ အခြေအနေကို စောင့်ကြည့်နေတော့သည်။

မမလတ်က တအောင့်ကြာမှ ကျော့ကျော့မော့မော့ကလေး လျှောက်လာ၏။ ခုနတုန်းကလို စိတ်ရှုပ်ထွေးမှုမျိုးမျက်နှာပေါ်မှာ မတွေ့ရတော့ဘဲ ကြည်ကြည်လင်လင် ပေါ့ပေါ့ပါးပါး သန်းဆန်းလို့ နေပါသည်။

"ဖေကြီး ခေါ်တယ်ဆို"

"အေး"

ဖေဖေက ခုထိ မျက်နှာမကြည်မသာသေး။ ဒေါသရိပ်သန်းနေသေးသည်။

"အန်ကယ်ဦးစိုးတင့်က ဖုန်းဆက်တဲ့ကိစ္စလား ဖေကြီး"

ဒက်ခနဲမှန်အောင် မေးချနိုင်သည်။ သွေးအေးစွာ ဖြေရှင်းဖို့ ပြင်ဆင်ထားနိုင်သည်။ မမလတ်က တကယ့်ကို ရှေ့နေမကြီးပီသပေ၏။

"အဲဒီကိစ္စဟုတ်ပါတယ်"

ကဲ မမလတ်ကတော့ ပြန်၍ပွင့်လင်းလိုက်ပါပြီ၊ မဝံ့ရဲ



www.burmeseclassic.com

www.burmeseclassic.com



တွန့်ဆုတ်နေးတုံ့ခြင်းကင်းစွာ။

"ဖေဖေတို့ကို သမီးလတ် အသိပေးသင့်တယ်"

"ဟုတ်ပါတယ် ဖေကြီး"

"သူများပြောမှ သိရတော့ ဘယ်ကောင်းပါ့မလဲ"

ဖေဖေခုမှ လေသံနည်းနည်းပျော့သွားသည်။ မမလတ် အမှန်အတိုင်း ဝန်ခံလိုက်ပြီးမဟုတ်လား။ ဖေဖေ တစ်ဝက်မက စိတ်အေးသွားသည်။ မေမေက ဟင်းချ၏။ မမလတ်ကို မျက်တောင်မခတ် လှမ်းကြည့်နေ၏။ ဘယ်အချိန်ကများ ချစ်သူရ သွားပါလိမ့်။ အိမ်မှာဆို ပွင့်လင်းရဲတင်းသော သမီးပါ။ ထက်ထက် မြက်မြက်နှင့် ဘာမဆို ပြောရဲဆိုရဲ အားကိုးရသူလေး။ သည်ကိစ္စ ကျမှ တိတ်တိတ်ကလေးမြုံကာ ဖုံးထားနိုင်သည်။ မိသားစုက မသိအောင်- ထိန်ချန်လျှို့ဝှက်ထားနိုင်သည်။ ဘာလေးပဲလုပ်လုပ် နှုတ်မလုံဘဲ အမေကို အသိပေးဖွင့်ဟတတ်သော အလတ်မက ဖုံးဖုံးဖိဖိလေး ချစ်သူရှာသည်ဆိုတော့ နဂိုကတည်းက မပွင့်တပွင့် အကြီးမနှင့် ဘယ်တော့ဖြစ်ဖြစ် အဖေအမေမသိအောင် ခိုးဝှက်ကြံ စည်တတ်သော အငယ်မအတွက် ရင်ပူသွားရလေသည်။

"သမီးက ဖေကြီးမေကြီးတို့ကိုပြောဖို့ စောသေးသလား လို့ပါ။ ခေါ်ပြီး မိတ်ဆက်ပေးဖို့၊ အသိပေးဖို့ လတ် ရည်ရွယ်ပါ





တယ်"

မညာသောစကားဆိုတာ ယုံပေမယ့် ကျေတော့မကျေနပ် ချင်။ မကျေနပ်ချင်ပေမယ့်လည်း ငြိမ်သက်ကျေနပ်လိုက်ရပါသည်။

မေမေက မမလတ်ကို မေးစရာတွေ အပုံအပင်ရှိသော် လည်း ဖေဖေရှိနေသေးတာမို့ မျိုသိပ်ထားလိုက်သည်။

ဖေဖေက မမလတ်ကို စကားတစ်ခွန်းပဲဆိုသည်။

"ခေါ်လာခဲ့"

ပြီးတော့ ဘာမှမဆိုတော့ဘဲ ထသွားသည်။

"လတ် ရှင် တော်တော်ပိရိပါလား၊ ဘယ်တုန်းက ရည်း စားထားလိုက်တာလဲ၊ ကျုပ် မသိလိုက်ပါလား"

လုံးလုံးထွေးထွေးနေသော မမကြီးက မကျေမနပ်ပြော၏။ ထွေးနှင့်သူတို့နှစ်ယောက်က မတူပါ။ သူတို့နှစ်ယောက်က ပိုပြီး ရင်းနှီးသည်။ တိုင်တိုင်ပင်ပင်ရှိ၏။ ထွေးကအငယ်ပီပီ သူတို့ နှစ်ယောက်နှင့်တစ်လုံးတည်းတစ်စည်းထဲ သိပ်မဖြစ်လှပါ။

မမကြီး၏အမေးစကားကို လတ်က အပြုံးနုနုကလေးဖြင့် ငြိမ်သက်နေသည်။ ခွန်းတုံ့မပြန်။ ရှိုမြိန်အံသက်ပါသော အပြုံးကို ထွေးက တအံ့တဩလေးငေးကြည့်နေမိ၏။ မမလတ်မျက်နှာလေး မှာ အပျော်နှင့်ကြည်နူးခြင်းကို တွေ့ရလေသည်။ ကလေးဆန်စွာ



www.burmeseclassic.com

www.burmeseclassic.com



ရှက်စနိုးလေးရှိနေပုံမှာ အလွန်တရာကြည့်ကောင်း၏။ မမလတ်ကို ခုလောက်ပျော်ရွှင်အောင် ပြုစားနိုင်သော ပုဂ္ဂိုလ်ကို မြင်ဖူးချင်လှပါဘိ။ ဘယ်လိုလူကလေးပါလိမ့်။ ထွေးက မနေနိုင်ဘဲ အငယ်ဝီသစွာ ခစ်ကနဲရယ်သည်။ မမလတ်အကြည့်က ထွေးဆီတန်းခနဲကျလာသည်။ မျက်စောင်းတစ်ချက်ရွယ်သည်။

"ဒီနေ့တော့ အေးအေးဆေးဆေးထိုင်နေပါလား၊ ဘာလဲ ဖေကြီးဆူတာ ထိုင်နားထောင်နေတယ်ပေါ့ ဟုတ်လား"

အမြဲလိုလို ပြာယာခတ်အောင် အရေးကြီးနေတတ်သူ ထွေးကို မမလတ်က ငေါ့လိုက်၏။

"မဟုတ်ပါဘူး ထွေးကိုပါရောပြီး ဆူမှာစိုးလို့"

ဇက်ကလေးပုကာ ဆိုမိသည်။

"မေမေ ထွေး အဝတ်အစားသွားလဲတော့မယ်"

မေမေက ထွေးကို ခေါင်းတစ်ချက်ပဲ ဆတ်ပြပြီး မမလတ်ဘေးမှာ ဝင်ထိုင်၏။ မမလတ်ကို မေမေမေးစရာတွေ အများကြီးရှိနေပြီလေ။

မမလတ်ကလည်း လှစ်နေအောင်ပါးသည်။ မေမေ့ကို ချွဲသောအပြုံးကလေးနှင့်…

"လတ် နောက်ကျတော့မယ် မေမေရဲ့၊ ညနေပြန်လာမှ





မေမေဖျူးချင်တာဖျူးပါနော်၊ ခုတော့ ခဏအောင့်ထားဦး"

မေမေ့ရင်ဘတ်ကို လက်ကလေးနှင့် ဖွဖွပုတ်ကာဆိုသည်။ မေမေက "ဟင်း"ကို မချင့်မရဲဖြစ်ကျန်ရစ်၏။

"သိပ်ကို လည်နေပါလား ဦးခန့်လူသမီး"

တစ်ခုခုကို အတော်ကလေး ကသိကအောက်ခံစားရလျှင် ထွေးတို့ညီအစ်မတွေကို မေမေ ခုလိုဆိုတတ်ပါသည်။ 'အဖေတူသမီး'ဟု မကျေမချမ်းရေရွတ်တတ်ပါသည်။ ထွေးက လှေခါးတက်လာရင်း ပြုံးမိသည်။ အပြုံးက မဝီပြင်ပါ။

မမသန့်ပြောထားသော ကိစ္စကို ဖေဖေနှင့်မေမေ့ကို ဖွင့်မတိုင်ပင်ရသေးပါ။ အသိမပေးရသေးပါ။ ခက်လိုက်တာ။

မမျှော်လင့်ဘဲ မမလတ် ပြဿနာက ဝင်လာတော့ မသိဘောစကားဟဖို့ပင် ခက်ရပါသည်။

အင်း လွယ်မယ် မထင်ပါဘူး။

ထွေးတစ်ယောက်တည်း တွေးမိ၏။

"သမီးငယ် ထွေး"

"ရှင်"

"ဒီမှာ မမသန့်လာတယ်"

"ဟုတ် ဟုတ် လာပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



မမသန့်က လမ်းကြို၀ဘမို့ ဝင်ခေါ်တာဖြစ်လိမ့်မည်။ ထွေးနောက်ကျနေလို့ဘာ ဒွေ့တာပါ။ မဟုတ်ရင် လွဲလောက်သည်။ သည်အချိန်ဆို ထွေးက အိမ်မှာရှိတော့တာမဟုတ်ပါ။

ကပျာကယာဆင်းလာတော့ မမသန့်က နာရီလေးကြည့်ကာ စောင့်နေပါသည်။

"ထွေး"

တစ်ခုခုအရေးကြီးသလို ခေါ်ပြီးမှ သူ့အရှိန်သူပြန်ထိန်းသည်။ ထွေးလုပ်နေသမျှကို ထွေးမိဘက ကြိုက်ကြတာမဟုတ်ပေ။

"ဘာလဲ မမသန့်"

"ကားထဲ ရောက်မှပြောမယ်"

"ဟင်း ဟင်း"

ထွေးက မမသန့်လက်ကလေးဆွဲကာ တစ်ချိုးတည်းလစ်သည်။ ဖေဖေကို မေမေတို့ကိုပင် နှုတ်ဆက်မနေတော့ပါ။

ကားပေါ်တက်ထိုင် တံခါးပိတ်ပြီးတာနှင့် ထွေးက မမသန့်ဘက်လှည့်ကြည့်၏။ ကားဘီးလိမ့်သည်ဆိုသည်နှင့် ထွေးမနေနိုင်ဘဲ မေးသည်။

"ဘာလဲ မမသန့်ရဲ့ ပြောတော့"

"ထွေး အရမ်းကံကောင်းတာပဲ"





"ဟင် ဘာလို့လဲ"

မမသန့်မျက်နှာမှာ ကြည်နူးကျေနပ်ခြင်းကို တွေ့ရလေသည်။ ဘာမှန်းမသိသေးဘဲ ထွေး ရင်ခုန်လာမိသည်။

"ဘာလို့လဲဆို"

"ဟိုတစ်နေ့က လာပြောသွားတော့ မမသန့်က ရိုးရိုးကြော်ငြာပဲထင်တာ၊ အခုဟာက နိုင်ငံခြားပစ္စည်းတစ်ခု၊စာချုပ်စာတမ်းနဲ့ နှစ်ချီကြော်ငြာမှာထွေးရယ်၊ ကံကောင်းလိုက်တာ"

"တကယ်"

"နိုင်ငံခြားက သွင်းမယ့် ရှမ်ပူတစ်မျိုး"

"အင်း"

"ပြီးတော့ ရေမွှေးတစ်ခု၊ နောက်တစ်ခုက ဘာလဲမသိသေးဘူး"

ထွေးလို သည်လမ်းကြောင်းပေါ်မှာလျှောက်နေသူအတွက်တော့ သည်လိုအခွင့်ထူးမျိုးဟာ ထီပေါက်သလိုပါပဲ။ ရှားတဲ့အခွင့်အရေး။ ငမ်းငမ်းတက်လို့ချင်ရတောင် ရဖို့မလွယ်။

ထွေးက သိပ်နားမည်မရသေးဘဲ သာမန်မော်ဒယ်လေးပါ။ ပစ္စည်းတစ်ခုကိုနှစ်နဲ့ချီပြီး ကြော်ငြာပေးဖို့ဆိုတာ နည်းနည်းနောနောအခွင့်အရေးလား။ ထွေးကို ရွေးချယ်ကမ်းလှမ်းတာကိုက



www.burmeseclassic.com

ထွေး၏ ထူးခြားတဲ့ကုသိုလ်ပါ။

မျက်လုံးလေးတွေ တဖျပ်ဖျပ်လက်အောင် ဝမ်းသာလုံးဆို့သွားပြီးမှ ချက်ချင်းပဲ မျက်နှာလေးညှိုးရသည်။

မေမေတို့က သဘောတူခွင့်ပြုပါ့မလား။ အုပ်ထိန်းသူ၏ ခွင့်ပြုချက်ဆိုတာ အမှန်တကယ် လိုအပ်သည့်အရာ။

ရတောင့်ရခဲ အခွင့်အရေးဆိုတာ အိမ်ကနားလည်ပါ့မလား ထွေးရင်ထဲမှာ ဘယ်လောက်ပြင်းထန်နေလိမ့်မလဲဆိုတာလည်း မေမေတို့ သိမှာမဟုတ်ပေ။

တစ်အိမ်လုံးမှာ ထွေးတစ်ယောက်ပဲ တစ်မျိုးဖြစ်ကာ လိုင်းကွဲနေသည်။ အနုပညာကို ဝါသနာပါသည်။ တခြားလူတွေက ဝါသနာပါဖို့ဝေးလို့ အားပေးဖို့ပင် ပျင်းနေကြတာ။ ထွေးကိုလည်း ရုပ်တန်းကရုပ်ဖို့ တိုက်တွန်းရှုံ့ချနေကြတာ ထွေး ဘယ်လိုလုပ်ရပါ့။

တစ်ယောက်လောက်လောက်ဖြစ်ဖြစ် ထွေး ပြဿနာကို နားလည်ခံစားပေးတတ်ရင် ကောင်းလေစွ။ ထွေး ဘယ်လောက် အားရှိမလဲ။ မပုံပိုးရင် နေပါစေ။ အားပေးရုံလေးသက်သက်ဆိုရင်ပဲ ကျေနပ်ပါပြီ။

ထွေး စင်ပေါ်မှာ Cat Walk လျှောက်တိုင်း ပရိသတ်





ထဲမှာ ထွေး မိသားစုတစ်ယောက်မှ မပါတတ်ပါ။ ဖက်ရှင်ရှိုးမှန်သမျှ ထွေး အမြဲတမ်းတစ်ယောက်တည်း။ အကသွားတိုက်လည်း တစ်ယောက်တည်း။ ဘယ်လောက်အားငယ်စရာကောင်းသလဲ ကွယ်။

အားမပေးသည့်အပြင် အထင်သေး ရှုံ့ချဟန့်တားတာကိုပဲ ဖေဖေတို့မေမေတို့က လုပ်တတ်ပါသည်။ တစ်ခါတစ်ခါဆို ဖေဖေကဆူ မေမေ့ကဆူနှင့် အိပ်ရာထဲခွေပြီး စိတ်ဓါတ်တွေကျနေမိပါသည်။

ထွေးအပေါ် ဘာလို့နားမလည်ပါလိမ့်ဟု ငိုချင်မိသည်။ ထွေးအလုပ်ကို ထွေးက အထင်ကြီးသည်။ ဂုဏ်ယူသည်။ တန်ဖိုးထားသည်။ ဘယ်လောက်အထိ အရေးပါသလဲဆိုတာ လုပ်ငန်းရှင်တွေ၊ စီးပွါးရေးသမားတွေ နားလည်ကြသည်။ ကြော်ငြာဆိုတာ မော်ဒယ်ပါမှ ပြည့်စုံသည်။

အိမ်မှာ ကလေးလေးကစ်ယောက်ဖြစ်နေသည်။ ထွေး ဘယ်လိုမှ အရာလုပ်ရှင်းပြ၍ မရနိုင်ပါ။ ပြီးတော့ ထွေးက အငယ်ဆုံး၊ ကျန်အကြီးတွေကို ဘယ်လိုပြောရမလဲ။ ထွေးအပေါ်မှာ နားလည်စေချင်တာတော့ အမှန်ပါ။

"ထွေး စိတ်ရှုပ်သွားပြီလား"

www.burmeseclassic.com



မသေနိုက်လည်း အကြောင်းသိဆိုတော့ နားလည်နေသည်။ ထွေးက မသေနိုကို ခေါင်းတစ်ချက်ညိတ်ပြပြီး ကားပြတင်းမှန်မှတစ်ဆင့် အပြင်ကို ငေးကြည့်နေမိသည်။ မျက်ဝန်းထဲမှာ နှင်းဆီပန်းများက နေရာယူလာကြလေသည်။ နှင်းဆီပန်းတွေ တပွေ့ကြီးနှင့် ထွေးကို အားပေးတတ်သော လူတစ်ယောက်။ သူ့ကို ထွေး ဖျက်ခဲနဲ့သတိရမိသည်။ မတွေ့တာတောင် ကြာပါပြီ။ သူ ဘယ်ရောက်နေပါလိမ့်။

တလေးတနက်ရှိသော သူ့မျက်လုံးများကို ထွေးယုံကြည်မိသလိုပါပဲ။ သူကတော့ ထွေးကို ဘယ်တော့ဖြစ်ဖြစ် အားပေးနေမယ့် ပုဂ္ဂိုလ်လေး။ ထွေးရင်ထဲ အင်အားတွေပြည့်သွားရသလိုပါပဲ။

"ထွေး စဉ်းစားမနေနဲ့၊ လုပ်သင့်တယ်၊ လက်လွှတ်မခံသင့်ဘူး၊ အုပ်စုနဲ့လည်း မဟုတ်ဘူး၊ နှစ်ယောက်တွဲ၊ သုံးယောက်တွဲလည်းမဟုတ်ဘူး၊ ထွေးတစ်ယောက်တည်း မင်းသားလည်းမပါဘူး၊ ပြီးတော့ ပွဲဦးထွက်ကမ်းလှမ်းမှု၊ နောက်ပြီးနိမ်တာကိုဆစ်တာတို့မရှိဘူး၊ ကြော်ငြာသရုပ်ဆောင်ခကို ထွေးသဘောအတိုင်းတောင်းလို့ရတယ်၊ ထွေးရယ် ဒီလောက်ကောင်းတဲ့ အခွင့်အရေးကွာ"

မမသေနိုက အသည်းတယားယားနှင့် ရေရွတ်တိုက်တွန်း





နေသည်။ ထွေးက ကျောက်ရုပ်လိုငြိမ်သက်စဉ်းစားနေသည်။ မသေနိုပြောစရာမလိုပါ။ ကြားလိုက်တာနဲ့ ထွေးက သိပြီးသားပါ။

"ထွေးက ပထမတုန်းက မေမေတို့မသိအောင် ခိုးရိုက်လို့ ထွေးထားတာ၊ အခုဒီလို နိုင်ငံခြားကုမ္ပဏီနဲ့ သေသေချာချာ စာချုပ်ချုပ်ရမှာမို့ မသိဘူးလေ"

"အင်း မမသေနိုလည်း မနေ့ညကမှ သိတာ၊ သူတို့ဖုန်းဆက်တယ်၊ ထွေးကိုပဲ ရွေးလိုက်ပြီတဲ့၊ မမသေနိုဖြင့် ဝမ်းသာလွန်းလို့"

"ထွေးလည်း ဝမ်းသာပါတယ် မမရယ်"

ထွေးအသံလေးက အားပျော့နေသည်။ ထွေး အိမ်ကို ဘယ်လိုပြောရပါ့မလဲ။

"ဒီမှာ တချို့တစ်ဝက်ရိုက်မယ်၊ နိုင်ငံခြားထွက်ပြီး တချို့တစ်ဝက်ရိုက်မယ်တဲ့၊ အုပ်ထိန်းသူတစ်ယောက်ခေါ်ခွင့်ရှိတယ်တဲ့"

"ဟင်"

ထွေးက တအံ့တဩလေးနှင့် ပိုပြီးငြိမ်ကျသွားရလေသည်။ မေမေတို့ မေမေတို့ယဉ် ခွင့်ပြုမည်ဆို ဝမ်းသာလွန်းလို့ ထခုန်မိမှာအမှန်ပါပဲ။ တစ်ခြေနေ့ဆိုလည်း ထမင်းစားရှုပ်ပင် ရှိမည်မထင်။

အနုပညာစိတ်ကို ထွေး ရင်ထဲမှာ ပြည့်ကြပ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



သိမ်တို နှိပ်စက်နေသည်။ နေမအား ညမအားလုပ်ပြချင်သည်။ လုပ်ခွင့်ရချင်သည်။ ထိုစိတ်ကို ထွေး ဘယ်လိုမှ ထိန်းချုပ်ရ၏။

"ဘာပဲဖြစ်ဖြစ် ထွေး ပြောကြည့်မယ် မမသန့်"

ထွေး ရဲစိတ်မွေးသည်။ သည့်လို အခွင့်အရေးကို ထွေးက လက်လွှတ်ခံနိုင်ပါ့မလား။ ဘယ်လိုလုပ် သွေးအေးအေး ငြိမ်နိုင်မှာလဲ။

"မိရေ နေလယ်နှစ်နာရီ သူတို့လာတွေ့လိမ့်မယ်"

"ဟင် ဟုတ်လား"

ထွေးအတွက် မမသန့်က ဝမ်းသာဝမ်းနည်းနေသည်။

"ထွေး ရင်ခုန်လိုက်တာ"

မမသန့်လက်ကို ဖျတ်ခနဲ ဆုပ်ကာ ပြောမိ၏။

"ရင်ခုန်ရအောင် ရည်းစားနဲ့ချိန်းတာမှ မဟုတ်ဘဲ"

မမသန့်က ကြိုကြိုဖန်ဖန်စသည်။

"ဘာပဲဖြစ်ဖြစ် ရင်တွေ တအားခုန်နေတယ် မမသန့်ရဲ့"

ထွေးလက်ကလေးကို မမသန့်က ပြန်ဆုပ်ထားပေးသည်။

"ထွေး လက်ဖဝါးလေးက ပူနွေးနေတာပဲ"

"အင်း အမြဲအဲဒီလိုပဲ မမသန့်ရဲ့"





မမသန့်က စချင်သလိုရယ်သည်။ ထွေး မျက်မှောင်ကုတ်လေးနှင့် နှုတ်ခမ်းစူ၏။ မမသန့်က တစ်ခုခုတွေးပြီး ရယ်လိုက်တာ သိသည်။

"မမသန့် ဘာလဲပြော၊ လက်ဖဝါးနွေးတာပဲ ရယ်စရာလား"

"ဘာမှ မဟုတ်ပါဘူး"

စမှ ပြောမပြချင်ဘဲ လျှို့ဝှက်ချောင်ထွက်ချင်သည်။ ဘယ်လိုလုပ်ရမှာလဲ။ ထွေးကဖြင့် သိချင်လှန်းလှပြီ။

"ပြောဆို ဘာရယ်တာလဲ"

"ဪ ထွေးရယ် လက်ဖဝါးလေးတွေ ပူနွေးနေရင် အဲဒီမိန်းကလေးက ညှို့ဓါတ်ရှိတယ်တဲ့၊ ဗေဒင်စာအုပ်ထဲမှာ ဖတ်ဖူးတာ"

"တကယ်"

"အင်း မမသန့်က ညာရမှာလား၊ ညှို့ဓါတ်ရှိတယ်ဆိုတော့ ထွေး အောင်မြင်မှာပါ"

"အဟင်း"

မမသန့်က ထင်ကြေးတွေနှင့် ဟုတ်နေသည်။ မမေဖြို့ ထမြင် ခွင့်ပြုဖို့ဝေးသေး။ ထွေးစိတ်ထဲမှာဖြင့် တထင့်ထင့်ရယ်။



www.burmeseclassic.com

www.burmeseclassic.com



နည်းနည်းလေးမှ မပျော်နိုင်သေးပါ။ ထွေးအဖြစ်ကို ထွေးပဲ သိပါသည်။

"အောင်မြင်တာ မအောင်မြင်တာ ထွေး မသိဘူး၊ လောလောဆယ် ရိုက်ခွင့်ရဖို့ ထွေး မနည်းကြိုးစားရမှာ၊ မေမေတို့ကခုတောင် ပြောမရလို့ ကြည့်နေတာ၊ တွေ့လိုက်တာနဲ့ ဆူဖို့ပဲ"

"ထွေးကလည်း ထွေးပဲ၊ အိမ်မှာနေတဲ့နေ့ စကားကြုံရင်ကြုံသလို မိသားစုကို စည်းရုံးတတ်ရမှာပေါ့၊ ဘယ်မော်ဒယ်ကကမ္ဘာမှာ ဘယ်လိုကျော်ကြားတာ၊ ဘယ်လောက်ချမ်းသာတာ ပြီးတော့ ပစ္စည်းတစ်ခုမှာ ကြော်ငြာက ဘယ်လောက်အရေးကြီးတာ၊ ကြော်ငြာမှာဆိုလည်း မော်ဒယ်က အဓိက ဘာညာပေါ့၊ အဲဒီလို အစကတည်းက ရှင်းပြထားရင် ထွေးအပေါ် ခုထက်နားလည်မှာပေါ့၊ အထင်သေးတဲ့ ရှုထောင့်တစ်မျိုးထဲက ဘယ်ကြည့်တော့မလဲ၊ ရှပ်ရှပ်ယှက်ယှက်လို့ ဘယ်ထင်တော့မလဲ၊ ထွေးက ဘာမှမပြောတော့ အိမ်က မိသားစုက ဘယ်သဘောပေါက်ပါ့မလဲ၊ ဒီအသိုင်းအဝိုင်းနဲ့လည်း နီးနီးစပ်စပ်မှမရှိဘဲ"

မမသန့်ပြောတာလည်း ဟုတ်တော့ဟုတ်သည်။ ထွေးကလည်း ထွေးပါ။ ထွေးအပေါ် အဖေအမေတို့ နားလည်လက်ခံလာအောင် မပြောပြတတ်ပေ။





"ထွေးက စင်ပေါ်မှာသာ ရှိသတ်ကို ဖမ်းစားနိုင်တာ အိမ်က အဖေနဲ့အမေကို မဖမ်းစားနိုင်ဘူး"

"မရယ်နဲ့ အကောင်းပြောတာ၊ ကိုယ့်မိဘကိုတောင် ကိုယ့်ဖက်ပါအောင် မဆွဲဆောင်နိုင်ရင် သိန်းနဲ့သန်းနဲ့ချီတဲ့ ပရိသတ်ကို ဘယ်လိုဆွဲဆောင်နိုင်မှာလဲ ပြောစမ်း၊ ညံ့ပါတယ်ကွယ်"

ထွေး အောင့်သက်သက်နှင့် ငြိမ်နေရပါသည်။ မမသန့်လက်ထောက်က ထွေးရင်ခွင်ကိုထိုးသည်။ ထွေး မျက်နှာပေါ်မှ အပြုံးလေး လွင့်ခနဲပျောက်သွားသည်။

"ကိုယ်လုပ်နေတဲ့အလုပ်ကို မိဘက နားလည်ရမယ်၊ ကိုယ့်အပေါ် နားလည်ယုံကြည်ရမယ်၊ လက်ခံရမယ်၊ ကိုယ့်ကြိုးစားမှုကို အသိအမှတ်ပြုရမယ်၊ အားပေးတတ်ရမယ်၊ ထွေးက ညှိရွယ်ချက်ကြီးကြီးနဲ့ ကြိုးစားနေတာပဲ၊ လမ်းမှန်ပေါ်မှာ လျှောက်ရတဲ့ သမီးကိုမိဘက အနည်းဆုံး လက်ခုပ်သံနဲ့ဖြစ်ဖြစ် ချီးမြှင့်ရမယ်၊ အဲဒီလို နားလည်အောင်ရှင်းပြရမှာက ထွေးပဲ၊ အခြေအတင်ဆွေးနွေးသင့်ရင်လည်း ဆွေးနွေးရမယ်၊ ဒါမှ ထွေးအတွက် စိတ်ချမ်းသာမှုရှိနိုင်မယ်၊ ထွေးကို ဘယ်အချိန်ဖြစ်ဖြစ် မိဘက နားလည်နေရမယ်"

"ဟုတ်တယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



မမသန့်ကောအတွေကို ထွေး ယောက်ခံမိပါသည်။

"ထွေးပြောပြတာကို မေမေတို့က လက်ခံပါ့မလား မသိဘူး"

"နားလည်လာအောင်ပြောဖို့ စိတ်ရှည်ရမှာပေါ့ ထွေးရယ်"

ထွေးက ပင့်သက်ကလေးရှိုက်သည်။

"အဲဒီ အခွင့်အရေးကို ထွေး လက်မလွှတ်ချင်တာတော့ အမှန်ပဲ မမသန့်"

"ဟုတ်တယ် ကံကောင်းလွန်းလို့ ရတာ"

မမသန့်ကတော့ သည်အသိုင်းအဝိုင်းထဲကမို့ အရမ်းကို နားလည်နေသည်လေ။

နေလယ်နှစ်နာရီကို ထွေးရင်ခုန်စွာ စောင့်နေဖြစ်တော့မည်။

❦ ❦ ❦



နေလယ်နှစ်နာရီတိတိမှာပဲ ခြံဝင်းထဲသို့ ကားတစ်စီး ဆိုးစိုက်ဝင်ရောက်လာခဲ့ပါသည်။ ထွေးက အပေါ်ထပ် ပြတင်းပေါက်အောက်ကနေ ကြည့်နေမိ၏။ ခဲရောင်ပြောင်နေသော ကားက ခံ့ညားကြွားရှိလွန်းလှ၏။

ကားပေါ်က လူနှစ်ယောက်ဆင်းလာသည်။ တစ်ယောက်က နိုင်ငံခြားသားဖြစ်ပြီး ကျန်တစ်ယောက်ကတော့....

"ဟင်"

ထွေးရင်ထဲမှာ ခုတ်ခနဲ မြည်သွားရလေသည်။

သေချာအောင် ပြန်ကြည့်မိသည်။ ဘယ်လိုလုပ်လူမှားနိုင်မှာလဲ။ သူမှ သူအစစ်ပါပဲ။ ထွေးကို အားပေးတတ်သော ဆံပင်စင်းစင်းလေးနှင့်ပုဂ္ဂိုလ်။ သည်နေ့တော့ မျက်မှန်လေးတတ်လို့ ရှူကြီးလှူကောင်းကလေးနှင့် တူနေပါရောလား။ ဂျင်းဘောင်းဘီ အလေးနှင့် တီရှပ်ကလေးနှင့်။

အရာရာကို စေ့စေ့ကာ ထွေး တငေးတမောဖြစ်သွားရ



www.burmeseclassic.com

www.burmeseclassic.com



သည်။

ထွေးကို ကြော်ငြာမော်ဒယ်သုံးဖို့ သူကများ အကြံပေးတိုက်တွန်းခဲ့သလား။ သူ့အကြံတစ်ခုခုတော့ ကျိန်းသေပါကိုပါမှာပါပဲ။

ထွေး မျက်နှာလေးပြုံးသွားရှာလေသည်။

ကားထဲကဆင်းပြီး သူကတစ်ခုခုသတိရသလို ကားတံခါးဖွင့်ပြီး ပြန်ယူသည်။

"အယ်"

သူလက်ထဲပါလာသော ရေမွှေးနှင်းဆီပန်းရောင်များ လှပစွာ စည်းနှောင်ထားပြီး ဖဲကြိုးအနီရောင်များက တလွင့်လွင့်...

ထွေးအာရုံထဲမှာ နှင်းဆီပန်းတွေက မွှေးစိမ့်လာသည်။ နှင်းဆီပန်းနံ့ကို အလိုအလျောက်ရှူရှိုက်ခံစားမိလာ၏။

မမွှာသန့်က ခရီးဦးကြိုဆိုပြီး နွေးထွေးစွာ အပေါ်တက်ဖို့ ဖိတ်ခေါ်လာလေသည်။ ထွေးမလှုပ်မယှက်ခြေစုံရပ်နေမိ၏။

အခန်းထဲရောက်လာတော့ လက်ထဲက နှင်းဆီပန်းစည်းကို နိုင်ငံခြားသားအား လှမ်းပေးလိုက်ပါသည်။

နိုင်ငံခြားသားက ထွေးကို လှိုက်လှဲစွာ ပြုံးရယ်ပြပြီး ပန်းစည်းလှမ်းပေးပါ၏။





"သိုင်းကျူး"ဟု မပွင့်တပွင့်ပြောမိသည်။ ဒူးကော်လေးညွှတ်ကာ လှမ်းယူမိသည်။ နှင်းဆီတွေကို ပိုက်ထားမိသောအခါ ရှိုက်နေသောရနံ့က သူမကို လွှမ်းခြုံဖမ်းစားလာသည်။

နှင်းဆီဆို အရူးအမူးကြိုက်တတ်သောထွေးပါ။ နှင်းဆီပန်းတွေနှင့်ရောက်လာသူကို ထွေးဘက်က မရှေးမနှောင်း ဘယ်ယိမ်းမှုဆက်ဆံဖြစ်မည်မထင်။ ပြေလည်ဖို့ကိုလည်း ထွေးက ဦးစားပေးပြီး ထွေးတောမှာဖြစ်သည်။

သူ့ နိုင်ငံခြားသားနှင့်ထွေးကို မိတ်ဆက်ပေးပါသည်။ ထွေးကို နှုတ်ခမ်းစေ့ပြီး တစ်ချက်လောက်သာပြုံးပြခြင်းအတွက် ထွေးက မကျေနပ်ချင်ပါ။ သူ့ပုံစံက ထွေးကိုခုမှပဲ သိဖူးမြင်ဖူးသလို စိမ်းသက်နေသည်။

ဟွန်း အဲဒါမှဖြင့် နှင်းဆီပန်းစည်းကြီး ယူလာရသလား။

ကြော်ငြာရိုက်ကူးဖို့ ကိစ္စကတော့ ပြေပြေလည်လည်ပါပဲ။ နိုင်ငံခြားသားကလည်း သဘောကောင်းလှသလို မမသန့်ကလည်း ထွေးဘက်က လိုအပ်တာမှန်သမျှ ပြောပြပေးပါသည်။ မမသန့်က ထွေးအပေါ် တကယ်ပဲကောင်းလွန်းလှ၏။ မမသန့် ကောင်းဆိုသော အချက်များကို နိုင်ငံခြားသားက ပြုံးကာပြုံးကာ လိုက်ပြောပါသည်။

"မစ္စတာဒေးဗစ်က အရမ်းသဘောကောင်းပါတယ်၊



www.burmeseclassic.com

www.burmeseclassic.com



မမသန့် လိုအပ်တာမှန်သမျှ ပြောလို့ရတယ်၊ အစကတည်းက ကြိုတင်ပြောထားတာ ကောင်းပါတယ်၊ မမသန့်တို့ဘက်က သက်မှတ်ထားတဲ့အချက်အလက်အားလုံးပေါ့"

သူက မမသန့်ကို ထပ်ပြောလာ၏။ မမသန့် ပြောသမျှ အားလုံးကို စာအုပ်နှင့်လိုက်ရေးထားလေသည်။ သူ့လက်ရေးများ က ညီညာလှသည်။ မြန်ဆန်သေချာသည်။ တလုံးတစ်လုံးမှ မမှား အောင်ရေးနိုင်သည်။ မစ္စတာဆေးမစ်ကိုလည်း နားလည်အောင် ရှင်း ပြပေးနိုင်သည်။

ထွေးက သူ့ကိုငေးမင်းစွာ အထင်ကြီးစွာ ငေးနေမိသည်။ အင်္ဂလိပ်စကားပြောကောင်းလိုက်တာ။ ထွေးဆိုစဉ်းစားစဉ်းစားနှင့် တွန့်ဆုတ်တွန့်ဆုတ်ပဲ ပြောတတ်တာ။

မျက်လုံးလေးဒေါင့်ကပ်ကာ ထွေး အငေးကြီးငေးမော နေမိ၏။

သူ့ကို ခုလိုမြန်မြန်စားကြီး တွေ့ဆုံရင်းနှီးဖို့ ထွေးမျှော်လင့် မထားပါ။ အံ့လည်း အံ့ဩသည်။ ဝမ်းလည်းဝမ်းသာသည်။ ရင်ထဲ မှာ ဘယ်လိုကြီးမှန်းမသိပါ။ ထွေးအပေါ် သိပ်ပြီး နွေးနွေးထွေးထွေး မရှိလှတာကိုတော့ ရင်ထဲ နုလုနုလုဖြစ်ရလေသည်။ သည်ထက်ပို ပြီး လိုက်လျှောသင့်တာပေါ့နော်။

ထွေးရှေ့ကိုတော့ ရောက်လာပြီးတော့...





ထွေးအမြှော်လင့်ဆုံးအရာကိုလည်း သယ်ဆောင်လာ သည်။

ကျေးဇူးတင်ပါတယ်ကွယ်။

ဝမ်းသာကျေနပ်လွန်းစွာနှင့် သူ့ဘက်က အဆေတ်အစေက် နိုင်လှတာကိုစင် ခွင့်လွှတ်နားလည်ပေးမိတော့သည်။

"ထွေး သူကတော့ မစ္စတာမင်းခင်တဲ့၊ အစုအသစ်မှုင့်တဲ့ ကုမ္ပဏီကဝန်ထမ်းတဲ့၊ မှတ်ထားဦး။ ထွေးပြောစရာရှိရင် သူနဲ့ပြောရ မှာ"

မမသန့်က "မင်းခင်"ဆိုသော ပုဂ္ဂိုလ်နှင့်တစ်ခါတည်း မိတ်ဆက်ပေး၏။

"ဟုတ် ကျေးဇူးတင်ပါတယ် ကိုမင်းခင်"

နိုင်ငံခြားသားပိုင် ကုမ္ပဏီကဝန်ထမ်းမို့ သူ့ကိုပါ မစ္စတာ မင်းခင်ဟု ခေါ်နေကြတာ။ ထွေးကတော့ မခေါ်ချင်ပါ။ ကိုမင်း ခင်နှင့်ထွေးက သိကျွမ်းခင်မင်ပြီးသားတွေပဲ။

မျက်မှန်အောက်က မျက်လုံးများကို ထွေး သိပ်အားမရချင် ပါ။ ထွေးကိုကြည့်တာ သာမန်အကြည့်။ ပြီးတော့ ချက်ချင်းလွှဲ ဖယ်သွားသည်။ ဘာလို့ အဲဒီလိုဖြစ်နေရတာလဲ။ ထွေး နားမလည် ချင်ပါ။

မမသန့် လှမ်းပေးသော သူတို့ကုမ္ပဏီ၏ဖုန်းနံပါတ်နှင့်



www.burmeseclassic.com

www.burmeseclassic.com



လိပ်စာပါသော စာအိတ်ရှည်ရှည်လေးကို ယူထားမိရဲ့ဆိုမိသော ပုတ်ခမ်းစုမိသူက ထွေး။

ရှင် ဘာဖြစ်နေတာလဲ မွှေ့တော မြင်းခင်။

ယည်နေရာကို ရှင်လိုလားစွာ ရောက်လာတာမဟုတ်ဘူးလား။

သူတို့က မမသန်းကို နှုတ်ဆက်သည်။ ထွေးကိုလည်း နှုတ်ဆက်သည်။ ထွေးခေါင်းညိတ်ကျုန်ရစ်ရင်း

"ထွေး ဘာဖြစ်လို့လဲ"

ကားဘေးနားအထိ လိုက်ပို့ပြီးမှ ပြန်ရောက်လာသော မမသန်းကမေး၏။ ထွေး အမူအရာပျက်နေတာကို သတိထားမိပုံပါ။

"ဘာမှ မဖြစ်ပါဘူး မမသန်းရဲ့"

"မသိပါဘူး ထွေးကြည့်ရတာ ကျေနပ်သလိုလို မကျေနပ်သလိုလိုနဲ့"

"ကျေနပ်ပါတယ်"

ရုတ်စနိုးလေးပြုံးရင်း ညာမိပါသည်။ ထွေးကို နှုတ်ဆက်ခေါ်ပြောပုံမရတာ မှန်းသည်။ တည်တည်ကြီး နှုတ်ဆက်တာကို မှန်းပါသည်။





သည်ထက်နည်းနည်းပိုပြီး နွေးထွေးအသက်ပါမယ်ဆိုရင် ထွေးက ကျေနပ်မှာပါ ကိုမင်းခင်ရယ်။

နောက်...

အိမ်ရောက်ချိန်အထိ ထွေး တာနုံနုံနှင့် ရှိနေသည်။ ကုမ္ပဏီရုံးကဖုန်းမို့ ဘယ်အချိန်ထိ ရှိနေမလဲဆိုတာလည်း မသိပါ။ သို့သော်ငြားလည်း ထွေးဖုန်းခေါ်မိပါသည်။

တစ်ခုခုပြောချင်သည်။ ကျေးဇူးတင်စကားဖြစ်ဖြစ်။

"ကိုမင်းခင်နဲ့ ပြောချင်လို့ပါ"

ဖုန်းလာကိုင်သူက "အမိန့်ရှိပါခင်ဗျာ" ဟု မြန်မာလိုပြောတာမို့ ထွေးလည်း ပြန်ပြောမိပါ၏။

"သြော် ကျွန်တော် မင်းခင်ပါ"

"ဟင်"

"အမိန့်ရှိပါခင်ဗျား" ဟု တစ်ခွန်းတည်းဆိုတာက



www.burmeseclassic.com

www.burmeseclassic.com



အသံကို သိပ်မမှတ်မိသော်လည်း "ကျွန်တော် မင်းခင်ပါ"ဟု ဖြေရှင်းလိုက်သောစကားမှာ သူ့အသံကိုထွေးက လုံးဝမှတ်မိသွားရသည်။

"ထွေးပါ"

"ဗျာ ဘယ်သူ"

သူက သိပ်နားမရှင်းဘဲ ပြန်မေးသည်။

"မနေ့လည်က ကိုမင်းခင်နဲ့ တွေ့ခဲ့တဲ့ ထွေးပါ"

"ဟာ ဆောရီး။ ကျွန်တော် ရုတ်တရက် မမှတ်မိဘူး ဖြစ်သွားတယ်၊ ဘာကိစ္စရှိလို့လဲ ပြောပါ၊ ဩော် ဒါရုံးချိန်မဟုတ်တော့ဘူး။ ကျွန်တော်အခုပဲ ပြန်တော့မလို့၊ ဒါပေမယ့် ရပါတယ် ပြောပါ၊ ကျွန်တော် ရေးမှတ်ထားပေးပါ့မယ်၊ မနက်ဖြန်ကျမှ မန္တလေးမစ်ကို ပြောပြပေးနိုင်ပါလိမ့်မယ်"

သူ့စကားများကြောင့် ထွေးရင်ထဲ မောသွားရသည်။

"ကိစ္စရှိလို့ မဟုတ်ပါဘူး"

"ခင်ဗျာ"

ထွေးက နှုတ်ခမ်းလေးကိုက်သည်။ ဘယ်လိုလဲ ရှင် ဘယ်လိုလုလဲ။ ထွေးကိုဘာလို့ အူလည်လည်နေရတာလဲ။ ဘာလို့ အလုပ်ကိစ္စတစ်ခုတည်းမဲ့ စွတ်ပြောပြီး သူ့စိမ်းဆန်နေရတာလဲ။





"ကိုမင်းခင်ကို ကျေးဇူးတင်လို့ပါ"

"ကျေးဇူးတင်တယ် ဟုတ်လား"

ထွေးစကားကို တအံ့တဩ ရေရွတ်ကြည့်နေသည်။

"ဟုတ်တယ်လေ မန္တလေးမစ်နဲ့ထွေးနဲ့ ဆုံဖြစ်အောင်၊ ပြီးတော့ ဒီကိစ္စတွေမှာ ကူညီလုပ်ပေးတာရော၊ နှင်းဆီတွေယူလာပေးတဲ့အတွက်အတွက်ရော အားလုံးပေါ့"

ထွေး မဟုတ်မလွန်လေး စဉ်းစားပြောရသည်။

"မဟုတ်တာဘဲ၊ ဒါက ကျွန်တော့်အလုပ်ပဲ၊ မန္တလေးမစ်တို့ ကုမ္ပဏီမှာ ကျွန်တော်က ဝန်ထမ်းလေ၊ ဒီအတိုင်းပဲ လုပ်ပေးရမှာပေါ့၊ နှင်းဆီပန်းတွေက သူတို့စီစဉ်ထားတာပါ၊ ကျွန်တော်နဲ့ ဘာမှ မဆိုင်ပါဘူး"

ထွေး ဘာပြန်ပြောရမှန်းမသိဘဲ ငြိမ်ကျသွားသည်။ တော်တော်ခက်တဲ့ လူပါလား။ သည်လို ကပ်သပ်ချစ်ကျတတ်မယ့်ရုပ်ဟု မထင်ရ။

"ထွေးကို ရှေ့ဆို့ တိုက်တွန်းပေးတဲ့အတွက်ရောပေါ့"

စိတ်မရှည်တော့ဘဲ ပြောချလိုက်မိသည်။ ဟဲ ဘာပြင်း ချင်သေးလဲ။

နှုတ်ခမ်းအချင်းချင်းဖိကိုက်ကာ သူ့ချေပစကားကို စောင့်



www.burmeseclassic.com

www.burmeseclassic.com



နေလိုက်ပါသည်။ သူခဏတော့ငြိမ်သွား၏။ ပြီးမှ တစ်ချက်ရယ်လိုက်၏။

"သူတို့သိချင်သလို သူတို့ရွေးတာပါ၊ ကျွန်တော်မတိုက်တွန်းမိပါဘူး"

ထွေး အရမ်းဒေါသဖြစ်မိလေသည်။ သူ ဘာလို့ညာချင်ရတာလဲ။ ဘာလို့ ဝန်မခံချင်ရတာလဲ။ ဘာလို့ ထွေးကို မစ်ဖစ်တော်ခတ် ဆက်ဆံနေရတာလဲ။

ထွေးရင်ထဲအောင့်သွား၏။ တော်တော်ဆိုးတဲ့လူ။

"ကျွန်တော်က သူတို့ညွှန်ကြားချက်အတိုင်း လုပ်ပေးရတာပါ။ ဘာတစ်ခုမှ ကျွန်တော်တိုက်တွန်းမှုမပါဘူး၊ ဘာတစ်ခုမှ သူတို့ညွှန်ကြားချက်ထက်ပိုပြီး ကျွန်တော် မလုပ်ပါဘူး"

ကြည့်စမ်း။ ထွေးစကားကို သူ ဘယ်လိုတုံ့ပြန်နေသလဲ။ သူ့တုံ့ပြန်မှုက အေးစက်စိမ်းပြတ်လွန်းလှပါလား။

"ထွေးက မသိလို့ပါ ဆောရီးနော်၊ ဒွတ်နိုက် ကိုမင်းခင် ထွေး ဖုန်းချလိုက်တော့မယ်"

"ခြေဉ့် ဟုတ်ကဲ့၊ ကိစ္စရှိရင်ပြောပေါ့၊ မစ္စတာဒေးဗစ်တို့ကို ကျွန်တော်ပြောပေးနိုင်ပါတယ်"

သူ့စကားဆုံးတာနှင့် ထွေး ဖုန်းချပစ်လိုက်သည်။ ရှက်စိတ်ကြောင့် မျက်နှာတစ်ပြင်လုံး ပူထူနေသလို ခံစားရပါသည်။





သူ့ဆီ ဖုန်းဆက်မိတာ ထွေး အရမ်းမှားသည်။ နောင်တရတာ ရင်ထဲပြည့်လာတယ်။ ထွေး ဘာလို့ဆက်မိပါလိမ့်။

တော်ပါပြီ ကိုမင်းခင်ရယ်။

အကြောင်းမသိလို့ပါ။ ရှင့်စိတ်ကို သေသေချာချာ မသိလို့ ဆက်မိတာပါ။

"ဒါဆို တစ်ရက်က ဖက်ရှင်ရှိုးမစခင် တစ်မနက်မှာ နှင်းဆီ နီညိုတွေ တစ်ပွေ့တစ်ပိုက်လာပေးတာရော မစ္စတာဒေးဗစ်တို့ ဗုဒ္ဓထီရဲ့ ညွှန်ကြားချက်ပဲလားဟင်" ဟု မေးပစ်ချင်လှပါသည်။

သို့ပေမယ့် မမေးဖြစ်ပါ။ သူ့ဘက်က မှတ်မှတ်ရရ မရှိဘဲ၊ ဘာရယ်မဟုတ် ကြုံလို့ပေးမိတာကို ထွေးဘက်က တယုတယ မှတ်မိနေရမှာ ရှက်ပါသည်။ မှတ်မိနေပါတယ်ရှင်။ ရှင်ယန်းတွေ ပေးသွားတာ မမေ့နိုင်သေးပါဘူးဟု ဝန်ခံအသိပေးသလို ဖြစ်သွားမှာပို၍ပင် ရှက်မိ၏။

နောက်ဆိုလျှင်တော့ ထွေး သူ့ကို သတိနှင့်ဆက်ဆံရတော့မည်။

ခုတစ်မျိုးတော်ကြာတစ်မျိုး တသမတ်တည်းမရှိသော သူ့ကို ရမ်းသမ်းပြီး မယုံကြည်ရဲတော့ပေ။ သင်ခန်းစာရသွားပါပြီ။



www.burmeseclassic.com

www.burmeseclassic.com

လတ်က ကိုယ့်ရှေ့မှာ ခြေစုံလာရပ်သော ချစ်သူကို မျက်စောင်းရွယ်ကာ စိတ်ကောက်ချင်ပေမယ့် အဲဒီလိုလည်း မလုပ်ရက်တာကြောင့် ပြုံးမိပါသည်။

သူကြည့်ရတာလည်း ရေးကြီးသုတ်ပျာမောပန်းတကြီး။

"နောက်ကျလိုက်တာ"

ခပ်ညည်းညည်းကလေး ရေရွတ်မိပါ၏။ ရုံးတစ်ဝိုက်မှာ ဆတ်တစ်ယောက်ပဲရှိတော့သည်အထိ ခြောက်ကပ်နေပါပြီ။

"ဆောရီးပါကွာ မောင်ထွက်လာခါနီးကျမှ မမျှော်လင့်ဘဲ ဖုန်းတစ်ခုဝင်လာလို့ ဆောရီး ဆောရီး"

မောင်က လတ်လက်ထဲရှိနေသော ဖိုင်တွဲများ ထမင်းချိုင့်နှင့် ရှေ့နေကုတ်အင်္ကျီအနက်ကလေးကိုပါ ဆွဲယူကိုင်ထားပေးလိုက်သဖြင့် လတ်မှာပိုက်ဆံအိတ်ကလေးတစ်ခုသာကျန်ပြီး ပေါ့ပါးလွတ်လပ်သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



"လာ ကားက ဟိုးရှေ့နားမှာ"

မောင်က လတ် လက်ကလေးကို ငြင်သာစွာ ဆွဲခေါ်သည်။ လတ်လည်း အသာတကြည်ပါလာသည်။

"မောင်"

"ဟင်"

"ပြောစရာရှိတယ်"

"ပြော"

မောင်က လတ်ထက် ခြေတစ်လှမ်းဦးဆောင်လျှောက်နေတာကို အရှိန်လျှော့ပစ်လိုက်ပါသည်။ မောင့်ခြေလှမ်းတွေက ရှည်လွန်းတာမို့ လတ်က အမြဲတစ်လှမ်းစာလောက် နောက်ကျကျန်ရစ်ပါသည်။ ဒါတောင်မောင်က စောင့်ခေါ်တာ။ မောင်သာစောင့်မခေါ်လျှင် မလှုပ်တလှုပ်လျှောက်တတ်သော လတ်မှာ အဝေးကြီးပြတ်ကျန်ရစ်ခဲ့ဖို့ပဲ ရှိပါသည်။

တစ်ခါမောင်လတ်ကို စိတ်ဆိုးပြီး တလွှားလွှားလျှောက်သွားတုန်းကဆို လတ် ပြေးလိုက်တာပင် မမီခဲ့ပါ။ ခြေလှမ်းရှည်ကြာသော မောင့်နောက်ကို လတ်က အမြဲသွက်သွက်လိုက်ရလေသည်။

"ပြောလေ"





"မောင့်ကို သတိရတယ်"

လတ်ချွဲမိတာကို မောမောနှင့်ရယ်သည်။

"ဘာလဲ ငါးဟင်းမို့လို့လား"

ထမင်းဘူးထဲမှာ မေမေက ငါးဟင်းထည့်ပေးလိုက်လျှင် လတ်က အရိုးနွှင်ပေးတတ်သော မောင့်ကို သတိရတတ်တာ မောင်သိပါသည်။ ထို့ကြောင့် မောင်က ရယ်စရာလုပ်လိုက်သည်။

"မဟုတ်ဘူး၊ တကယ်သတိရတာပါဆို"

"ဘာလဲ နေ့ခင်းက ခေါင်းကိုက်လို့လား"

လတ်ခေါင်းကိုက်လျှင် လက်ဖက်ရည်ဝယ်တိုက်ရတာနှင့် ဆလတ်စတာကပ်ပေးရတာနှင့် ဂရုစိုက်တတ်သောမောင်ပါ။

"မဟုတ်ပါဘူး၊ ဘာကြောင့်မှ မဟုတ်ဘူး၊ ဒီအတိုင်း သတိရတာ"

လတ်က မောင့်လက်ထဲမှာ သူမလက်ကလေးကို ရုန်းဖယ်ကာ မောင့်လက်မောင်းကို စိတ်ပါလက်ပါတွဲမိလျှောက်၏။

"ဒီနေ့ အရမ်းပင်ပန်းတာပဲ မောင်ရယ်၊ တစ်ချိန်လုံး အားဘူး"

လတ်မျက်နှာလေးကို ကရုဏာနှင့် ငုံ့ကြည့်သော မောင့်ကို ကြည့်ကာ ပင်ပန်းသမျှ လွင့်ပြယ်သွားသလို ခံစားရသည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်မှန်အောက်မှ မောင့်မျက်လုံးတွေက အကြင်နာနှင့် ချိုနေသည်။ မြတ်နိုးခြင်းနှင့် နူးညံ့နေသည်။ လတ်အတွက် သိပ်ကို အဓိပ္ပါယ်ရှိသော မျက်လုံးတွေပါ။

"လတ် ပြောစရာရှိတယ်ဆို"

"အင်းလေ"

မောင်က စကားစပြတ်သွားတာမို့ ပြန်ပြီးသတိပေး၏။

"ဖေဖေက မနက်က လတ်ကိုမေးတယ်၊ လတ် ထင်ထားသလိုပဲ"

"အန်ကယ်ဦးစိုးတင့် ဖုန်းဆက်သတင်းပေးလိုက်တာပေါ့ ဟုတ်လား"

ကြားရသော စကားအပေါ် မောင် လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

"အင်း"

လတ် ခေါင်းညိတ်ပြ၏။ မောင်က မွေ့ရာမှုနှင့် လတ်မျက်လုံးများကို ဆုံကြည့်လာလေသည်။

"လတ်ကို ဆူတာလား"

"ဒီအရွယ်ကြီးရောက်မှ ဆူမလား မောင်ရဲ့"

မောင့်မျက်နှာက အနည်းငယ် စိတ်အေးသွားပုံ။





"ဒါပေမယ့် ဖေဖေက သူတို့မသိရကောင်းလားဆိုပြီး စိတ်ဆိုးတာပါ"

မောင့်နှုတ်ခမ်းအစုံမှာ အပြုံးရိပ်ထင်ဟပ်သွား၏။

"ဘာပြုံးတာလဲ ဟွန်း"

ဆုပ်ထားသော မောင့်လက်မောင်းကို ဖြေလွှတ်ကာ ဖွဖွ ဆိတ်မိသည်။

"လတ် ဘာပြေလိုက်လဲ"

"ခေါ်ခဲ့မယ်လို့ ပြောလိုက်တာပေါ့"

"ဟာ မောင် မလိုက်ဘူး"

မောင်က ယတိပြတ်ငြင်း၏။ လတ်က မောင့်ကို စူးရဲရဲ အလေးကြည့်သည်။ အမြဲတမ်းပဲ ငြင်းတတ်သော မောင်ပါ။ လတ် ဘယ်လိုပြောပြော သူ့ဆုံးဖြတ်ချက်ကို–မပြင်နိုင်။ ခိုင်မြဲစွဲနစ်နေ အောင် ဆုံးဖြတ်ချက်က ပြတ်သားနေသည်။ လတ် ဘယ်လိုပြောရ ပါ့မလဲ။ အဲဒီအကြောင်းအရာအတွက် လတ်နှင့်မောင် အမြဲတမ်း အငြင်းအခုံဖြစ်ရသည်။

"ဟုတ်တယ် မောင်မလိုက်ဘူး"

သူ့ကိုယ်သူ ဆန်းစစ်သေချာနေ၏။

"အဓိပ္ပါယ်မရှိဘူး"



www.burmeseclassic.com

www.burmeseclassic.com



မကျေမချမ်းရေရွတ်သံက လတ် နှုတ်ဖျားမှ ခုန်ထွက်လာသည်။

"ဘာလို့လဲ မောင်အစောကြီးတုန်းက ကြိုပြောထားပြီးသားပဲ"

မောက်က တပြန်တလည် ခပ်တင်းတင်းဆိုလာသည်။ ဆက်ပြောလျှင် အခြေအတင်ဖြစ်ရတော့မှာ နှစ်ယောက်စလုံးသိသည်။ သို့ပေမယ့် ဆက်မပြောလို့လဲမဖြစ်နိုင်ပါ။ တစ်ခုခုတော့ ဆုံးဖြတ်ညှိနှိုင်းပါမှ ဖြစ်တော့မည်။

"မောင် အတိတ်ဟာ အတိတ်ပါပဲ၊ မရောထွေးသင့်ပါဘူး၊ တစ်ခါဖြစ်ဖူးတာနဲ့ တစ်သက်လုံးဖြစ်ရရောလား၊ မဟုတ်သေးပါဘူး၊ မောင် မှားနေပြီ၊ အတွေးအခေါ်က အစွန်းရောက်တယ်။ လတ်က အဲဒီလို မိန်းကလေးလား၊ လတ်မိဘတွေက အဲဒီလိုလူတွေမဟုတ်ပါဘူး၊ လတ် သိပါတယ် မောင်ရယ်၊ ဒီတစ်ခုပဲ လတ်ကို လိုက်လျောစမ်းပါ၊ လတ်ကတိပေးပါတယ်၊ ဖေဖေတို့ မေမေတို့မောင်နဲ့တွေ့ပေးလို့မှ အဆင်မပြေရင် လတ်မောင့်ဘက်မှာ လိုက်လျောပါ့မယ်၊ ကဲ ဘာလိုသေးလဲ၊ လတ် တရားနည်းလမ်းကျကျပြောတာပါမောင်ရယ်"

လတ်က စကားကို ဆက်တိုက်ပြောချသည်။ မောင်ထ





ငြိမ်သက်နားထောင်နေပေမယ့် ခေါင်းမညိတ်ပါ။ အင်းမလိုက်ပါ။ သည်ကိစ္စသည်လည်း မောင်နှင့်လတ်ကြားမှာ အမြဲတည်ရှိနေသော ပြဿနာ။

"နှစ်ဦးသဘောတူလက်ထပ်မယ်၊ ဒါမှမဟုတ် ခိုးပြေးမယ်"ဟု မောင်က ယတိပြတ်ပြောထားသည်။

လာတောင်းရမ်းဖို့၊ လက်ထပ်ပွဲလုပ်ဖို့တို့ မောင် ဘယ်တော့မှ မစဉ်းစားပါ။ ခံမှန်ဖူးသော စာသူငယ်လိုကြောက်နေရှာသည်။ သူ့ဘက်မရပ်တည်သောချစ်သူနှင့် မခြေမင် ဆက်ဆံသော အသိုင်းအဝိုင်းတစ်ခုကို ကြုံခဲ့ဖူးသော မောင်က လန့်တတ်နေပါပြီ။

ဘယ်လောက်ပဲပြောပြော ဘယ်လိုပဲ ကတိတွေပေးပေး လတ်ကို မောင်က မယုံကြည်ပါ။ သဘောမတူခဲ့လျှင် မောင့်နောက်လိုက်ပါမည်ဆိုတာကို မောင် အယုံအကြည်မရှိ။ လတ် ဘယ်လိုလုပ်ရပါ့။

"လတ် ရှေ့နေမကြီးပီပီ မောင့်ကို မစည်းရုံးပါနဲ့၊ မောင် ဆုံးဖြတ်ပြီးပြီ၊ မောင်နဲ့လတ် လက်ထပ်ရင် တရားရုံးမှာ လက်မှတ်ထိုးမယ်၊ ပြီးရင် လတ် မောင်နဲ့လိုက်ခဲ့"

လတ်က မောင့်စကားကို ဟင်းခနဲသက်ပြင်းချသည်။

"မောင့်ဘက် ရပ်တည်ရဲတယ်ဆို၊ မောင်ဆုံးဖြတ်သာကို



www.burmeseclassic.com

www.burmeseclassic.com



နာခံမယ်ဆို၊ ဘာလဲ လတ်က မလိုက်ချင်ဘူးလား မလိုက်ရဲဘူးလား"

မောင့်မှာ ထိုခံစားမှုကြီးက စိတ္တဇတစ်ခုလို ဆွဲကပ်နေသည်။ ဘယ်လိုပဲဖျောင်းဖျဖျောင်းဖျမရပါ။

"ဘာလို့ မလိုက်ရဲရမှာလဲ။ ဘာလို့ မလိုက်ချင်ရမှာလဲ၊ လတ်က မောင့်ချစ်သူပါ၊ မောင်ဟာ လတ်ဘဝရဲ့မိုးကောင်းကင်ပါ၊ မောင့်နောက်ကို လတ် အချိန်မရွေးလိုက်ရဲပါတယ်၊ ဒါပေမယ့် အဲဒီလိုလုပ်ဖို့ လိုမှမလိုအပ်ဘဲ၊ လတ်မိဘက မောင့်အပေါ် မကောင်းရင် မောင်ကြိုက်သလို ဆုံးဖြတ်ပေါ့၊ လတ်ပြောသားပဲ"

လတ်အသံက ငိုသံစွက်လာသည်။ သည်ကိစ္စမောင်မလိုက်လျောနိုင်တာ လတ် ဝမ်းနည်းသည်။ စိတ်ထိခိုက်သည်။

"လတ် မောင့်ကို စိတ်ရှုပ်အောင် မလုပ်ပါနဲ့"

မောင်က မျက်မှောင်ကုတ်ကြီးနှင့် ညစ်ညူးနေဟန်ပေါ်လွင်လာသည်။

"မောင် ဒီလို မကာစ်သင့်ပါဘူး"

"ဒီလိုဖြစ်မှာစိုးလို့ မောင်ပြောပြီးသားပဲ",

မိန်းကလေးတစ်ယောက်အတွက် လက်ထပ်ထိမ်းမြားမင်္ဂလာဆိုတာ တစ်သက်တစ်ခါရတဲ့ အခွင့်အရေးပါ။ ဒါကို လတ်





အချိန်ကြာမြင့်စွာ ရှင်းပြခဲ့ပြီးပါပြီ။ စည်းရုံးခဲ့ပြီးပါပြီ။ မောင်ကလည်း လတ်ကို တမင်တန်ဖိုးမထားချင်လို့ မဟုတ်ဘဲ အစွဲကြီးစွာ ယူဆချက်ပြင်းထန်နေတာ လတ်သိသည်။ ခံရခက်သည်။ ဘယ်လိုပြောပြော မောင် ခေါင်းမာသည်။ ငြင်းဆန်သည်။

လတ် လက်လျှော့ရတော့မှာလား မောင်ရယ်။

မျက်ရည်တွေ ဝေ့တက်စွာ မောင့်ကိုကြည့်မိသည်။

အချိန်တွေက တစ်နေ့ထက်တစ်နေ့ လတ်ဘက်မှာ နီးကပ်အရေးကြီးလာခဲ့ပါပြီ။ ခုဆို ဖေဖေက လတ်ရွေးချယ်ထားသောချစ်သူကို တွေ့ချင်နေပါပြီ။ လတ်ကိုခေါ်ခိုင်းနေပြီ။ လတ်ဘာဆက်လုပ်ရပါ့မလဲ။ မောင်ကလည်း လတ်ကို လက်မှတ်ထိုးလက်ထပ်ဖို့ပဲ တွင်တွင်ဆိုသည်။ မောင့်ဆုံးဖြတ်ချက်က လတ်ကိုတွေဝေစေသည်။ လတ်မိဘတွေကို ထိခိုက်စေသည်။

"ဟာ ဘာလို့ ငိုနေရတာလဲ"

မောင်က လတ်မျက်ရည်တွေကို အထိန့်တလန့်ဖြစ်သည်။ ချက်နှာညှိုးကျသွားသည်။

"မောင် မတရားဘူး"

ဗလုံးဗထွေး မပြစ်တင်မိ၏။

"အပြစ်လုပ်ခဲ့တာ တစ်ယောက်၊ ပြစ်ဒဏ်ခံရတာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်၊ အရင်တစ်ယောက်နဲ့ မောင်နဲ့ကိစ္စက လတ်နဲ့ ဘာဆိုင်လဲ လတ်ကို ဘာလို့ မယုံရတာလဲ၊ လတ်ရဲ့စိတ်ဓါတ်ကို မောင်ဘာလို့ တန်ဖိုးမထားတာလဲ ဟင်၊ သူလုပ်ခဲ့တဲ့ အပြစ်က လတ်နဲ့ဆိုင်သလား၊ မှားနေပြီ မောင်ရယ်၊ သိပ်မှားနေပြီ၊ လတ်အဖေနဲ့အမေက အပြစ်မဲ့ပါတယ်၊ အရုက်တကွဲအကျိုးနည်းဖြစ်အောင် လတ်မလုပ်ပါရစေနဲ့၊ စိတ်ညစ်အောင် မလုပ်ပါရစေနဲ့၊ မိဘကို အသိအမှတ်မပြုသလို လတ်မစော်ကားပါရစေနဲ့၊ မောင်လတ်ကို အကြပ်မကိုင်ပါနဲ့၊ အမှန်ကို အမှားဖြစ်အောင် မလုပ်ပါနဲ့"

ပြောရင်းပြောရင်းက လတ်အသံတွေ တုန်ယင်တိမ်မြုပ်သွားရသည်။

"မောင်ခံခဲ့ရတာ မှန်ပါတယ်၊ ဒါပေမယ့် လတ်လုပ်တာမဟုတ်ဘူးမောင်၊ တဇွတ်ထိုး တယူသန်တဲ့စိတ်နဲ့ လတ်ရင်ကျိုးအောင် မနှိပ်စက်ချင်ပါနဲ့"

ကားကို မမောင်းသေးဘဲ မောင်က ကျောက်ရုပ်လိုငြိမ်ကျတိတ်ဆိတ်နေ၏။

"မောင် ထပ်စဉ်းစားပါဦး"

မျက်ရည်တွေကို လက်နှင့် သုတ်ပစ်ကာ တိုက်တွန်းမိသည်။





"လတ်"

မောင်က လတ်လက်ကလေးကိုဆွဲယူပြီး တင်းတင်းကြပ်ကြပ်ဆုပ်ထားသည်။ ဘယ်လိုများ နှစ်သိမ့်အနိုင်ယူဦးမှာလဲ မောင်လတ် သည်းမခံနိုင်တော့ပါဘူး။ လက်ရဲ့ အမေအဖေရှေ့ကိုမလိုက်ရဲတဲ့မောင်၊ မလိုက်ပါဘူးလို့ ဆုံးဖြတ်နိုင်တဲ့ မောင့်ကို လတ်အရှုံးမပေးချင်ဘူး။

သူဆုပ်ထွေးထားသော လက်ကို ရုန်းပစ်လိုက်ပါသည်။

"လတ်ကိုချော့ဖို့ မကြိုးစားပါနဲ့မောင်"

သူ့မ စကားသံက လေးနက်အေးစက်နေ၏။

"လတ်နဲ့မောင် ဒီနေ့တွေ့ကြတာ နောက်ဆုံးလည်းဖြစ်ချင်ဖြစ်နိုင်ပါတယ်"

အားတင်းပြီး ပြောချလိုက်တော့ ဆတ်ခနဲဖြစ်သွားသူကမောင်။

"လတ် အဲဒီ စကားမျိုးပြောရက်သလား"

လတ်က နှုတ်ခမ်းကို သွားနှင့်ဖိကိုက်ထားသည်။

"ကြိုက်တဲ့သူကို မောင် လိုက်မေးစမ်းပါ၊ မောင် မှားသလား၊ လတ် မှားသလား မေးကြည့်စမ်းပါ"

"ဘယ်သူမှားလဲဆိုတာ အရေးမကြီးပါဘူး၊ ဒေါ်ရတနာ



www.burmeseclassic.com

www.burmeseclassic.com



ခန့်၊ အဓိကက ကျွန်တော်ဆုံးဖြတ်ချက်ကို ဒေါ်ရုတနာခန့် လိုက်လျှော့ဖို့ပါ၊ အဲဒါပါပဲ"

"ဒါသက်သက် ဗိုလ်ကျအနိုင်ကျင့်တာပါပဲ၊ နည်းလမ်း မမှန်ဘူး"

မောင်က လတ်ကို သူ့ရင်ခွင်ထဲဆွဲသွင်းပြီး ရုတ်တရက် တင်းတင်းကြပ်ကြပ် ဖက်ထားလိုက်၏။

"တော်တော့ ဘာမှမပြောနဲ့တော့ လတ်၊ နောက်တစ်ခါ နောက်ဆုံးဆိုတာကို မင်းပြောရင် မောင် ခွင့်မလွှတ်ဘူး၊ မင်း မောင်နဲ့ခွဲနိုင်လား၊ မောင်နဲ့ဝေးသွားတဲ့ ဒဏ်ကိုခံနိုင်သလား၊ ဟင် လတ် မင်းဘာလို့ ဒီစကားတွေကို ပြောရတာလဲ၊ မခွဲနိုင်မှန်းသိ လို့ မင်းရက်စက်ချင်တာလား"

လတ်ကို တင်းတင်းဖက်ကာဖက်ကာ တဖွဖွမေးနေတော့ လတ် ဘာမှ ပြန်မဖြေနိုင်။

"မောင် ဖယ်ပါ"

ခပ်ဆတ်ဆတ် လတ်အသံကို မောင်က ဂရုမစိုက်ပါ။ သူပြောချင်ရာပဲ စွတ်ပြောနေသည်။

"မောင် မင်းကိုမခွဲနိုင်ပါဘူး၊ မောင့်နောက်ကို လိုက်ခဲ့ပါ လတ်ရယ်၊ ကျန်တာတွေ တစ်သက်လုံး မောင်အလျှော့ပေးလိုက်





လျှော့ပါ့မယ်၊ မောင် တောင်းဆိုတာက ဒီတစ်ခုထဲပဲ၊ မောင် လတ်ကို သိပ်တန်ဖိုးထားပါတယ်၊ မောင့်အပေါ် နားလည်အမြင် ရှင်းပါကွာ"

စောစောတုန်းကလို 'ဒေါ်ရုတနာခန့်'တို့'မင်း'တို့ဆိုသော ခေါ်သံတွေ ပြယ်လွင့်ပြီး တိုးလျှိုးတောင်းပန်နေသော မောင့်ကို လတ်က ကရုဏာသက်လှစွာ ပြန်လည်ဖက်တွယ်ထားမိပြီး အားပါး တရ ငိုရှိုက်မိပါသည်။

ချစ်သူ့သက်တမ်းတစ်လျှောက်လုံးမှာ အရာရာကို လိုက် လျှောအနစ်နာခံကာ ဂရုစိုက်တတ်သော တည်တည်ကြည်ကြည် မောင့်ကို လတ်သိပ်ချစ်ရပါသည်။ ကျေးဇူးတင်ရပါသည်။ အားကိုး ဖြတ်နိုးရပါသည်။ မောင့်ဘက်က မလိုက်လျှောနိုင်တာသည် တစ်ခု တည်းပါ။

လတ် သိပါပြီ မောင်ရယ်။

ရုက်ခြင်း၊ နာခြင်းများစွာနဲ့ ဒီလိုအဖြစ်မျိုး နောက်တစ်ခါ ကြုံမှာ မောင်သေမလောက်ကြောက်နေပါပြီ။

လတ် လက်လျှော့လိုက်ပါပြီ မောင်ရယ်။

မောင့်ဝေဒနာကို လတ် နားလည်ပါပြီ။

ဘာပဲဖြစ်ဖြစ် သည်တစ်ခုကို လတ်ဘက်က လိုက်လျှော



www.burmeseclassic.com

www.burmeseclassic.com



ပေးရတော့မယ်ဆိုတာ လတ် သိပါပြီ။ အဲဒါမှသာ မောင့်စိတ်တွေ လတ်အပေါ် ယုံကြည်တော့မှာ။ သူများတွေနဲ့မတူသော မောင့် ပျော့ကွက်ကို လတ်က ထင်ထင်ရှားရှားသိလိုက်ပါပြီ။

မောင်ရယ် မျက်စိစုံမှိတ် မောင့်နောက်ကိုလိုက်ခဲ့ပါတော့မယ်။

မျက်ရည်ပူများက လတ်ပါးပြင်ပေါ် တလိမ့်လိမ့်ကျလာသည်။ မောင့်အင်္ကျီတွေပါ ရွှဲနစ်ကုန်၏။

ဖေဖေနဲ့မေမေရယ်…

လတ်ကို ခွင့်လွှတ်ပါ။ လတ်ကို နားလည်ပေးပါ။

စိတ္တဇလိုကို အရိုးစွဲနေတဲ့ မောင့်မယုံမရဲစိတ်ကို လတ်ပြုပြင်ပြောင်းလဲပေးဖို့ လိုက်လျောခြင်းဆိုတဲ့ တစ်နည်းပဲရှိပါတယ်။

ဖေဖေနဲ့မေမေရယ် မောင်က လတ်ကို ချစ်ပါတယ်။ တန်ဖိုးထားပါတယ်။ လတ် သိပါတယ်။ ဒါပေမယ့် အတိတ်က အရုပ်ဆိုးလွန်းခဲ့တဲ့ အရှက်တကွဲဖြစ်ခဲ့ဖူးတဲ့ ကိစ္စကြီးကို ကြောက်လန့်ပြီး ဖွတ်ငြင်းဆန်နေတာပါ။

မကြာခဏ တွေ့တိုင်းတွေ့တိုင်း ဆွေးနွေးရန်ဖြစ်ကာ အဖြေရှာမရခဲ့သော ပြဿနာသည် ညနေ လတ်မျက်ရည်တွေ ဖြိုင်ဖြိုင်ကျစွာ အဆုံးသတ်သွားခဲ့ပါပြီ။ အိမ်ကိုလိုက်ခဲ့ဖို့ မိဘစုံညီ





သွားကမ်းလှမ်းဖို့ ခမ်းခမ်းနားနားလက်ထပ်ဖို့ကို ဒဏ်ရာပြင်းစွာ ရထားဖူးသော မောင့်ဆီက မတောင်းဆိုတော့ပါ။

"ဒီနေ့ တွေ့ကြတာ နောက်ဆုံးပဲ"ဆိုသော ခွဲခွါစကားအပေါ်မှာ မောင်အရှုံးအမှုံးခံစားလိုက်ရတာ လတ် မြင်ပါသည်။

"မောင် လတ် ဘာမှ မတောင်းဆိုတော့ပါဘူး"

သူ့ရင်ခွင်ထဲမှ ခေါင်းလေးမော့ကာ သူ့မျက်နှာကို မေးဖျားမှ ပင့်ကြည့်ကာ ဆိုမိသည်။

"မပြောပါနဲ့တော့ လတ်ရယ်၊ မောင် တောင်းပန်ပါတယ်"

စောစောကလောက် လှုပ်လှုပ်ရှားရှားမဖြစ်တော့ဘဲ မောင်က တည်ငြိမ်စပြု၏။ လတ်စကားကို အဓိပ္ပါယ်ကောက်လွဲနေပါသည်။

"မဟုတ်ပါဘူး၊ လတ် မောင့်ဆုံးဖြတ်ချက်ကို လက်ခံပါ့မယ်"

"ဟင်"

မောက်က လတ်ကို ပွေ့ပိုက်ထားရင်းမှ တအံ့တသြ ငုံ့ကြည့်သည်။

"လတ်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



မချိမဆန့်ခေါ်သည်။ မောင့်အနမ်းတွေက လတ်အတွက် ချိုမြိန်လွန်းလှသည်။ တိမ်တိုက်တွေလို ပေါ့ပါးလွတ်လပ်စွာ စိတ်တွေလန်းဆန်းသွား၏။

ဖေကြီးနှင့်မေကြီးကိုတော့ စိတ်ထဲက အကြိမ်ကြိမ် တောင်းပန်မိသည်။

ဘယ်လိုမှ မတတ်သာလို့ မောင့်ကို လတ်လိုက်လျောရတာပါ။ တကယ်ဆို လတ် ရင်ထဲမှာလည်း ဖိတ်စာရိုက်ပြီး တခမ်းတနား လက်ထပ်ယူချင်တာပါပဲ။

"ဒါဆို မောင်တို့ ဘယ်နေ့ လက်မှတ်ထိုးမလဲ"

အားတက်သရော မောင်က မေး၏။ လတ်အပြုံးက နွမ်းဖျော့နေသည်။

"မောင့်သဘောပဲလေ၊ မောင် စီစဉ်ပါ"

မောင်က မယုံမရဲပင် ဖြစ်နေသေးသည်။

"ဒါ နောက်စရာလား"

"ကျေးဇူးတင်ပါတယ် လတ်ရယ်"

ရင်ထဲက လာသောစကားမှန်း လတ် ယုံကြည်မိပါသည်။

ဖြစ်မှ ဖြစ်ရလေ မောင်ရယ်...

မောင့်ရင်ထဲမှာ စိုက်ဝင်နေတဲ့ဆူးကို ဆွဲထုတ်ဖယ်ရှား





ပစ်ဖို့ အဆိပ်ပြယ်စေဖို့ လတ်ရတနာ ကြိုးစားရတော့မှာပါ။

ဖေဖေနဲ့မေမေက လတ်ကို ခွင့်လွှတ်နားလည်ပါ့မလား။

လတ်က သမီးအလိမ္မာလေးပါ။ ဘာမဆို မိဘကို ပွင့်လင်းစွာတိုင်ပင်ပြီးမှ လုပ်တတ်သူပါ။

သည်တစ်ခါတော့ လတ် မိုက်မဲတာကို နားလည်ပေးပါ မေမေရယ်။

လတ် ချစ်သူက သိပ်ကို အစွဲလန်းကြီးနေတယ်။ သူ့စိတ်ထဲမှာ ခါးသီးမှုတွေ၊ မျက်ရှုမှုတွေ၊ နာကြည်းမှုတွေ၊ ရှက်လန့်မှုတွေ မပြယ်သေးဘူး။

"မောင် အမြန်ဆုံးစီစဉ်ပါ့မယ်"

အသာအယာခေါင်းညိတ်ပြီး မောင့်ပခုံးမှာ ပါးလေးအပ်ထား လတ် ငြိမ်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com

ထွေးကိုတွေ့တွေ့ချင်းမမသန့်က 'အိုကေရဲ့လားဟင်'ဟု စိတ်စောစွာ မေးလာ၏။ ထွေး ခေါင်းခါသည်။

"ဖေကြီးတို့ကို မပြောရသေးဘူး"

"ဟင် ဘာလို့လဲ"

"အိမ်မှာက မမလတ်ကိစ္စ လောလောဆယ်ဝင်နေတယ်လေ၊ အဲဒါကြောင့်"

"တော်ကြာ အခွင့်အရေးကောင်း လက်လွှတ်သွားဦးမယ်"

"အင်း ဒီနေ့ညတော့ ထွေး ပြောကြည့်ပါ့မယ်"

ထွေးက အားမွေးနေမိတာပါ။ စိတ်ထဲမှာ ကိုယ့်ကိုယ်ကို အားပေးနေမိသည်။ ဖေဖေတို့ တားမြစ်ဆူငေါက်မှာကိုလည်း ကြိုတင်သိနေပါသည်။

"ဆက်ဆက်ပြောလိုက်တော့နော် ထွေး၊ မစ္စတာဒေးဗစ်တို့



www.burmeseclassic.com

www.burmeseclassic.com



ဘက်ကမေးလာရင် မမသန့်က ဘာပြောရမှန်းမသိဘူး။ ကိုမင်းခင်က ဖုန်းဆက်မေးမှာပဲ"

မမသန့်စကားကြောင့် ထွေးမျက်နှာလေး ချက်ချင်းပျက်သွား၏။ စိတ်ထဲမှာ သူ့ကို "ခု"နေမိပါပြီ။ ထွေးကို ကစားစရာအရုပ်များ မှတ်နေသလားမသိပါ။ သူ့ကို ထွေးရှောင်ဖယ်ဆက်ဆံဖို့ ဆုံးဖြတ်ထားမိ၏။ သူပဲ ပန်းစည်းလာပေးပြီး တမြတ်တနိုးလုပ်သွားပြီးမှ သူပဲ ဘယ်တုန်းကမှ မသိဖူးသူတွေလို ဟန်ဆောင်နေခဲ့ပြန်သည်။ ဘယ်လောက် မုန်းစရာကောင်းသလဲဆိုတာ။ သည်တစ်ခါဆိုရင်တော့ ထွေးအလှည့်။ ရှင် ပြင်ဆင်ထားပေတော့ ကိုမင်းခင်ဟု ရင်ထဲတေးမှတ်ထားလိုက်၏။

"ဟော ကိုမင်းခင်ဆီကလားမသိဘူး"

တယ်လီဖုန်းမြည်သံကြားသောအခါ မမသန့်က သတိတရရှေ့ရှတ်ပြီး ဖုန်းသွားကိုင်ပါသည်။

"ဩော် ရှိပါတယ်၊ ခဏကိုင်ထားနော်"

ထွေးဆီ မျက်လုံးဝေ့ကြည့်ကာ ပြောလာသောအခါ ထွေးရင်ထဲမှာ တဒုတ်ဒုတ်နှင့် ပြောင်းဆန်သွား၏။ လက်ဖျားထွေချက်ချင်းအေးစက်လာသည်။

"ထင်တဲ့အတိုင်းပဲ"





မမသန့်က ထွေးရှေ့ရောက်လာပြီးဆိုချိန်အထိ ထွေးက မလှုပ်မယှက်ငြိမ်သက်နေမိသည်။

"ထွေး သွားပြောလိုက်လေ"

"အင်း"

မမသန့်က အားမလိုအားမရဖြစ်လှစွာ ကြည့်နေ၏။

"ထွေးပါ"

အသံလေးက တိုးဖွဖွ၊ ကြားရရုံလောက်ကလေးပါပဲ။

"ဩော် ကျွန်တော်ပါ၊ မင်းခင်ပါ"

"ဟုတ်"

ဟိုတစ်နေ့ကလိုမဟုတ်ဘဲ ဖုန်းထဲမှာ သူ့အသံက ကြည်လင်ချိုရှနေသည်။ လာပြန်ပြီ နောက်တစ်မျိုးဟု ထွေးက သတိထားနေမိ၏။

"ပြောပါ"

"ထွေးဘက်က အကြောင်းပြန်နိုင်ပြီလား"

"ထွေး တိုင်ပင်နေတုန်းပါပဲ"

"ခင်ဗျာ"

ထွေးကို သူ အံ့သြသွားပုံရလေသည်။ သည်လောကထဲမှာရှိနေပြီးများ အခွင့်အရေးကို ဝမ်းသားအားရဖမ်းမဆုပ်ဘဲ တဲ့



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်းလက်နှေးနေတာ ထူးခြားလှပါဘိ။ ဘယ်လိုကောင်မလေးပါ လိမ့်။ တစ်မျိုးလေးပါလား။ နားလည်ရကြပ်လှသည်။ သိပ်ပြီး ခေါင်းခြောက်ခံစဉ်းစားနေစရာမလိုပါ။ ဒါက သူ့ကိစ္စမဟုတ်။ မစ္စတာအေးဗစ်တို့ကိစ္စ။ သူက ဝတ္တရားအရ၊ တာဝန်အရလုပ်ပေး ရသူ။ တိုက်တွန်းစရာလည်းမလိုပါ။ သူနှင့်ဘယ်လိုမှ မဆိုင်။

"အင်း တခြားတစ်ယောက်နဲ့ အဆင်ပြေရင်လည်း"

ထွေးက စကားတစ်ဝက်တစ်ပျက်နှင့် ရပ်ထားမိပါသည်။ နှမြောခြင်းက ရင်ထဲတိုးဝှေ့ရောက်လာ၏။

"အင်း ကျွန်တော်တို့ ကုမ္ပဏီက ကတိတည်တတ်ပါ တယ်၊ ခင်ဗျားသေချာချာ စဉ်းစားဆုံးဖြတ်ပြီးတဲ့ အချိန်ထိတော့ စောင့်မှာပါ၊ ဒါပေမယ့် ပြတ်ပြတ်သားသားပြောဖို့တော့ လိုပါ တယ်"

ထွေးက သက်ပြင်းမောရှိုက်သည်။

သူ့အသံလေယူ့လေသိမ်းက ထွေးနှင့် ဘယ်တုန်းကမှ မသိကျွမ်းခဲ့သူတွေလိုပါ။ အဲဒီလိုဖြစ်သွားတာကိုပဲ ထွေးက မခံမရပ် နိုင်လောက်အောင် အောင့်သက်ခံပြင်းနာကျင်ရစ်စေသည်။

သူ့မျက်လုံးတွေ၏ နက်ရှိုင်းနွေးထွေးမှုကို မေ့လို့ပင်မရ ပေါ့ပျက်ပျက်ခရီးသွားဟန်လွှဲ မဟုတ်ခဲ့တာ ထွေး သိနေပါသည်။





တို့ကြောင့်လည်း ထွေးက မှတ်မှတ်ရရ စွဲသွားခဲ့တာပါ။ ခုတော့…

ထွေး မျက်ရည်ပင် ဝဲ့ချင်သည်။

ရှင် ကြည့်ခဲ့တယ်ဆိုတဲ့ အကြည့်လေးတစ်ချက်ကို မိမိရရ ဖမ်းဆုပ်သက်သေထူလို့ မရနိုင်ပါဘူး။

ထွေးသိပါပြီ။

ထွေး နားလည်သဘောပေါက်ပါပြီ။ မကျေနပ်လည်း ဖြစ်မနေတော့ပါဘူး။ ခံနိုင်ရည်ရှိအောင်ပဲ ထွေး ကြိုးစားရမှာပါ။



www.burmeseclassic.com

www.burmeseclassic.com

အာကာမင်းဒင်က ကော်ဖီအေးတစ်ခွက်နှင့် ကိတ်မုန့်တစ်ချပ်ကို ကိုယ်တိုင်သယ်လာပြီး စားပွဲပေါ်အချရမှာပဲ ခပ်လှမ်းလှမ်းစားပွဲက ထွေးနှင့်မမသန့်ကို လှမ်းမြင်လိုက်ပါသည်။ လှမ်းမြင်သွားမှတော့ မခေါ်၍လည်းမကောင်းပါ။ ထွေးကလည်း သူ့ကိုလှမ်းကြည့်နေပါသည်။

ဝတ်ကျောတန်းကျေ ပြုံးရုံးပြုံးပြပြီး ခပ်တည်တည်ဆက်ထိုင်နေဖို့ ရည်ရွယ်သေးသည်။ သို့သော် အဲဒီလိုသာဆို သိပ်ရိုင်းသွားမည်။ သူ့မှာက အပေါင်းအသင်းလည်း ပါတာမဟုတ်။

ခပ်ငုံ့ငုံ့နှင့် သူ ဆုံးဖြတ်ရခက်နေသည်။

ထွေးက မျက်လွှာလေးချကာ ပင့်သက်လေးရှိုက်သည်။

နှုတ်ခမ်းလေးစေ့ပြီး မြုံးပြရုံလောက်သာ နှုတ်ဆက်သောသူ့ကိုသိပ်ပြီး မအံ့သြတော့ပေမယ့် စိတ်မကောင်းဖြစ်မိတာတော့ အမှန်ပါ။



www.burmeseclassic.com

www.burmeseclassic.com



သူ့ဘက်က သိသိသာသာ ရှောင်ချင်မှန်းသေချာသွားသော အခါ ထွေးဘက်ကလည်း အလိုက်သင့်နေပေးဖို့သာ ဆုံးဖြတ်ရပါမည်။

ထွေးက ဘာတွေကိုများ ဖွတ်ကြိုးစားမယ် ရှင်ထင်သလဲ ဟင်။

ထွေးအတွေးထဲမှာ နှင်းဆီပန်းရနံ့တွေက သင်းပျံ့မွှေးကြိုင် လာသည်။ နှုတ်ခမ်းလေးဖိကိုက်ကာ အတော်ကလေး ကသိ ကအောက်ဖြစ်ရသည်။ ဘာကိုမှန်းမသိ ဒေါသထွက်သည်။ ဝမ်း နည်းသည်။

"ထွေး သောက်လေ"

မမသန့်က ငေးငိုင်သွားသောထွေးကို သတိပေးသည်။

ဘေးကို ဖျတ်ခနဲရောက်လာသော အရိပ်ကြောင့် ထွေးက မော့ကြည့်မိသည်။

ကော်ဖီခွက်နှင့် မုန့်ထည့်ထားသော ဗန်းကလေးကိုင်ပြီး ရပ်နေသူက ကိုမင်းဒင်။

စားပွဲမှာ ခုံက လေးခုံရှိပြီး မမသန့်နှင့်ထွေးက မျက်နှာချင်း ဆိုင်ထိုင်နေသောအခါ သူက ဘယ်သူ့ဘေးဝင်ထိုင်ရမှန်းမသိ ဖြစ် သွား၏။





သူ့အခက်အခဲကို ထွေးက နားလည်စွာ မမသန့်ဘေးကို ရွှေ့ထိုင်ပေးလိုက်ပါသည်။ သူက ထွေးကိုကြည့်ကာ ပြုံးပြသည်။

"ကော်ဖီလာသောက်တာလား"

"ဟုတ်တယ်၊ ဆိုင်းဘုတ်ကလေးတွေ လာအပ်ရင်းနဲ့"

"ဪ"

မမသန့်နှင့်သူ စကားပြောပေမယ့် ထွေးက ငြိမ်သက်နား ထောင်နေပါသည်။

တော်သေးတာပေါ့။ ရွှေ့လာဖော်တော့ရသား။ ထင်သလောက် မရိုင်းသေးပါ။ မကောင်းတတ်လို့ ရွှေ့လာတယ်ဆို သည်း ထွေးက ပျော်တာပါပဲ။ အေးစက်စက်သူ့ကို ထွေးက အသည်းယားလှစွာ မျက်တောင်ခတ်လာမိပါသည်။

"ထွေး စဉ်းစားပြီးပြီလားဟင်"

"ဟုတ် ဆုံးဖြတ်ချက်တော့မချရသေးပါဘူး၊ ဒီနေ့ညနေ ခုပဲ ဖေဖေတို့ကို ပြောမှာပါ"

ပြောစရာစကား ဒါပဲရှိသလား ကိုမင်းဒင်ရယ်။

ထွေးကသူ့ကို မသိမသာကြည့်နေမိသည်။ သူက လုံးဝ ခကြည့်ဘဲ မုန့်စားနေသည်။ ကော်ဖီသောက်ပြီးလျှင် နှုတ်ဆက် ထွက်သွားတော့မှာ သိသည်။ သိပေမယ့် ထွေးက ဘာများဖွတ်



www.burmeseclassic.com

www.burmeseclassic.com



နိုင်မှာလဲ။

ထွေးမျက်နှာပျက်နေတာ မမသန့်က ရိပ်မိကောင်း ရိပ်မိနိုင်ပါသည်။ သိချင်လည်း သိပါစေတော့။ ဟန်မှမဆောင်နိုင်ဘဲ…

"မမသန့်တို့ လုပ်ငန်းက အောင်မြင်ပါတယ်"

"ဟုတ်လို့လား"

"ဟုတ်တာပေါ့ နာမည်ကြီးပဲဗျ"

သူ့စကားကို မမသန့်က ကျေနပ်သွားသည်။

"လုပ်တာကြာပြီ မဟုတ်လား"

"သုံးလေးနှစ်ပေါ့"

"မဆိုးပါဘူး တော်တော်များများသိကြတယ်၊ မမသန့်တို့က တော်ပါတယ်၊ နာမည်ထွက်နေပြီပဲ"

"တစ်ခါတလေတော့ အိပ်စိတ်ရှုပ်စရာကောင်းပါတယ်"

ထွေးက မမသန့်နှင့်သူ့ကို ထိုင်သာငေးကြည့်နေမိသည်။ ထွက်ထားသလိုပါပဲ။ ကော်ဖီကုန်သွားတော့ နှုတ်ဆက်သည်။

"ထွေး ဒီလူတည်သားပဲ မဆိုးဘူး"

မမသန့်က တစ်လမ်းတည်းနေပြီး သိပုံမရ။ တစ်လမ်းတည်းနေတာရော ဟုတ်ပါ့မလား။ မမသန့်က ဘာလို့သူ့ကို မသိတာလဲ။





အင်းလေ တစ်လမ်းတည်းပေမယ့် ခြံချင်းက ဝေးကောင်းဝေးနိုင်သည်။ တစ်ခါတလေ ခြံချင်းကပ်ပြီး မသိတာလည်းရှိနိုင်ပါသည်။

သီးသီးသန့်သန့် နေကြတာမို့ တစ်ခြံနှင့်တစ်ခြံမခင်တာမျိုး မသိတာမျိုးရှိနိုင်ပါသည်။ လမ်းမှာကြုံမှ ကြုံဖန်များမှသာ မျက်မှန်းတမ်းမိကာ သိလာကြတာမျိုးပါ။

မမသန့်က စကားပင်ပြန်မပြောနိုင်လောက်အောင် ဖြစ်လျက်ထွက်သွားသော မင်းဒင်ကိုသာ လိုက်ကြည့်နေသည့် ထွေးကို နောက်ထပ်စကားမဆိုမိတော့ဘဲ ငေးလို့သာ ကြည့်နေမိပါသည်။

သည်ကောင်မလေး ဘယ်လိုဖြစ်ပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com

ဖေဖေနှင့်မေမေက ထွေးပြောနေသမျှ နားထောင်နေပြီး စကားဆုံးတော့ နှစ်ယောက်စလုံး လက်မခံပါ။ ထွေးက တရှည် တလျား ရှင်းပြလိုက်ရသည်မို့ မောသွားသည်။ သည်ကြားထဲ ဖေဖေတို့က လက်မခံသောအခါ ပိုပြီး အမောဆို့သွားသည်။

"မဖြစ်ပါဘူး သမီးရယ်"

မေမေကလည်း ဖေဖေနှင့် သဘောထားတူသည်။

"အဲဒီ အသိုင်းအဝိုင်းက အရမ်းရှုပ်ထွေးပါတယ်"

"သမီး မငြင်းပါဘူး၊ ဒါပေမယ့် နေတတ်ရင် ရပါတယ် ဖေဖေရယ်"

"နေတတ်ရင် ဘယ်လိုလုပ်ပြီးရမှာလဲ၊ ဆက်ဆံပြောဆို ပတ်သက်နေရမယ့် သူတွေက တစ်ပုံကြီး၊ လူကောင်းသူကောင်း တွေရှိသလို ဆိုးတဲ့သူ ညစ်ပတ်တဲ့သူတွေ ရှိမှာပဲ"

"သမီး နေတတ်ပါတယ် ဖေဖေ"

"သမီး ဒုက္ခရောက်မှာစိုးလို့ တားနေရတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"သမီး နားလည်ပါတယ်၊ ဒါပေမယ့် ဒီတစ်ခုတော့ စကားကျွံပြီးသားမို့ ရိုက်ပါရစေ၊ နောက်တစ်ခုလည်း လက်မခံပါဘူး"

ထွေးကတစ်ဆင့်လျှောကာ ပြောလိုက်သည်။ ဖေဖေကပြုံး သက်စဉ်းစားနေတော့ အားတက်ကာ 'ဒီတစ်ခုတည်းပါပဲ၊ ဒီတစ်ခု တည်းပါ' ဟု ထပ်တလဲလဲတောင်းဆိုတောင်းပန်နေသည်။

ဖေဖေငြိမ်နေသောအခါ မေမေကပါ စကားမဆိုတော့ဘဲ စောင့်ဆိုင်းနေ၏။ တစ်သဘောတည်းဖြစ်အောင်သာ မေမေက ဖေဖေ့ကို မဆန့်ကျင်တာ။ ဖေဖေ့လောက်ဆိုးဆိုးရွားရွား ကန့်ကွက် နေတာမျိုးမဟုတ်။ ထွေး ဘယ်လောက်စိတ်ပါနေတာ အမေမို့သိ သည်။ သည်လိုအခွင့်အရေးရမှတော့ ဘယ်လက်လွှတ်ခံပါ့မလဲ။ သူ့ဖေဖေကိုမရရအောင် ဖွတ်ပူဆာပြီးတော့ကို လုပ်တော့မှာ။ ဒါကို ကြိုသိပေမယ့် အဖေနှင့်အမေဆိုတာ သမီးသုံးယောက်ရှေ့မှာ သဘောဆန္ဒထပ်တူရှိဖို့ အရေးကြီးပါသည်။ ဖေဖေ'အင်း'ဟု ခေါင်းညိတ်လျှင် မေမေက ဘာမှထပ်ပြီး တားမြစ်စရာမရှိတော့ပေ ဒါတွေကို ထွေးလည်းသိကာ ဖေဖေ့ကိုပဲ ဦးတည်တောင်းဆိုနေပေ သည်။ သမီးက ပြင်းပြင်းပြပြရှိလွန်းသောအခါ အဖေလည်း ကြာ ရှည်တင်းမနေနိုင်တော့ဘဲ နောက်ဆုံးမှာ....'

"အင်း ဒီတစ်ခုပဲနော်၊ နောက်တစ်ခါ ဘာစကားမှ မထွက်





စေနဲ့၊ တစ်ခါတည်းငြင်းလိုက် ကြားလားသမီး"

"ဟုတ် ဟုတ်ကဲ့ပါ ဖေကြီး"

ပျော်ရွှင်လို့ ခုန်မတတ်ပင် ဝမ်းသာသည်။ ဘာပဲဖြစ်ဖြစ် ထွေးလျှောက်ချင်သောလမ်းပေါ် ခြေချခွင့်ရပါပြီ။ သည်လိုဖြစ်လာဖို့ ချော့လင့်ခဲ့ရတာကြာပါပြီ။ စောင့်နေခဲ့ရတာကြာပါပြီ။

"သမီးလေးဘေးမှာ အမြဲတမ်းလိုက်နေနော်၊ သမီးက ဘယ်သွားသွား အမေကိုခေါ်၊ တစ်ယောက်တည်း ဖေဖေ လုံးဝ ခွင့်မပြုဘူး"

"အင်းပါ ဖေဖေ၊ မမသန့်လည်းရှိသားပဲ"

ဖေဖေက စိတ်ပူတတ်သည်။ အစိုးရိမ်လွန်နေသည်။ ဖေဖေ ဆင်ထားသလောက် ဆိုးဆိုးရွားရွားမဟုတ်လှပါ။ ရိုးရိုးသားသား အေးအေးဆေးဆေးစစ်မှန်စွာ အနုပညာလမ်းပေါ် လျှောက်နေကြသူ တွေ အပုံအပင်ရှိပါသည်။

သို့သော် ဘယ်သူ့ကိုမဆို ညစ်ဖို့ ချောက်တွန်းဖို့သာကြည့် တတ်သော လူတစ်စုလည်း ရှိကောင်းရှိနိုင်ပါသည်။

ဒါတွေကို ထွေးက သတိထားဆင်ခြင်ရှောင်တိမ်းတတ်နေ ပါပြီ။ ထွေးလည်း မော်ဒယ်လမ်းပေါ် ရောက်နေခဲ့တာကြာပြီပဲ။ အတွေ့အကြုံလည်းရှိသင့်သလောက်ရှိနေပါပြီ။

ထွေးလက်ခံရိုက်ပေးတော့မယ်ဆိုတာ ပထမဆုံး မမသန့်



www.burmeseclassic.com

www.burmeseclassic.com



နှင့်ကိုမင်းခင်ကို အသိပေးပြောပြချင်ပါသည်။ မမသန့်က ဘယ်တော့မဆို စိတ်ကောင်းထားကာ ကူညီတတ်သူ။ ထွေးက ဝမ်းသာသွားအောင် ပြောသင့်ပါသည်။ ထားပါတော့ ဖို တစ်ယောက်ကိုတော့ ဘာကြောင့်ပြေးပြီး ပြောပြချင်မှန်းမသိ။ သူ့ ဘက်က အမြဲတည်တင်းတင်းပုပ်သိုးသိုးရယ်။ ရှောင်ချင်သလိုလို တိမ်းချင်သလိုလို ဘယ်လိုမှန်းကိုမသိပါ။ ဒါကိုများထွေးက ဖုန်း ဆက်ပြောပြချင်သတဲ့လား။ သူ့အပေါ် ငြိတွယ်မိသောစိတ်က ဆန်း ကြယ်လွန်းလှ၏။ တွေ့တွေ့ချင်းမှာ နားလည်မှုရခဲ့သော တစ်ခု တစ်ရာလေးက ထွေးရင်ထဲမှာ ကိန်းအောင်းရှင်သန်နေဆဲပါ။ ထွေး ကိုယ့်ကိုယ်ကို သနားလိုက်မိသည်။

တော်ပါပြီ မပြောတော့ပါဘူး။

ဆန္ဒတစ်ခုကို ထိန်းချုပ်မြိုသိပ်ပစ်လိုက်သည်။ ပထမဆုံး သတိတရပြောပြချင်သူကို အဆင့်ကျော်ကာ မမသန့်ကိုပဲ အသိ ပေးလိုက်၏။

"ကိုမင်းခင့်လည်း ဖုန်းဆက်ပြောပေးပါ"ဟု ဝတ္တရား အရသာ ပေးခိုင်းလိုက်တော့သည်။

ထွေးရင်ထဲမှာ ဖြစ်ပေါ်နေသော ခံစားမှုလေးတွေကို သူ တော့ နားလည်ပါ့မလားမသိပါ။



အလှဆုံးသော ပုံရိပ်လေး နှလုံးသားမှာ ရေးခြစ်သွားခဲ့ သူရေ....

သိမ်းထားလိုက်တော့မယ် တို့လေ အမြဲတမ်း....
ပျောက်ပျက်လို့ မသွားနိုင်ပါဘူး။
ရင်ခုန်စရာ အချစ်သံယောဇဉ်လေးတွေ
ရင်မှာသိမ်းထားလိုက်တော့မယ် အမြဲတမ်း....
တစ်ကြိမ်သာ ဘဝမှာ ကြုံလာတယ် အချစ်မို့
ထာဝရအမြဲတမ်း ရင်ခုန်စွာ တန်ဖိုးထား...(လား)

"ထွေး"

"ရှင်"

မမသန့်ခေါ်သံကြောင့် နားကြပ်ကက်ဆက်ကြိုးကို အစဖက်ဖြုတ်ပစ်ကာ လှည့်ကြည့်ထူးမိပါသည်။

"ဖုန်း"

မမသန့်က ထွေးအတွက် တယ်လီဖုန်းလာနေကြောင်း



www.burmeseclassic.com

www.burmeseclassic.com



သတင်းပေးသည်။

"မေမေလား"

ထွေးရှိတဲ့နေရာကို မကြာမကြာ ဖုန်းလှမ်းဆက်တတ်သူက ခမမေပါ။

"မဟုတ်ဘူး"

"ဟင် ဘယ်သူလဲ"

ထွေး အံ့ဩမှုပိုကာ မေးမိပါသည်။

"ကိုမင်းဒင်"

မမသန့်ကို ထွေးမျက်လုံးဝိုင်းများဖြင့် မော့ကြည့်မိလေသည်။

ဒါမျိုးကို ဘယ်တုန်းကမှ မနောက်ဖူးတာကြောင့် ဒါဟာ ဘာကယ်ပါပဲဆိုတာ ယုံလိုက်မိသည်။ ရင်ထဲမှာ ဒိတ်ခနဲခုန်၏။ ဘယ်လိုခံစားမှုမှန်းမသိပါ။ မျက်နှာလေး ငိုမဲ့မဲ့ပင်ဖြစ်သွားရသည်။

"သွားပြောလိုက်ဦးလေ"

မမသန့်က ငိုင်တွေသွားသော ထွေးကို အကဲခတ်သလို ကြည့်နေသည်။

"ဟုတ်ကဲ့"

မမသန့်ရှေ့မှာ အသာကလေးထွက်လာခဲ့၏။ တယ်လီဖုန်း





အားနားရောက်သောအခါ ဝပ်မင်းနိလေးကို ခံ့ပေါ်အသာဖြုတ်ပြီး ချထားလိုက်၏။

"ဟယ်လို"

"ထွေးလား ကျွန်တော်ပါ မင်းဒင်"

ဩဩချိုချိုအသံကြားလိုက်ရသောအခါ ထွေးရင်ထဲမှာ ကျေနပ်လွန်းစို့ စူးအောင့်သွားသည်အထိပါ။ သူဖုန်းဆက်လိမ့်မည်ဟု ထွေးက မထင်မိပါ။ လုံးဝကို မထင်ထားခဲ့ပါ။ ဝမ်းသာလုံးဆို့တာ မျက်ရည်တွေပင် ဝေ့တက်သွားရသည်။ သူ့အပေါ် ထွေး အဲဒီလောက်တောင်ဖြစ်နေမိသလား။ ကိုယ့်ကိုယ်ကိုဆန်းစစ်မိရင်း လန့်ဖြန့်တုန်လှုပ်၏။ အရှုံးဆိုတာကိုထွေးက မခံစားချင်ပါ။

"ထွေးလက်ခံလိုက်ပြီဆိုတာ သိရလို့ ကျွန်တော်က ဂုဏ်ယူဝမ်းသာပါတယ်၊ ကျွန်တော်တို့ဘက်က ဆောင်ရွက်စရာရှိတာ ဆက်လုပ်ပေးသွားမှာပါ၊ ကျွန်တော်တို့ ထပ်တွေ့ကြရဦးမယ်၊ အဲဒါ ခမသန့်နဲ့ပဲ ဆက်သွယ်ရမလား၊ ထွေးဆီ တိုက်ရိုက်ပဲ ဆက်သွယ်ရမလား၊ အဲဒါ ပြောထားပါဦး"

သူက စကားတွေဆက်တိုက်ဆိုပါသည်။ ထွေး ငြိမ်သက်စွာ နားထောင်နေမိ၏။

"ထွေးကို ဆက်သွယ်ရင် ဒီဖုန်းနဲ့ပဲ ဆက်သွယ်ရမလား"



www.burmeseclassic.com

www.burmeseclassic.com



ထွေးက စကားပြန်ပြောဖို့ အရှိန်ယူနေမိသည်။ ဘယ်လို မေးခွန်းမျိုးစ၊ မေးသင့်သလဲ။ ထွေး မရွေးချယ်တတ်ပါ။ စိတ်ထဲမှာ မေးချင်တာကိုပဲ ဦးစားပေးမေးဖြစ်တော့သည်။ မှားယွင်းသွားသလားတော့မသိပါ။ ရင်ထဲကဆန္ဒကို မအောင့်အီးနိုင်ပါ။ ဖွင့်ထွက်ပေးဖြစ်သွားသည်။

"ကိုမင်းဒင် ဝမ်းသာနေတယ်နော်၊ ထွေးလက်ခံလိုက်တာကို သိပ်ပျော်နေပုံပဲ၊ ဟုတ်လားဟင်"

သူက ရယ်နေသည်။ ပြီးမှ....

"ဟုတ်တာပေါ့၊ ကျွန်တော့်လုပ်ငန်းအောင်မြင်တာ၊ ကျွန်တော်ပျော်တာပေါ့ဗျာ၊ ဘယ့်နှယ့်ပြောပါလိမ့်။ ကျွန်တော်ကျေနပ်တာပေါ့။ ဒီလိုမှဖြစ်ပါ့မလားလို့ တထင့်ထင့်ဖြစ်နေတာ။ ကျွန်တော့်ဘော့စ်ကလည်းဒီကိစ္စကို ဖြစ်စေချင်တယ်။ ကျွန်တော်တို့နှစ်ယောက်စလုံး ဝမ်းသာပါတယ်"

သူ့အဖြေတွေက ဝမ်းသာစရာမကောင်းလှပေ။ သာမန်သဘောထားမျိုး။ ထွေးအပေါ် ထူးကဲသော ခံစားမှုတစ်စုံ တစ်ရာမပါ။ ပကတိရိုးသားနေသည်။ ထွေးမျက်နှာလေးက ပထမဆုံးအပြုံးတွေပျောက်ကွယ်သွားသည်။ နောက်တော့ အရှိန်တင်းမာအေးစက်သွား၏။ တဖြည်းဖြည်းနှင့်တင်းမာမှုတွေ လျော့နည်းကာ





ညှိုးငယ်ခြင်းများ ထင်ဟပ်လာသည်။

သူ့လုပ်ငန်းတစ်ခု ချောမွေ့အောင်မြင်တာကို သူက ကျေနပ်နေသတဲ့လား။ သည်ထက်မပိုဘူးလား ဦးမင်းဒင်ရယ်။

"ထွေး"

"အင်း ပြောပါ"

"ကျွန်တော် မေးတာဖြေပါဦး"

သိသိသာသာ အေးစက်ငြိမ်ကျသွားတာကို အာကာမင်းဒင်နားမလည်ပါ။ သူ့အပေါ်လိုတာထက် နည်းနည်းပိုနွေးနေသောအသံလေးကို သူ နားမလည်နိုင်အောင်ပါ။ လိုလားမှုလေးစွက်ကာအရေးတယူလေးရှိနေတာကို မသိမသာ ဖယ်ကျန်နေရသူက အာကာမင်းဒင်။

ထွေးပုံစံလေးက ပေါ့ပေါ့သွက်သွက် ကဲကဲညည်လည်လေးလည်း ဟုတ်ပုံမရပါဘဲ သူ့ကိုမှ အဲဒီလိုလေးဖြစ်နေတာကို အတဲခတ်သဘောပေါက်မိသောအခါ စိတ်လည်းရှုပ်၊ အားလည်းနာပါသည်။

သူ့မှာက ချစ်သူ ခိုင်ခိုင်မာမာရှိပြီးသား။

ချစ်သူရှေ့နေမလေးကို သူက တနင့်တပိုးချစ်ရပါသည်။ အခြားကောင်မလေးတွေ သူ စိတ်မဝင်စားချင်တော့ပါ။



www.burmeseclassic.com

လတ်ကိုပဲ သူချစ်သည်။ လတ်က တခြားကောင်မလေး တွေနှင့်မတူဘဲ သူ့အပေါ် အချစ်ပိုသည်။ လေးစားမှုလည်း ရှိသည်။ အားလည်းကိုးသည်။ လတ် စိတ်ဆင်းရမည့်ကိစ္စမျိုးကို နှမ်းတစ်စေ့မှ သူမလုပ်ချင်။ အတတ်နိုင်ဆုံးဆင်ခြင်သည်။ သူ့ဘက်ကစောင့်ထိန်းမှုကို သူ အသိဆုံးပါပဲ။

"ထွေးက ဒီမှာပဲ တစ်နေ့လုံးလုံးလိုလိုရှိတတ်ပါတယ်။ ထွေးမရှိလည်း မမသန့်ကိုမှာထား ရပါတယ်" ဟု ထွေးက သက်ပြင်းတစ်ရှိုက်နှင့်ဆိုသည်။

"မစ္စတာဒေးဗစ်ကလည်း ကွန်ကရက်ကျူလေးရှင်းတဲ့"

"ဟင် ရိုက်တောင်မရိုက်ရသေးဘူး၊ ပရိသတ်လက်ခံမယ်မှန်း မသေချာသေးပဲနဲ့များ ထွေးက သိပ်မယုံရဲဘူး"

အရှိအရှိအတိုင်းပဲပြောမိပါသည်။ တစ်ခုခုဆိုထွေးက အဆင်မပြေမှာ သိပ်ကြောက်တတ်သူပါ။ ပြီးတော့ ဒါကပွဲဦးထွက် ပထမဆုံးခြေလှမ်းမို့ အောင်မြင်မှုရချင်တာတော့လည်း အမှန်ပါ။ ဖေဖေမေမေတို့နှင့်လည်း အတော်ပြောယူထားရသည့်ကိစ္စ။ မညာစတမ်းဝန်ခံရလျှင် ထွေးစိတ်တွေလှုပ်ရှားနေမိတာအမှန်ပါ။

"အားလုံးအဆင်ပြေပါစေဗျာ"

"ကျေးဇူးတင်ပါတယ် ကိုမင်းဒင်"





ထွေး ခပ်စိမ်းစိမ်းပဲ ဆိုမိတော့သည်။ သည့်တစ်ခါတော့ သူ့ဘက်က တိတ်ဆိတ်သွားသည်။ ထွေးလည်း နှုတ်ဆက်စကားမဆိုဘဲ ဖုန်းချလိုက်၏။

ရင်ထဲမှာတော့ မတင်မကျ။

သူ တကယ်ပဲတည်ငြိမ်နေတာလား ဟု တွေးမိလာတော့သည်။



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com

ထွေးနှင့်တွေ့ဖို့ကိစ္စ မမသန့်ဆီ ဖုန်းဆက်သောအခါ မထင်မှတ်ဘဲ မမသန့်က ထွေးဖုန်းနံပါတ်ကိုပေးသည်။ အာကာမင်းဒင်လည်း ခေါင်းညိတ်ကာ ဘောပင်နှင့်ရေးမှတ်လိုက်၏။ ပထမတော့ အမှတ်တမဲ့ပါပဲ။ နောက်တော့မှ 'ဟင်'ဟု မျက်ခုံးပင့်သွားရသည်။

လုံးဝမထင်မှတ်ထားခဲ့ပါ။

ထွေး၏ဖုန်းနံပါတ်က ချစ်ရသူ လတ်ကလေး၏ ဖုန်းနံပါတ်နှင့်တူနေသည်။ ဖုန်းနံပါတ်ကို ချရေးပြီးမှ သူ ဟင်ခနဲအံ့ဩယူရသည်။

"လတ် ဖုန်းပဲ"

တစ်ခါမှ မဆက်ဖူးပေမယ့် သူ့ခေါင်းထဲမှာ အလွတ်ရနေသည်။ အဲဒါပဲကြည့် သူ့ရင်ထဲ လတ် ဘယ်လောက်လွှမ်းမိုးစိုးပိုင်ထားသလဲဆိုတာ။ လတ်တို့အိမ်က မိသားစုဝင်တစ်ယောက်ယောက်နှင့်တိုးမှာစိုးတာကြောင့် လတ်၏ဖုန်းကို ဖုန်းဆက်စရာမလိုခဲ့။



www.burmeseclassic.com

www.burmeseclassic.com



လတ်နှင့်သူက အတတ်နိုင်ဆုံး တိတ်တိတ်ကလေး နေကြသည်။ သိပ်ပြီး သွားသွားလာလာ တတွဲတွဲလုပ်လေ့မရှိ။ လတ်ဆီနေ့တိုင်း လိုလိုရောက်ဖြစ်နေတာကြောင့်လည်း ဖုန်းဆက်စရာမလိုခဲ့။ လတ်က အိမ်ကို အသိမပေးသေးပါ။ သူ့ဘက်က လတ်မိဘတွေနှင့် ရင်မဆိုင်ချင်တာကြောင့် သိုသိုသိပ်သိပ်ပဲနေလိုက်ပါသည်။

"ကိုမင်းခင်"

"ဗျာ"

"ဘာတွေပြောနေတာလဲ မကြားရဘူးရှင့်၊ မှတ်လို့ရပြီလား"

မင်းခင်ဗလုံးဗထွေးရေရွတ်တာမို့ မမသန့်က ပီပီသသကြားလိုက်ပုံမရ။

"ဩော် ဘာမှမဟုတ်ပါဘူး၊ ရပါပြီ၊ ကျေးဇူးပါပဲဗျာ"

"ကိစ္စမရှိပါဘူး၊ မမသန့်က လိုလိုမယ်မယ် ပေးထားတာပါ။၊ တစ်ခါတလေ အရေးကြီးရင် တိုက်ရိုက်ဆက်သွယ်လို့ရတာပေါ့"

"ဟုတ်ကဲ့"

မင်းခင်က တယ်လီဖုန်းချပြီး ဖုန်းနံပါတ်ကို ခပ်ကြာကြာငေးစိုက်ကြည့်နေမိသည်။ လတ်ပြောဖူးတဲ့ ညီမမော်ဒယ်ဂဲလ်ဆိုတာ





ထွေးပါလား။ ထွေးကရော သူ့ကိုသိလား။ ထွေးမျက်လုံးလေးတွေက တစ်ခုခုကို သိထားတာထင်ရှားနေသည်။ သူနှင့်လတ်အကြောင်းကို ထွေးက သိထားတယ်ထင်ပါရဲ့။

အာကာမင်းခင် ခေါင်းကြီးသွားမိပါသည်။ ထွေးက အိမ်ကိုဘာမှ ပြန်မပြောဘဲ နေမတဲ့လား။

"ပြဿနာပဲ"

သူကလည်း သူ။ တော်တော်ညံ့ပါသည်။ ထွေးကို လတ်ညီမလေးမှန်းမသိခဲ့ပါ။ ဘယ်လောက်ထူလဲဆိုတာ။ ထွေးကမှ သူ့ထက်ပါးသေးသည်။ သူ့ကိုကြည့်တဲ့မျက်လုံးလေးတွေက တစ်မျိုးဖြစ်နေသည်။ ခုမှပဲ ထိုအဓိပ္ပါယ်ကို သူနားလည်သည်။

မင်း ခဲအိုလောင်းက ခပ်ညံ့ညံ့အဖျင်းဖျင်းပါပဲ ထွေးရယ်။

အာကာမင်းခင်က ခုမှ သက်ပြင်းရှိုက်သည်။ ရှက်မိသည်။ မျက်နှာပူအားနာသည်။ ကိုယ်က ဘုမသိဘမသိ ခပ်ဖယ်ဖယ်လုပ်နေခဲ့တာ။ တကယ်ဆို ထွေးကို ဖော်ဖော်ရွေရွေရှိသင့်တာပါ။

ဆောရီးပဲ ထွေးရယ်။

သူ့ဘက်က ရိုင်းပျသလိုဖြစ်ခဲ့ရော့သလား။ မကျေမနပ်မျက်လုံးလေးတွေက ဖြုန်းခနဲဖွင့်ထွက်ဖွင့်ချပြောခံတော့မယ်အတိုင်း အနိုင်နိုင်ထိန်းထားရတဲ့ ပုံစံလေး။



www.burmeseclassic.com

www.burmeseclassic.com



တဖြည်းဖြည်းနှင့် သေချာတွေးမိသောအခါ အာကာမင်းခင် ဖွဖွတိုးတိုးရယ်မောနေမိသည်။

သူ့အပေါ် တရင်းတနှီးကလေးရှိရှာသော တွေးကို နားလည်အားနာမိလေသည်။ သူ သည်လိုမလုပ်သင့်ပါ။

တွေးကလတ်ညီမလေးမို့ သူကပြေလည်အောင် ဆက်ဆံရမည်။ သူ တိတ်တဆိတ်ဆုံးဖြတ်ထားမိလေတော့သည်။

မစ္စတာဒေးဗစ်က တွေးဆီ ဖုန်းဆက်နိုင်းသောအခါ အာကာမင်းခင်က မမသန့်ဆီ ဖုန်းဆက်ပေးရပါသည်။

မမသန့်က တွေးသည်နေ့မလာကြောင်းပြောပြီးသောအခါ...

"မနက်ဖြန် ရှိုးရှိတယ်၊ လာအားပေးပါဦး"ဟု ခေါ်လေသည်။

"ဟာ ဟုတ်လား၊ ဘယ်မှာလဲ"

သူက နေရာရော၊ နာရီပါမေးသည်။ တိတိကျကျ သွားတာက သွားဖို့ရည်ရွယ်လို့ပါ။ မစ္စတာဒေးဗစ်ကလည်း သွားမှာသေချာပါသည်။ မစ္စတာဒေးဗစ်တို့ တစ်ဖွဲ့လုံးက တွေးကို ဆိုအားပေးချင်ကြသည်။

လတ် ညီမလေးတွေးဟာ မော်ဒယ်လောကမှာ လူချစ်လူခင်များပြီး မျက်နှာပွင့်လွန်းသူလေးပါ။ ဒါကိုတောင် သူကမသိဘူး။ ဘယ်လောက်ပေါ့လျော့လစ်ဟင်းသလဲဆိုတာ။

"ကိုမင်းခင်တို့ တကယ်လာအားပေးမှာလား"





www.burmeseclassic.com

www.burmeseclassic.com



*တိတိကျကျတွေးမေးနေသောအခါ မမသန့်က မေ*

သလို ပြန်မေး၏။ မမသန့်ဘက်က ဘာရယ်လို့မဟုတ်ခေါ်မိ

ပါ။

"လာရမှာပေါ့ လာမှာပါ"

မမသန့်က ဝမ်းသာသွားလေသည်။ ဖုန်းချပြီး မစ္စ

ဒေးဗစ်ကို ပြောပြမိသည်။ မစ္စတာဒေးဗစ်က ချက်ချင်းပဲ လက်

ဝယ်နိုင်း၏။ အချိန်ပင် မဆိုင်းပါ။ ရုံးက ကောင်မ

တစ်ယောက် ချက်ချင်းပြေးသည်။ အာကာမင်းခင် ကျေနပ်

သည်။

သူတို့လာအားပေးတာတွေ့ရင် ထွေးဘယ်လောက်

သွားမလဲ။ ထွေးက မိသားစု၏ အားပေးမှုကို ငံ့လင့်တောင်

နေသူပါ။

လတ်တို့က ထွေးဝါသနာကို အားပေးပုံမရပါ။ ကန့်

တားမြစ်နေကြတာကို ဖောက်ထွက်ကြိုးစားနေသူလေးမှန်း အာ

မင်းခင်သိသွားသည်။

လတ်၏ညီမလေးကို အားပေးဖို့ သူ တွေးမိလော

သည့်အတွက် ခြေတစ်လှမ်းထပ်မှားဦးမယ်ဆိုတာ အာ

မင်းခင် ဘယ်လိုလုပ်ပြီး သိနိုင်မလဲ။



ပွဲမစခင် ခပ်စောစောပဲ သူတို့ ရောက်သွားခဲ့ကြသည်။

မမသန့်နှင့်ထွေးက သူတို့ကို လာနှုတ်ဆက်ပါသည်။

နက်ပြာရောင်ပေါ်မှာ ပန်းရောင်ဖျော့ အစင်းကြောင်း

ကလေးတွေပါသော မော်ဒယ်ဂါဝန်ရှည်ကြီးနှင့် ဖြောင့်စင်းကျော့

မော့နေသည့်နေလေသည်။ ထွေးနှင့် လတ်က ညီအစ်မပေမယ့် သိပ်ရုပ်

ချင်းမဆင်။ လတ်က ရှေ့နေမပီပီ နေတာထိုင်တာ တည်တည်

ပြတ်ပြတ်နှင့် အလှလည်း သိပ်မပြင်ပါ။ မော်ဒယ်တစ်ယောက်နှင့်

ဘယ်လိုလုပ် တူမှာလဲ။

ထွေးက မစ္စတာဒေးဗစ်ကို နှုတ်ဆက်သည်။ သူ့ဘက်ကို

မျက်လုံးလေး ရွှေ့မလာဘဲ နေသောအခါ အာကာမင်းခင် ဘာလုပ်

ရမှန်း မသိအောင်ပါ။ ထွေးက ဟန်ဆောင်ပန်ဆောင်ပင် သူ့ကို

မခေါ်ပါ။ မမသန့်ကမှ လှမ်းကြည့်ပြီး ပြုံးပြသေးသည်။

"မမသန့် ထွေးသွားတော့မယ်၊ ဟိုမှာ ညီစရာတွေ ရှိ

သေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဆွေးက ကက်ဝေါ်ခ်လျှောက်ရမှာမို့ နှုတ်ဆက်လေသည်။ သူ့ရှေ့မှ ခပ်ငိုင်ငိုင်ကလေး ဖြတ်သွားသော ဆွေးကိုကြည့်ပြီး အာဏာ ခင်းအင် ဘာလုပ်ရမှန်းမသိအောင်ပါ။ လက်ထဲကပန်းစည်းဆို တစ်ချက် ငုံ့ကြည့်မိသည်။ ဆွေးအတွက်ဆိုပြီး ယူလာခဲ့သော နှင်းဆီကြက်သွေးရောင်များ၊ ဖဲကြိုးအဖြူများနှင့် လှပစွာ စည်းနှောင်ထားသည်။

ဆွေးက သူ့လက်ထဲက ပန်းစည်းကို ခုခနဲ တစ်ချက် ကြည့်သည်။

“ဆွေး”

သူ မတ်တပ်ရပ်လိုက်သည်။ ထွက်သွားသော ဆွေး နောက် ထလိုက်လာခဲ့သည်။

“ဆွေး ‥ ရော့၊ ဒါ ဆွေးဖို့ ယူလာတာပါ”

ဆွေးအနားရောက်သွားပြီး အလောတကြီးပဲ ပြောလိုက် သောအခါ ပြောတာ တော်ပါသေးသည်။

“ဆွေးက နှင်းဆီမကြိုက်တတ်ဘူး”

စိတ်ဆိုးသမျှ ဖုံးဖုံးဖိဖိ ကြိုးစားပြီး သည့်လောက်ပဲ ပြော တာတော်ပါသေးသည်။

“ယူလာခဲ့ပြီးမှ ယူလိုက်ပါ”

ဆွေးက လှမ်းပေးနေသော နှင်းဆီပန်းစည်းကို အားနာ





ပါးနာ ယူလိုက်ရသည်။ စိတ်ထဲရှိသလို ငြင်းပစ်လို့ရတာမဟုတ်။ ခွေတာဒေးဗစ်တို့ မမသန့်တို့က လှမ်းကြည့်နေကြပါသည်။ သူများ တွေရှေ့မှာမို့ သူ့ကို သိမ်ငယ်မသွားစေချင်ပါ။ ဆွေးကိုလည်း အရိုင်းအစိုင်းအဖြစ် မမြင်စေချင်ပါ။

လက်ထဲရောက်လာသော နှင်းဆီပန်းစည်းကို ငုံ့ကြည့်မိ သည်။ နှင်းဆီရနံ့များက နှလုံးသားကို ဆုပ်ညှစ်လိုက်သလို မွန်း ကြပ်သွားစေသည်။

ဘယ်သူမှ မရှိသော အခန်းတစ်ခုထဲကို လျှောက်လာပြီး နှင်းဆီပန်းစည်းကို နံရံမှာ ရိုက်ချိုးပစ်သည်။ ဆင့်ကာဆင့်ကာ ဖွဲ့ကြွေဆုတ်ပြတ်သွားအောင် လုပ်မိသည်။

မျက်လုံးအိမ်ထဲ မျက်ရည်တွေ ဝေ့တက်ချင်သည်။

ရှင် ဘာလုပ်တာလဲ။

ဘာလို့ ဒီလိုလုပ်တာလဲ။

ဆွေး နှလုံးသားကို ဖွဲ့ခြွေနေတာလား။

ဗုန်းဗုန်းလဲကျ ရှုံးသွားအောင် တင်းလိုက်လျှော့လိုက် လှည့်စားနေတာလဲ။

“သွား”

ကြည့်မကောင်းလောက်အောင် ဖြစ်သွားသောပန်းစည်းကို



www.burmeseclassic.com

www.burmeseclassic.com



နံ့ရှံထောင့်ကို ပစ်ပေါက်လိုက်မိသည်။

ရင်ထဲမှာ တဆစ်ဆစ်နာသည်။

ဘာတွေ အရေးတယူ လာလုပ်နေတာလဲ။

ဘာအဓိပ္ပါယ်လဲ။

ထွေး နားမလည်နိုင်တော့ပါ။ ဒေါသဖြစ်သည်။ ဝမ်းနည်းသည်။ ထိခိုက်နာကျင်လှပါဘိ။ စိတ်တွေက ငြိမ်သက်အောင် ထိန်းမရပါ။ စင်ပေါ်မှာ အမှားအယွင်းဖြစ်မှာ ထွေး စိတ်ပူသွား၏။

ခြေစုံရပ်ပြီး လက်သီးနှစ်ဖက်ဆုပ်ကာ ခေါင်းမော့ အသက်ရှူသည်။ စိတ်တွေ ငြိမ်သက်တည်တံ့သွားအောင် ကြိုးစားမိသည်။

ဘာကြောင့်မှ ဘယ်သူ့ကြောင့်မှ ထွေး၏ဝါသနာနှင့် အလုပ်ကို အထိအခိုက်မခံနိုင်ပါ။ အတွေ့ကြီးတယ်ပဲဆိုဆို စိတ်မာတယ်ပဲပြောပြော ထွေးက သိပ်အောင်မြင်ကျော်ကြားတဲ့ ရုပ်ရှင် မော်ဒယ် တစ်ယောက်ဖြစ်ချင်တာမို့ ထွေးဘဝမှာ ထိုအရာကိုပဲ နံပါတ်တစ် ပေးထားခဲ့တာပါ။

အောင်မြင်ကျော်ကြားတဲ့ မော်ဒယ်တစ်ယောက်ဖြစ်တာမို့ ဘာကိုပဲ စွန့်လွှတ်ရ စွန့်လွှတ်ရ စွန့်လွှတ်နိုင်ပါသည်။ စားတာ သောက်တာ၊ နေတာ ထိုင်တာ အိပ်တာ အားလုံး အနစ်နာခံ စိတ်ရှည်နိုင်ပါသည်။





ထွေး၏ စိတ်ကို အဲဒီအထဲမှာပဲ မြှုပ်နှံထားခဲ့တာပါ။

ခုတော့ နံ့ဖါတ်တစ်ကို အချိန်တိုတိုအတွင်းမှာ ဝင်လုနိုင်သာ ယှဉ်ပြိုင်သူ ပေါ်လာခဲ့ပါပြီ။

မင်းဒင်ဆိုသော ပုဂ္ဂိုလ်က ထွေးကို လုပ်ခပ်နိုင်စွမ်းရှိသည်။

ထွေး စိတ်တွေ မငြိမ်မသက်ဖြစ်အောင် စွမ်းနေသည်။

ထွေး၏ အတွေးအိမ်ထဲမှာ နေရာအနှံ့ချဲ့ထွင် သိမ်းပိုက်လေသည်။

သည်နေ့တစ်မျိုး၊ မနက်ဖြန်တစ်မျိုး ဘယ်တစ်မျိုးကိုများ ဟု ယူဆယုံကြည်ထားရမလဲ။ ထွေး သူ့ကို မယုံရဲတာတော့ ဝါ။



www.burmeseclassic.com

www.burmeseclassic.com

ဝဏ္ဏမင်းခင်က ကောင်တာရှေ့မှာ ရပ်ပြီး မုန့်ဝယ်နေရင်းမှ ရိန်းကုတ် (မိုးကာအင်္ကျီ) အပြာရောင်လေးနှင့် ဘေးနားရောက်လာသော ရှည်ရှည်ပျောင်းပျောင်း သဏ္ဌာန်လေးကို ငဲ့ကြည့်မိပါသည်ဒ။

"ဟင်" ၊

တိုက်တိုက်ဆိုင်ဆိုင် ရင်ထဲက ပုံရိပ်ကလေး ဘေးနားရောက်လာသည်။ သူ အားပါးတရ ပြုံးပြမိသည်။ သိပ်ပျော်သွားတာမို့ သူ့အပြုံးတွေက အသက်ပါလိုက်လှဲလွန်းလှတော့သည်။

ဒါကို ဝဏ္ဏမင်းခင် မသိ။ ထွေးကတော့ မြင်ရသူမို့ သိလိုက်ပါသည်။ ထွေးကို မြင်လိုက်တာနှင့် တစ်ပြိုင်နက် သူ့မျက်နှာက လပြည့်ဝန်းလို ဝင်းခနဲဖြစ်ကာ မျက်လုံးတွေ တလက်လက်တောက်ပသွားသည်။

ဒါနဲ့များ ရှင်ရယ်။



www.burmeseclassic.com

www.burmeseclassic.com



ထွေးရင်ထဲ ပင်ပန်းလစ်ဟာ သွားရသည်။

လှိုင်လှဲသော အပြုံးတွေ နှလုံးသားကို ယိမ်းခါသွားအောင် လှုပ်နှိုးလိုက်သလိုပါ။ မိုးဖွဲလေးတွေ ကျနေတာမို့ ဆောင်းထားသော ခေါင်းစွပ်ကို လက်နှင့် ဖယ်ချလိုက်၏။

ဝဏ္ဏမင်းခင်က သူ့အတွက် ဝယ်ထားသော မုန့်တွေကို ထွေးဆီ လှမ်းပေးပြီး အဲဒါမျိုး နောက်တစ်ထုပ်ဟု ထပ်မှာ၏။

"ဟင် ... နေပါစေ"

ထွေးက ကမန်းကတမ်း ငြင်းသည်။ သူ မျက်နှာတွေ ပျက်သွားသည်။ ပီဇာ (Pizza) မုန့်တွေထဲမှာဆို ထွေးက (Chicken Supreme) ချစ်ကင်းစုပရီးမ် တစ်မျိုးပဲ ကြိုက်ပါသည်။

သူက ဘာတွေဝယ်ထားမှန်းမသိဘဲ ပေးသောအခါ ထွေးက မယူချင်ပါ။

"ယူပါ"

သူ့အသံ တိုးတိုးအက်အက်၊ အင်အားတစ်မျိုးနှင့် ထွေးကို လှမ်းမိုး အမိန့်ပေးနိုင်ပါသည်။

"ဟို .. ချစ်ကင်းစုပရီးမ်းပဲ ဝယ်မှာ"

"ပါတယ်လေ၊ နှစ်ခုစီ ဝယ်ထားတာ။ ပါတာပေါ့။ Super Combo ရယ်၊ Cottage Gorden ရယ် ပြီးတော့





Super Combo ရယ်၊ Cottage Gorden ရယ် ပြီးတော့ Hawaiian ရယ် Shrimpy ရယ် အကုန်လုံးပါတယ်"

"ဟင့်အင်း မစားချင်ဘူး၊ အားနာတယ်"

"တိုက်တိုက်ဆိုင်ဆိုင်ကြုံလို့ ဝယ်ကျွေးရတာပါဗျာ"

ဘာကြောင့်ရယ်မသိ ထွေး လှမ်းယူလိုက်မိပါသည်။ သူ့တို့ဆို ထူးကဲစွာ ပျော့ပျောင်းနေတတ်သော နှလုံးသားက ဘာမဆိုခံဖို့ အဆင်သင့်။

ထွေးမှာ ဝဋ်ကြွေးပါတယ် ထင်ပါရဲ့။

ကျေနပ်သွားသော သူ့အပြုံးကို တငေးတမောလေးပါပဲ ကြည့်လို့ကို မဝချင်။ သည်နေ့သူ့ဟန်ပန်က ပိုပြီး အသက်ပါနွေးထွေးနေသလိုလို။

ထွေး တောင့်တသော ပုံစံလေးကို သူ့ဆီမှာ ပြန်တွေ့ရသမို့ ရင်တွေ တဒိတ်ဒိတ်ခုန်လာရသည်။ ရှုးတော့မယ် မင်းခင်ရယ်။

သူ့ဘေးမှာ ဆက်ရပ်နေပြီး ဘာစကားဆိုရမှန်း မသိပါ။

"သွားတော့မယ်"

ထွေး ကြောင်အအနှင့် နှုတ်ဆက်သောအခါ သူက ခေါင်းညိတ်ပြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူက ထွေးကို လိုက်ကြည့်နေမှာ သေချာသည်။ ထွေး ရှက်ရှက်နှင့် လှည့်မကြည့်မိပါ။ ထူပူအနေခက်ခြင်းကို ခံစားရတာ သူနှင့်တွေ့တိုင်း တွေ့တိုင်းပါပဲ။

သူကလည်း ထွေးလိုပဲ (Pizza) မုန့်တွေ ကြိုက်တတ်ပါသည်။

အကြိုက်ချင်းတူနေတာကိုပဲ ကြံဖန်ဝမ်းသာနေမိသည်။



မမသန့်တို့အိမ်ကို ရောက်သောအခါ ထိန်းထားသော စိတ်တွေကို မနိုင်မနင်း ဖြစ်လွန်းတာမို့ ဖြေလျှော့ပစ်လိုက်ပါသည်။

ကိုမင်းဒင်ဆီ ဖုန်းဆက်မိ၏။

သည်မနက်ဘဲ လိုလားစွာ၊ နွေးထွေးစွာ လှိုက်လှဲစွာ–

အဲဒါ … အဲဒါ ထက်ပိုသော ယွေးမပြောတတ်သော အသက်ပါမှုများစွာနှင့် ဆက်ဆံသွားခဲ့တာမို့ နေလည်လောက်မှာ အေးစက်ခြင်း၊ ရှောင်ဖယ်ခြင်း၊ မပွင့်တပွင့်နိုင်ခြင်းဆိုသော နောက်တစ်မျိုးကို ခုန်မကူးနိုင်လောက်သေးပါဟု [illegible]တရဲမျှော်လင့်မိပါသည်။ ထိုမျှော်လင့်ချက်ကလေးနှင့် ဖုန်းဆက်မိတာပါ။

"သြော် … ကိုမင်းဒင်လား မရှိဘူး ခင်ဗျ"

"ဒီနေ့ မလာတာလား"

"ဟာ မဟုတ်ပါဘူး၊ လာပါတယ် စောစောကမှ ထွက်သွားတာပါ"

ထွေးက ပင့်သက်ကလေး ရှိုက်သည်။ ဘာလို့ မတွေ့ရ



www.burmeseclassic.com

www.burmeseclassic.com



တာလဲ။ ကံက ခေလွန်းပါတယ်။ ဘာမဟုတ်တာလေးကိုတ
စိတ် က ပျက်ချင်သည်။

"ဘယ်အချိန် ပြန်ရောက်မလဲဟင်"

"မကြာပါဘူး၊ တော်ကြာဆို ရောက်ပါပြီ"

ထွေး ဘာမှ မတတ်နိုင်ပါ။ စိတ်ရှည်ရှည် စောင့်ရုံပေါ့

စကားပြောချင်လွန်း၍ ဆက်မိတာပါ။ ရှိမနေတာ
နေမရအောင် ခံစားအဖြစ်သည်းမိသည်။

ထွေးတော့ ရှင်နဲ့ပတ်သက်ရင် Limit အကန့်အသတ်
မရှိတော့ဘူး။ စိတ်တွေက ပြင်းပြင်းထန်ထန်ကို ဖြစ်နေမိပါပြီ။

"ရှင် ... ဘာလဲ မမသန့်"

မမသန့်က ယောက်ယက်ခတ်နေသော ထွေးအဖြစ်
ရိပ်စားမိပြီလား။

"လာလေ ... အောက်ထပ်မှာ လက်ဖက်သုပ်စား
အောင်"

"ဟုတ်"

ထွေးမပါသော ပွဲစဉ်တစ်ခု အောက်ထပ်မှာ ရှိဟာဖယ်
နေတာမို့ ထွေးက အပေါ်ထပ်မှာ သွားနေမိတာပါ။ ခုတလော
ထွေးစိတ်တွေက မငြိမ်သက်လှပေ။ ဘာကိုမှ စိတ်မရှည်ချင်





ထေါးက မမသန့်နှင့် အောက်ထပ်ကို လိုက်လာခဲ့သည်။
အောက်ထပ်ရောက်တော့လည်း ပြတင်းပေါက်ဘေးမှာ ရပ်ပြီး ခြံ
ဝင်းတံခါးကို ဖြတ်လျှက်လမ်းမကို ငေးစိုက်ကြည့်နေမိသည်။

ကြည့်သာကြည့်နေရတာ မျှော်နေသူက ပေါ်မလာပါ။

တယ်လီဖုန်းကလေးကို ကျောပိုးအိတ်ထဲ ထည့်ပြီးလျှောက်
လာဦးမလားဟု မသိစိတ်ထဲက စောင့်နေမိပါသည်။

"ထွေး ... လာလေ"

မမသန့်က မရမက လာခေါ်သည်။

"ထွေး နေမကောင်းဘူးလား"

"ကောင်းပါတယ် မမသန့်"

"ထွေးကို ကြည့်ရတာ တစ်မျိုးပဲ။ ဘာဖြစ်နေတာလဲ"

"ဟင့်အင်း မဖြစ်ပါဘူး"

ထွေး ညာပြောလိုက်မိပါသည်။ ဘာကို ထွေးက ပြောပြ
ရမလဲ။ ကိုမင်းခင်အပေါ် ထွေးသတိတရနှင့် အားမလိုအားမရ
ဖြစ်နေမိတာကို ဘယ်လိုပြောရမှာလဲ။

ဆွေးစိတ်နှင့်ထွေးတောင် ရှက်စိတ်မွှန်လှပါပြီ။ တခြား
တစ်ယောက်ကို ဘယ်လိုသတ္တိမျိုးနှင့် ရင်ဖွင့်အသိပေးရမလဲနော်။



www.burmeseclassic.com

www.burmeseclassic.com

"ကိုကိုရာ အစိပ္ပါယ်မရှိပါဘူးဗျာ"

ဝဏ္ဏမင်းခင်က ခေါင်းရမ်းရှုံ့ချသည်။

"အစွဲအလန်းမကြီးစမ်းပါနဲ့၊ ကိုကို့ကောင်မလေးကို ကိုကို ပိုင်ရင်ပြီးတာပဲ။ သွားတွေ့လိုက်ပေါ့ ပုဆိုးနဲ့တိုက်ပုံဝတ်သွား ညီ မီးပူတိုက်ပေးမယ် ဟဲ ... ဟဲ"

အကောင်းပြောရင်းကနေ ဝဏ္ဏမင်းခင်က စချင်လာ၏။

"မင်းကတစ်မျိုး မနောက်နဲ့ကွာ"

အာကာမင်းခင် မျက်နှာကြီးက ပုပ်သိုးရှုံ့မဲ့နေသည်။

"ငါ့ဆုံးဖြတ်ချက်ကို ဘယ်တော့မှ မပြင်ဘူး"

"ကိုကိုရာ အဲဒါ ကိုကို့ကောင်မလေးကို စော်ကားတာဗျ။ လူကြီးမိဘတွေ အသိပေးပြီး တောင်းရမ်းယူသင့်ပါတယ်"

ဝဏ္ဏမင်းခင်က လက်မခံပါ။ တားမြစ်ဟန့်တားသည်။ တန့်ကွက်ရှုံ့ချသည်။ လုံးဝသဘောမတူ။ အားမပေးပါ။

"သူ့မှာလည်း အသိုင်းအဝိုင်းရှိတယ်ဗျ။ သူ မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



ငယ်သွားမှာပေါ့''

ညီက လတ်ဘက်က အပြည့်အဝ တွက်ပေးသည်။

''မတတ်နိုင်ဘူးကွာ။ ငါ အဲဒီလိုလုပ်ဖို့ စိတ်မကူးဘူး''

''တစ်ခါဖြစ်ဖူးတာနဲ့ပဲ ကိုကိုက ဆေးရာပါဖြစ်နေတော့တာကိုး''

''ဟုတ်တယ်၊ ငါ အယုံအကြည် မရှိဘူး''

ဝဏ္ဏက အစ်ကိုဖြစ်သူကို နားမလည်နိုင်စွာ ကြည့်သည်။

''ကိုကို့ ကောင်မလေးက အေးတယ်ဆို၊ ကိုကို့ကို ချစ်တယ်ဆို''

''အင်း''

''ဒါဆို ကိုကိုက ဘာကို စိုးရိမ်ရမှာလဲ''

''လတ်ကို ငါပြောပြီးပြီ။ လတ်ကလည်း သဘောတူပြီးပြီ''

''ဟာ ...ဟုတ်လား''

ကိုကိုက ဘယ်လိုများ စည်းရုံးလိုက်ပါလိမ့်။ တစ် ဖက်က ကောင်မလေးကိုကို့အပေါ် နားလည်မှုရှိသားပဲ။ ကိုကို့ကို လိုက်လျောရှာပါသည်။ သည်လိုချစ်သူလေးကိုများ ကိုကိုမို့ မယုံ...





ရှိနေသည်။

''တစ်ဖက်စွန်း ရောက်လွန်းပါတယ် ကိုကိုရာ''

သူသည့်ထက်ပိုပြီး မဝေဖန်နိုင်တော့ပါ။ ကိုကိုတို့ အချင်းချင်းက နားလည်မှုရှိထားကြပြီပဲ။ သူ ဘာပြောပြော အသုံးမဝင်တော့ပေ။

ကိုကို့ကို ခမ်းခမ်းနားနား မင်္ဂလာဆောင်ပြီး အိမ်ထောင်ကျစေချင်တာ သူ့ဆန္ဒပါ။ စေတနာပါ။ နှစ်ဦးသဘောတူ လက်မှတ်ရေးထိုးရအောင် လူကြီးတွေက ကန့်ကွက်နေတာလည်း မဟုတ်။ နှစ်ဖက်မိဘတွေကို နေရာမပေးရာရောက်ပါသည်။ မလေးစားရာရောက်ပါသည်။

မေမေနှင့်မေမေက ကိုကို့ အစိုးရိမ်လွန် အကြောက်ကြီး ကြောက် ဝေဒနာဆိုးကို သိလို့ ခွင့်လွှတ်နားလည်ပေးနိုင်ကောင်း သေးငယ့် ကောင်မလေးမိဘတွေက နာကြည်းမျက်ရှသွားနိုင်ပါသည်။ သူတို့မှာက သမီးရှင် မိန်းကလေးဘက်ကဆိုတော့ ပိုပြီး တင့်တင့်တယ်တယ် ဖြစ်စေချင်လိမ့်မည်။ ဒါတွေကို သူ့ထက် ကိုကိုကပို ပြီး သိလိမ့်မည်။ နားလည်လိမ့်မည်။ တွေးလိမ့်မည်။ ကိုကိုက သူ့ကောင်မလေးကို တသသနှင့် ချစ်မြတ်နိုးသူပါ။

''ညီ ၊ မေမေ့ကို ပြောပေးရမလား''



www.burmeseclassic.com

www.burmeseclassic.com



"မင်းနော် မေမေ့ဆီ ဒီစကားရောက်သွားရင် မလွ
ဘူး"

ကိုကိုက အပြတ်တားမြစ်သည်။ ခပ်တည်တည်ထ
လိုက်တော့ ဝဏ္ဏမင်းဒင် မလှုပ်ရဲတော့ပေ။ ဒေါသဖြစ်မှာ သိသ
သူ့ကို ဖွင့်ဟတိုင်ပင်တာပဲ ကျေးဇူးတင်ရမလိုပါ။

"မင်းကို ပြောထားတာ လိုအပ်တာ လုပ်ပေးဖို့ ကူညီ

"ဟုတ်ကဲ့"

ဝဏ္ဏမင်းဒင်က ငေါ်သည်။ ခိုင်းစရာရှိလျှင် အဆင်
အောင်သာ အသိပေးတာ သူ နားလည်သည်။

"မင်းကို မပြောထားရင် အုံ့သုံပြီး ပါးစပ်ဖွာမှာ ဆိုး
ကြားလား"

"ဟုတ်ကဲ့"

ဝဏ္ဏ မကျေနပ်တာ အာကာနားလည်သည်။ သူ့အ
စေတနာကောင်းနှင့် ကန့်ကွက်နေမှန်းလည်း သဲဘောပေါက်သ
ခက်တာက သူ့သဘောထားကို သူ မပြင်နိုင်တော့ပါ။

"ကိုကို့ ကောင်မလေးက ရှားတယ်။ ဒါမျိုး လ
တယ်နော်"

"အကြီးအကျယ် ပြဿနာတက်ပြီးမှ လက်ခံတာပါ





ငိုလည်းငိုတယ်၊ စိတ်လည်းဆိုးတယ်၊ ခါးခါးသီးသီးငြင်းသေး
ယ်"

သူ ကိုကို့ကောင်မလေးကို သနားသွားမိပါသည်။ သည်လို
ဖြစ်မျိုး ကြုံစရာရှိသည်ထင်ပါရဲ့။ ကိုကို့ကို မစည်းရုံးနိုင်ရှာဘဲ
ကို့ဆန္ဒကိုသာ လိုက်လျောရလေသည်။ အမှန်ဆို ကိုကို့ကို ရ
ဆင်ပြောဖို့ကောင်းသည်။ အဝေးမခံနိုင်လျှင် ကိုကိုက သွား
င်းပေးမှာပါ။ ဟန်ဆောင်ပန်ဆောင် မာနမထားနိုင်အောင် ကိုကို့
ခါ်ချစ်ရှာသည်။ ကြည့်ရတာ ကိုကို့စကားသာ အတည်ဖြစ်ပုံ
သည်။

ရှေ့နေမကြီးဖြစ်နေပြီး ကိုကို့ကို လမ်းမှန်မပြပေးနိုင်ဘူး။

ဝဏ္ဏမင်းဒင်က တအံ့တသြ ရှုံ့ချလေသောအခါ ကိုကို
နာပျက်သည်။

လတ်မျက်နှာလေးကို မြင်ယောင်လာသည်။

လတ်ရယ်။

သိပ်သနားစရာကောင်းသည်။ လတ်ငိုတာမြင်ရလျှင် သူ့
နာကျင်ထိခိုက်လှ၏။

ဘယ်တော့ဖြစ်ဖြစ်၊ ဘာကိုမဆို မောင်က လတ်အပေါ်
ခံ လိုက်လျောမှာပါ။ သည်တစ်ခါပဲ လတ်ဘက်က လိုက်



www.burmeseclassic.com

www.burmeseclassic.com



လျှော့ပေးရမှာပါ။

သူ ဆုံးဖြတ်ချက်ချထားမိလေသည်။

✿ ✿ ✿

"ထွေးဆီက ဖုန်းလာတယ်" ဟု ဆိုတာကြောင့် အာကာ
င်းဒင်က ပြန်ဆက်ဖြစ်ပါသည်။ တစ်စုံတစ်ရာ ကိစ္စရှိလို့သာ
ဆက်ခြင်းဖြစ်လိမ့်မည်။

သူ ပြန်ဆက်ပေမယ့် ထွေးက ရှိနေပါ။ ထွေး ပြန်သွား
ပြီဟု မမသန့်တို့အိမ်က ကောင်မလေးက ဆိုပါသည်။ သူလည်း
ထပ်မဆက်တော့ဘဲ လတ် တို့ရုံးရှိရာ စောစောပဲ ထွက်လာခဲ့၏။
ထွေးတို့ အိမ်ကိုဖုန်းဆက်ဖို့တော့ သူ မရည်ရွယ်ပါ။ နောက်နေ့မှ
ပဲ မမသန့်ဆီ ပြန်ဆက်ဖို့ စိတ်ကူးလိုက်၏။

သည်နေ့ သူကံကောင်းနေပါသည်။ လက်ကလည်း ရုံး
ကစောဆင်းသည်။ လတ်အားလပ်နေတာ တစ်ခါတလေ မြင်ရ
သမို့ သူ ဝမ်းသာမိပါသည်။

"လတ်"

"မောင် စောစောလာရင် ကောင်းမယ်လို့ လတ်က မျှော်





www.burmeseclassic.com

www.burmeseclassic.com



နေတာ''

''တကယ်''

''အင်း တကယ်ပေါ့၊ လတ်လေ ဒီနေ့ မောင့်ကို အရမ်း သတိရတာပဲ''

လတ်က လက်မောင်းဖက်တွယ် တိုးတိုးကလေး ချွဲသည်။

အာကာမင်းဒင် စိတ်ထဲမှာ အတိုင်းမသိ ကျေနပ်လွန်း သည်။

''လတ်''

''ဟင်''

''မောင်တို့ လက်ထပ်လိုက်ကြရင်ကောင်းမယ်''

''သဘောပါ မောင်ရယ်''

မိဘတွေကို ဝိဝိပြင်ပြင် ဆန့်ကျင်ရမယ်ကိစ္စကြီးမို့ လတ် တွေဝေနေမိတာ တကယ်ပါ။ မောင့်ကို ကတိပေးထားပြီးသားဖြစ် မယ့် တဖြည်းဖြည်းနီးကပ်လာမယ့် ထိုရက်ကို လတ် ကြောက် ရွံ့နေမိပါသည်။ တတ်နိုင်သရွေ့ နောက်ဆုတ်ထားချင်ပါသည်။

မောင်နှင့် တစ်ရက်တစ်မနက်မှ မခွဲချင်တာမှန်သော် လည်း ဖေကြီးနှင့် မေကြီးကို လတ်သနားသည်။ လတ်တို့ ညီ အစ်မတွေက တစ်ယောက်မှ အိမ်ထောင်မကျသေးပါ။ ပထမဆုံး





တစ်ယောက်က ပြဿနာနှင့် လက်ထပ်လိုက်ရမှာ လတ်စိုးရိမ်မိ သည်။ အရင်ဦးဆုံး လက်ထပ်မည့်သူမို့ တင့်တင့်တယ်တယ်ဖြစ်စေ ချင်ပါသည်။ အစွဲအလန်းကြီးသော မောင့်ကိုလည်း လတ် လက် လျှော့ထားခဲ့ပါပြီ။ မစည်းရုံးချင်တော့ပါ။ မောင်နှင့်ဆန္ဒချင်း မတူ ညီဘဲ ဆန့်ကျင်ဘက်ပြောရမှာ ဝန်လေးသည်။

အဆိုးဆုံးကတော့ လတ်ကို မောင်ချစ်တာ သေသေချာ ချာ သိနားလည်ခြင်းပါပဲ။

တစ်ဖက်က မောင့်ကို နားလည်ပြီး တစ်ဖက်မှာလည်း မိသားစု၏ သဘောထားကို လတ် နားလည်နေပြန်သည်။ မလွှပ် သာ မရုန်းသာသော အခြေအနေမှာ လတ် ဝမ်းနည်းငိုရှိုက်ရုံက လွဲပြီး ဘာမှမတတ်နိုင်ပါ။ မောင်နှင့်ဝေးမှာ လတ်ကြောက်သည်။

''လတ် ဘာတွေ တွေးပြီး စိတ်ညစ်နေတာလဲ''

လတ်က ဗင့်သက်ကလေးရှိုက်ကာ ခေါင်းရမ်းသည်။ ချစ်သူ မျက်နှာညှိုးမည်။ ပျက်ယွင်းနေတာကို သိလိုက်တော့ ရင် ထဲ မကောင်းပါ။

လတ်အပေါ် မတရားသလိုများ ဖြစ်နေပြီလား။

''မောင့်ကို စိတ်ခုနေသလားဟင် လတ်''

တစ်ခုခုဆို ပွင့်လင်းစွာ မေးတတ်တာက သူ့အကျင့်။



www.burmeseclassic.com

www.burmeseclassic.com



ဟန်ဆောင်စရာ မလိုဘဲ ချစ်သူချင်းပြေလည်ဖို့ ဆိုတာ ဟန်ဆောင်ခြင်းကင်းဖို့ လိုအပ်လှပေသည်။

"လတ် စိတ်မခုရက်ပါဘူး မောင်ရယ်"

အာကာမင်းဒင်က ချစ်သူ လက်ဖျားလေးကို ဖျစ်ညှစ် ဆုပ်ထွေးထားမိလေသည်။

သည်တစ်ခုကို သူ့ဘက်က မလိုက်လျောနိုင်တာကလွဲ ရင် လတ် ကျေနပ်သွားဖို့ ဘာမဆို လုပ်ပေးချင်ပါသည်။



ဝဏ္ဏမင်းဒင်က ခြံရှေ့မှာ ခြေစုံရပ်ပြီး ဟိုဟိုဒီဒီ ငေးကြည့် သည်။

သိပ်စောလွန်းသေးတာမို့ သူကောင်မလေး ရောက်မှာ မဟုတ်သေးပါ။

ခက်နေတာက စိတ်ရှည်လက်ရှည် စောင့်ဖို့အချိန် သူ့မှာ မရှိ။

နိုင်ငံခြားသားနှစ်ဦးနှင့် ခရီးထွက်ဖို့ ကိစ္စက ရှိနေသည်။

ပီဇာမုန့် ဝယ်တုန်းကတွေ့ခဲ့ပြီးနောက်ပိုင်း ထပ်မဆုံဖြစ် သေးတာမို့ စကားကြာကြာ ပြောခွင့်ကို မရသေးပါ။

စိတ်ထဲမှာ ရည်ရွယ်ပေမယ့် အပြင်ဘက်မှာတော့ အလှမ်း ဝေးနေသည်။ ခုလည်း ခရီးထွက်စရာရှိတော့ နှုတ်ဆက်ချင်သည်။ သို့ပေမယ့် သူကလေးရောက်လာမည့် အချိန်အထိ စောင့်လို့ မဖြစ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ဝဏ္ဏမင်းဒင် ခေါင်းရှမ်းမိပါသည်။ မတတ်နိုင်ပါ။ လက်ထဲပါလာသော နှင်းဆီပန်းစည်းကို တစ်ယောက်ယောက်အား ပြောပြပေးထားလိုက်ရမည်။

ခြံတံခါးဘေးမှ ဘဲလ်လေးကို နှိပ်သည်။ ခဏစောင့်သည်။ လူရိပ်လူယောင် မတွေ့ရပါ။ နောက်တစ်ခါ ထပ်နှိပ်သည်။ ပြန်စောင့်သည်။ ဆက်တိုက်ဆက်တိုက် နှိပ်ရမှာ အားနာသည်။ ပြီးတော့ သူက အကူအညီတစ်စုံတစ်ရာ လိုချင်သူပါ။ ယဉ်ကျေးညင်သာရပါမည်။

သိပ်မကြာလိုက်ဘဲ ကောင်မလေးတစ်ယောက်ပြေးထွက်လာသည်။ သူ အားပါးတရပြုံးပြမိသည်။ သူ့ကို ကူညီနိုင်မည့် ချာတိတ်မလေး။

ကောင်မလေးက ဘာရယ်ညာရယ်မမေးနေတော့ဘဲ ခြံတံခါးသော့ကို ဖွင့်နေသည်။ ညှို့သည် အလာများသော ခြံမို့-

"ဘယ်သူလဲ ဘာကိစ္စလဲ" ဟုပင် မေးမနေတော့ပုံပါ။

ဘယ်သူလာလာ ခြံဝင်းတံခါးဖွင့်ဖို့က သူ့ဝတ္တရား။ ကိစ္စရှိသမျှ အထဲရောက်မှသာ ပြောကြပါစေဟု ခပ်အေးအေးဆုံးဖြတ်ထားဟန်။

"မဖွင့်နဲ့ ရတယ်"





သူ့တားမြစ်မှုကြောင့် ကောင်မလေးက တန့်သွားပြီး သော့ခလောက်ပေါ်က လက်ကို ဖယ်လျက် မတ်တပ်ရပ်လေသည်။

"ဟိုတစ်ယောက် မလာဘူးလား မသိဘူး"

"ဘယ်တစ်ယောက်လဲ။ ဘယ်သူ့ကို မေးတာလဲဟင်"

ဝဏ္ဏမင်းဒင်က ဆံပင်ပျော့ပျော့တွေကို တစ်ချက်သပ်လိုက်၏။ ရှက်စိတ်နှင့် မျက်နှာကထူအမ်းတက်လာသည်။

"ဩော်"

ကောင်မလေးက တစ်စုံခုကို သတိရသလို ဖြစ်ကာရယ်လိုက်၏။ ပြီးမှ -

"မမထွေးလား မသိဘူး"

ဝဏ္ဏမင်းဒင်၏ တုံ့ဆိုင်းရှိနေသည်။ မှားပေးမှာလည်း စိုးရသေးသည်။

"ခဏနော် မပတ္တမြားရောက်နေပြီ။ ခေါ်ပေးမယ်။ သူ့ကို ပြောပေါ့။ ကျွန်မက မသိဘူးရှင့်"

ဘယ်နှစ်ခါ အမှားမှားအယွင်းယွင်းနှင့် ကြုံပြီး ဘယ်နှစ်ခါအခေါက်ခံရဖူးသလဲတော့ မသိ။ ကောင်မလေးက အပြစ်လွတ်အောင် ရှောင်တတ်နေပါပြီ။ သူ ခေါင်းညိတ်ပြလိုက်သည်။

အိမ်ထဲ လှစ်ခနဲ ပြေးသွားပြီး ချစ်စရာကောင်းသော ပိန်



www.burmeseclassic.com

www.burmeseclassic.com



ပိန်သွယ်သွယ် ရှည်ရှည်မြင့်မြင့် ကောင်မလေးတစ်ယောက်ကို သွား ခေါ်လေသည်။

"ဘယ်သူနဲ့ တွေ့ချင်လို့လဲဟင်"

အသံလေးချိုပြီး အေးနေသည်။ သူ့ကို ဝတ္တာမင်းဒင်တစ်ခါ မြင်ဖူးသည်။ သူ့ကောင်မလေး၏ သူငယ်ချင်းပါ။

"ဩော် ၊ ဟိုတစ်ယောက်ကို ပေးပေးပါ"

"ထွေးလား၊ သံဇင်လား"

ပတ္တမြားအမေးကို သူ မဖြေနိုင်ပါ။

"ဘယ်သူ့ကို ပေးရမှာလဲ"

ဝတ္တာမင်းဒင် ခေါင်းငုံ့ပြီး စဉ်းစားနေသည်။ သူ့ဆီက နှင်းဆီပန်းစည်းကို လှမ်းယူနေသော လက်ကလေးများ။ ထူးခြားတာက လက်သန်းနှစ်ခုစလုံးမှာ ငွေလက်စွပ် ပြောင်ပြောင်ကလေးတွေ စွပ်ထားသည်။ ခုတော့ ချွတ်ပစ်လိုက်ပြီလားမသိ။ သေချာပြောနိုင်တာဆိုလို့ အဲဒါပဲရှိသည်။

"လက်သန်းမှာ ငွေလက်စွပ်ကလေး ဝတ်ထားတယ်။ နှစ်ဖက်စလုံးပဲ"

ပတ္တမြားဆိုသော ကောင်မလေး ပြုံးသွားသည်။ နာမည်ပင်မသိဘဲ လာပေးရသော သူ့ကို ရယ်ချင်စိတ်ကဲသွားပုံရသည်။





သူတို့နှစ်ဦး၏ မျက်လုံးချင်းဆက်သွယ်နားလည်မှုကို တခြားတစ်ယောက်က ဘယ်လိုလုပ်သိနိုင်မှာတဲ့လဲ။

တစ်ယောက်အမည်တစ်ယောက် မသိပေမယ့် နက်ရှိုင်းစွာ ငြိတွယ်နေကြတာ နှစ်ယောက်စလုံးပါပဲ။

"ထွေးပေါ့ အဲဒါ ထွေး"

"ထွေး ... ဟုတ်လား"

"ဟုတ်တယ်၊ ပတ္တမြားတို့က ထွေးလို့ပဲ ခေါ်တာ။ သူ့နာမည်က ရတနာမေတဲ့"

"ဟုတ်ကဲ့၊ ကျေးဇူး"

"ရတယ်လေ၊ ပေးခဲ့ပါ။ ထွေး ဆီရောက်အောင် ဆက်ဆက်ပေးပေးပါ့မယ်"

ဝတ္တာမင်းဒင် အရမ်းဝမ်းသာသွား၏။ နှင်းဆီပန်းစည်းအား ပတ္တမြားအား ပေးလိုက်လေသည်။

"ကျွန်တော့်ကို သွားခွင့်ပြုပါဦး"

"ဟုတ်ကဲ့ရှင့်"

ရယ်ချင်သလိုလို ပုံစံလေးကို သူ ကျောခိုင်းပြီး ခပ်သွက်သွက်လျှောက်လာခဲ့၏။

ရင်ထဲမှာ ကျေနပ်ပျော်ရွှင်မှုက အပြည့်။ အပြုံးတွေက



www.burmeseclassic.com

www.burmeseclassic.com



ဆတာက်ပအားရှိနေသည်။ နှင်းဆီပန်းစည်းကိုမြင်လျှင် ထွေးက သိမှာ မလွဲပေ။

အထူးသဖြင့် Handful of Roses ဟု ရေးထားသော စာကြောင်းကို မြင်လျှင် ပန်းစည်းလာပို့သူဟာ ကိုယ်ပဲဟု နိုင်ဖာ သေချာသွားမှာ။

"တစ်ပွေ့တစ်ပိုက် နှင်းဆီများက" ဟု အစိပ္ပါယ်ဖွင့် ရေးသားပြီး ပေးတတ်သူ နောက်တစ်ယောက်တော့ မရှိနိုင်ပါ။

ခုမှပဲ စိတ်အေးသွားတော့သည်။

သည်နှင်းဆီပန်းဟာ မင်းကို ကိုယ်အမြဲရစိုက်တယ် ဆိုတဲ့ သဘောပါပဲ ထွေးရယ်။ မင်း နားလည်ပေ

❧❧❧



"ဟိတ်... ထွေး"

"ဟင် ဘာတုန်း"

ကားပေါ်က ဆင်းဆင်းချင်း ပတ္တမြားက ပြေးထွက်လာ ပြီး ရယ်ပြုံးရယ်ပြုံးနှင့် ခေါ်ပါသည်။

"ဘာလဲ ဘာဖြစ်လာတာလဲ"

တစ်ခုခုပဲဆိုတာသိပေမယ့် ဘာမှန်းတော့ မရေရာ။

"ဘယ်လောက်နဲ့ ရွေးမှာလဲ"

"လုပ်လာပြီ။ စောစောစီးစီး"

ပတ္တမြားက မျက်နှာလေးပင့်ကာ အသာစီးရထားပုံ။ ထွေးက မျက်မှောင်ကြုတ်ကလေးနှင့် စဉ်းစားမိရင်း

"ပြော ဘာနဲ့ရွေးရမလဲ" ဟု မေးလိုက်သည်။ သိချင် စိတ်က ရင်ထဲရောက်လာသည်။

"ကော်ဖီတစ်ခွက်၊ ဟမ်ဘာဂါတစ်လုံး"



www.burmeseclassic.com

www.burmeseclassic.com



"ရတယ်လေ၊ ပေး ဘာလဲ"

သူငယ်ချင်းတွေကြားထဲမှာ တစ်ခုခုဆို ခုလိုပဲ တွေ့ရ သည်။

"ခဏစောင့်"

" အင်း အင်း "

ထွေးက ပြန်လာမကြိုဖို့မှာပြီး အိမ်က ကားကိုပြန်လွှတ် ၏။

ပတ္တမြားက ချက်ချင်းပဲ ပြန်ထွက်လာသည်။ လက်ထဲမှာ တော့ အဝါရောင်နှင်းဆီပန်းများ။ ဖဲကြိုးအနီနှင့် လှပစွာ စည်းထား သည်။

ထွေးရင်ထဲ ဒိတ်ခနဲ ဆောင့်ခုန်သွားရသည်။

ကိုမင်းဒင် လာသွားသလားကွယ်။

"ရော့ ... ထွေး အတွက်တဲ့"

ပတ္တမြားပေးသော နှင်းဆီပန်းစည်းကို လှမ်းယူလိုက်ရ သည်။

"Handful of Roses" ဆိုသော စာကြောင်းကလေးက သူမ အထင်ကို အမှန်ဖြစ်စေပါသည်။ တလှပ်လှပ် တသိမ့်သိမ့် နှင့် နွေးသောလှိုက်သော ခံစားမှုတစ်မျိုး ရင်ထဲ ကိန်းဝပ်လာ





ရင်ထဲ ကိန်းဝပ်လာ သည်။

တကယ်ပဲနော်။

ထွေးကို ပေးခဲ့တာ တကယ်ပါနော်။

နှင်းဆီပန်း အဝါတွေကို စိုက်ကြည့်ကာ မျက်ရည်တွေ ထွေတက်လာသည်။ မွဲချင်သော နှုတ်ခမ်းလေးကို အားတင်းပြီး ပြုံးထားရသည်။

ဝမ်းသာလုံးဆို့ကာ ငိုချင်လာသည်။

ပတ္တမြားက အကဲခတ်မိပြီး လိုက်စနေမှာ စိုးတာကြောင့် သာ ခပ်တင်းတင်းကလေး အိမ်ထဲဝင်လာခဲ့ရတာ။ နှလုံးသားက ရင်ထဲမှာ ခုန်ပေါက်ပျော်မြူးနေပါပြီ။

"ပြော ... ဒီဇတ်လမ်းက ဘယ်တုန်းကလဲ"

လက်ကလေး ဖမ်းဆွဲပြီး လိုက်မေးနေသည်။

"ပတ္တမြားရယ် ဟမ်ဘာဂါနဲ့ ကော်ဖီတိုက်ပါ့မယ်။ မစပ် စုပါနဲ့"

ရှက်သလိုလို ပျော်သလိုလို မျက်နှာလေးက အင်မတန် ချစ်စရာကောင်းတာမို့ ပတ္တမြားပင် ငေးမောစိုက်ကြည့်မိလေသည်။

ပတ္တမြားကဖြင့် ထိုပုဂ္ဂိုလ်လေးကို လှောင်ချင်ပြောင်ချင် လှပ်မိတာ။ ထိုပုဂ္ဂိုလ်လေးက ထွေးနှလုံးသားထဲ ဘယ်အချိန်က



www.burmeseclassic.com

www.burmeseclassic.com



တည်းက ရောက်နေမှန်းမသိ။

နှင်းဆီပန်းစည်းကလေးကို မြင်လိုက်သောအခါ ထွေးမျက်နှာကလေး လပြည့်ဝန်းနှယ် တောက်ပရွှန်းလဲ့ကြည်စင်သွားလိုက်တာများ မဖုံးနိုင် မဖိနိုင်။

ဘာ ဘာ ဘာ



ထွေးက ကက်ဆက်ခလုတ်ကလေးကို ဖိချကာ အသံကို တဖြည်းဖြည်းမြှင့်သည်။ နားထောင်၍ ကောင်းသော အနေအထားမှာ ရပ်လိုက်ပြီး ကက်ဆက်ရီမုတ်ကိုယူလျက် အိပ်ရာပေါ်တက်သည်။

အိပ်ရာပေါ်လှဲချလိုက်သော တံခါးခေါက်သံဖွဖွ ကြားရသည်။

"ဘယ်သူလဲဟင်"

"ထွေး ... မလေတ်ပါ"

"ရတယ်လေ၊ တံခါးဖွင့်ထားတယ်။ ဝင်လာခဲ့ပေါ့"

ထွေးက ခုတင်ပေါ်မှာ ပြူးကြောင်ကြောင် ထိုင်နေသော ချောက်ညှိအရုပ်ကြီးကို ဆွဲယူပြီး ခေါင်းအုံးလုပ် အုံးလိုက်သည်။ မွှေးသော အိသော အမွေးရှည်များက သိပ်ချစ်စရာကောင်းပါသည်။

မမလေတ်က တံခါးကို အသာဟပြီး ဝင်လျက် တံခါးပြန်



www.burmeseclassic.com

www.burmeseclassic.com



ပိတ်သည်။

ထွေးရှိရာ အိပ်ရာပေါ်အထိ တက်လာပြီး မမလတ်က ထွေးကို ငုံ့ကြည့်သည်။

"ဟင် ... ဘာလဲ မမလတ်"

မမလတ် မျက်နှာက အရေးတကြီးနိုင်သလောက် လေးနက်တည်တင်းနေသည်မို့ ထွေးက ငေါက်ခနဲ ထထိုင်သည်။

မမလတ်က ထွေးနှင့်ဆုံနေသော မျက်လုံးများကို ကက်ဆက်ဆီ ရွေ့သွားသည်။

"မမလတ် မေးစရာရှိလို့ပါ"

ထွေးက အလိုက်သိစွာ ရီမုတ်ကို ကောက်ယူပြီး ကက်ဆက်ဖော်လူးကို တဖြည်းဖြည်းနှိမ့်ချလိုက်ပါသည်။ မမလတ်စကားကို ထွေးက လေးနက်စွာ နားထောင်ရပါမည်။

အဲဒါ ထွေးတို့ မိသားစု၏ တစ်ခုတည်းသော စည်းကမ်းပါ။ တစ်ယောက်ကို တစ်ယောက် လေးစားရပါမည်။ အပြန်အလှန် လေးစားနားလည်မှုနှင့် ဂရုစိုက်တတ်ဖို့ ဖေကြီးနှင့်မေမေက သင်ပေးထားပါသည်။

"ထွေး မနက်ဖြန် မမသန့်တို့ဆီ သွားမှာလား"

"အင်း ... သွားမှာ"





"သဘက်ခါရော"

"သွားမှာပေါ့၊ ဘာလို့လဲဟင်"

"မေးကြည့်တာပါ။ ဒီတစ်ပတ်လုံး ထွေး အဲဒီမှာပဲရှိမှာလား"

"အင်း ... လောလောဆယ် ရှိုးမှမရှိတာ၊ ပြီးတော့ ထွေးက ကုမ္ပဏီနဲ့ စာချုပ်ချုပ်ဖို့ ရှိနေတော့ မမသန့်တို့ အိမ်မှာပဲ နေမယ်"

"ပြီးရောလေ .. မမလတ်က သိချင်လို့ပါ"

မလတ်စကားက ဆန်းကြယ်နေပါသည်။

ဘယ်လိုအဓိပ္ပါယ်ပါလိမ့်။

သည်တစ်ပတ်လုံး ထွေးဘယ်မှာရှိနေမလဲဟု အကြောင်းမဲ့ သက်သက်မေးခြင်း မဖြစ်နိုင်ပါ။ ဘာကြောင့် မေးရတာလဲ။

ထွေးက မရှင်းလင်းပေမယ့် မမလတ်ကို ဘာမှ မမေးခဲ့ပါ။ မေးလည်းပဲ မမလတ်က ဖြေချင်မှ ဖြေမှာပါ။

"ရပြီ .. မမလတ် သွားတော့မယ်"

"အင်း"

မမလတ်က ညင်သာစွာ လျှောက်သွားပြီး တံခါးကို စေ့ထားခဲ့သည်။ ထွေးက မွေ့ရာပေါ်တင်ထားသော ရီမုတ်ကို



www.burmeseclassic.com

www.burmeseclassic.com



ကောက်ယူပြီး သီချင်းသံကို ကျယ်စေသည်။

ထွေးက သီချင်းသံကို မျောပါခံစားရင်း မျက်လုံးလေးတွေ မှိတ်မစ်လိုက်သောအခါ လှပသော အဝါရောင် နှင်းဆီပန်းစည်းကို မြင်ယောင်လာမိသည်။

Baby when I meet you, these was peace unknown
I sent out to get you with a Fine-tooth comb
I was saff inside, there was something going on
You do something to me that I can't expalin
Hold me closer and I feel no pain
Every beat of my heart we got something going on
Tender Lover is blind if requires a dedication
All this love we feel needs no conversation
He ride it together ah ... ha ....
Making Love with each other, ah ... ha

ထွေး ရောက်လာအောင် ဘာလို့ မစောင့်ရတာလဲ။

မျက်နှာချင်းဆိုင်ဆုံပြီး ဘာလို့ မပေးရတာလဲ။

ပတ္တမြားက တစ်ဆင့်ပေးခိုင်းပြီး ပြန်သွားခဲ့တာ ဘာကြောင့်လဲ။





ကြာလေကြာလေ နားလည်ရခက်လေပါပဲကွယ်။

ရှင်နဲ့ ထွေးနဲ့ သိနေကြပြီပဲ။ အဲဒီလိုတွေ လုပ်ဖို့လိုသလား။

ရှင်ရောက်လာရင် ထွေးက နွေးထွေးဖော်ရွေစွာ ကြိုမှာပေါ့။

ရှင် ထွေးကို မယုံဘူးလား၊ မစ္စတာမင်းခင်ရယ်။

ကုမ္ပဏီမှာတော့ သူ့ကို အားလုံးက မစ္စတာမင်းခင်ဟုပဲ ခေါ်ကြပါသည်။

"သမီး ... ထွေး"

မေမေ ဘယ်လိုက ဘယ်လိုဘေးနားရောက်မှန်း မသိ။ ခေါ်သံကြားမှ ထွေးမျက်လုံးဖွင့်ကြည့်မိသည့် အဖြစ်ရယ်။ ဘယ်နှယောက်အထိ စိတ်ကူးနေမိသလဲဆိုတာ။

"ဟင် .. မေမေ.. ဘာလဲဟင်"

ထွေးက အိပ်ရာထက်ကဆင်းပြီး ကက်ဆက်ခလုတ်ကို သွားပိတ်သည်။ သီချင်းသံကို ကျော်အောင် မေမေ ဘယ်လိုပြောလဲနော်။

"ထွေး ... မမလတ် ဘာပြောသေးလဲ"

"ရှင်"

ထွေးက ရုတ်တရက်ဘာမှ မဖြေမိဘဲ မေမေ့ကို မော့



www.burmeseclassic.com

www.burmeseclassic.com



ကြည့်မိသည်။ မေမေ့မျက်နှာက တစ်မျိုးပါလား။ ဘာလို့ပါလိမ့်။ ထွေးက မိုးလင်းမိုးချုပ် အိမ်မှာမရှိသူမို့ အိမ်ကကိစ္စတွေ သိပ်မသိပါ။ သို့သော် မေမေနှင့် မမလတ် ပုံစံက တစ်ခုခုဖြစ်နေသလို ပဲဟု ထွေး ထင်မြင်ယူဆမိပါသည်။

"အလတ်မ မျက်နှာမကောင်းဘူး။ ဘာဖြစ်နေသလဲ မသိဘူး"

မေမေက သိချင်စိတ်နှင့် မေးသည်။ ထွေးမှာ ဖြေစရာ မရှိပေ။ မမလတ်က ထွေးကို ဘာမှ အသိပေး မသွားပေ။ သို့သော် အသိပေးတိုင်ပင်ဖို့ အကြီးအစည်တော့ မမလတ်မှာ ရှိနေသည်။ ထွေး ဘယ်မှာရှိမလဲဆိုတာ မေးထားသည်လေ။

"ထွေး မေးပေးမယ်နော် မေမေ"

မေမေက သူ့သမီးလတ် ဘာဖြစ်မှန်းမသိပေမယ့် မငြိမ်မသက်နှင့် နွမ်းဖျော့ပင်ပန်းနေတာ ရိပ်စားမိသည်။ မိခင်ပေကိုး။ သမီးတွေ ဘာပဲဖြစ်ဖြစ် အလိုလို သိနိုင်စွမ်းတာ မိခင်တည်း။

ဖွင့်ဟ မပြောဘဲ မျက်နှာရိပ်မျက်နှာကဲကို သူသိနေသည်။ နှလုံးသားချင်းက သိပ်နီးစပ်သည်။ အလိုလို သိနိုင်စွမ်းကို ပေးပါသည်။





သမီးလတ်တစ်ယောက် ပြောရခက် မပြောရခက်နှင့် သောကဖိစီးနေတာကို မေမေ ကောင်းကောင်းသိပါသည်။ ပြီးတော့ ဆက်စပ်တွေးတော ကြည့်နိုင်တာက လတ်မှာက ချစ်သူကလေး နှင့်။ သည်တော့ စိတ်ရှုပ်စရာဆိုတာ ချစ်သူကြောင့်များစွာ ဖြစ်နိုင်ပေသည်။

"ထွေးကို ဘာမှ မပြောဘူးလား"

"မပြောဘူး မေရဲ့"

"အင်းလေ .. သွားမမေးပါနဲ့။ ပြောလာမှပဲ နားထောင်လိုက်။ တော်ကြာပိုပြီး စိတ်ရှုပ်သွားပါဦးမယ်။ လတ်လည်း ကလေးမှ မဟုတ်တော့ဘဲ"

မေမေက သူ့ကိုယ်သူ ဖြေသိမ့်လိုက်ပါသည်။ ထွေးလည်း မေမေ့စကားကို နားထောင်ပြီး ခုတင်စွန်းမှာ ပြန်ထိုင်ချသည်။

"သမီး အိပ်ချင်အိပ်တော့"

"သမီး မအိပ်သေးပါဘူး၊ သီချင်းနားထောင်နေတာပါ မေမေ"

"အေး ... အေး"

မေမေ အခန်းထဲမှ ပြန်ထွက်သွားတော့ ထွေးသက်ပြင်း ကလေးရှိုက်လျက် ကျန်ရစ်ခဲ့ပါသည်။ ခေါင်းထဲမှာ တွေးစရာ



www.burmeseclassic.com

www.burmeseclassic.com



တွေ ရှိလာသည်။

မမလတ် ဘာတွေ အဆင်မပြေပါလိမ့်။

ထွေးကိုရွှေးပြီး ထိုင်ပင်ချင်မှုရတာကို ပိုပြီးအံ့ဩသည်။

အိမ်မှာဆို ထွေးက အထွေးဆုံး အဆိုးဆုံးမဟုတ်ပေမယ့် ထော်လော်ကန့်လန့် ဂျစ်တိုက်တတ်သူ၊ ကိုယ်ထင်ရာ ဖွတ်ကိုး လုပ်တတ်သူ၊ ပေကပ်ကပ်နှင့် ပြန်မပြော နားမထောင်သူ၊ သမီး အလိမ္မာတုံးလေး မဟုတ်ပါ။ မမကြီးနှင့် မမလတ်တို့ကသာ ဖေကြီး တို့ မေတို့ စိတ်ကြိုက်၊ ဒါဆိုဒါ လိမ်မာကြသည်။

ထို့ကြောင့်လည်း မမကြီးနှင့် မမလတ်က ပိုပြီးပြေလည် သည်။ ထွေးနှင့်ဆို သိပ်ပြီး အစေးမကပ်လှ။ ခုမှ ထူးဆန်းစွာ မမလတ်က ထွေးကို လိုလားစွာ အသိပေးမည်ဆိုလျှင် ဒါဟာ ဖေကြီး မေကြီးတို့နှင့် ဆန့်ကျင်ရမည့်ကိစ္စပဲ ဆိုတာ ထွေးကြည့်ရုံ နှင့် သိလိုက်သည်။

မမလတ်အတွက် ထွေး စိတ်ပူမိသည်။ ဖေကြီးနှင့် မေက သဘောတူခွင့်ပြုပါသည်ဟု ပြောထားပြီးသားပါ။ မမလတ်က ဘာကို စိတ်ဆင်းရဲနေပါလိမ့်။

ထွေး မထွေးကြည့်တတ်တော့ပေ။



"ထွေးရေ ထွေး"

"ရှင် လာပြီ မမသန့်ရဲ့"

ထွေးက ခရေသောက်နေရင်းက ဖန်ခွက်ကလေးကိုင်ပြီး မမသန့်ရှိရာ အပြေးကလေး ရောက်သွားမိပါသည်။

"ဘာလဲ အော်လိုက်တာနော်"

မမသန့်က ထွေးကို တယ်လီဖုန်းရှိရာ မေးငေါ့ပြသည်။ ဖန်ခွက်ကလေး ဘေးချထားတာမို့ ထွေးအတွက်ပဲဆိုတာ နားလည် စွာ စားပွဲနားကပ်သွားမိပါသည်။

စားပွဲဘေးနားရောက်တော့ ဖန်ခွက်ကို စားပွဲပေါ် လှမ်း တင်လိုက်၏။

"ချလွမ်း"

ဖန်ခွက်ကလေးက စားပွဲပေါ် မရောက်ဘဲ လွတ်ကျကွဲ သွားသည်။ ဘယ်လိုဖြစ်ရတာလဲ။ သေသေချာချာ တင်လိုက်ခြင်း



www.burmeseclassic.com

www.burmeseclassic.com



ပါ။ လုံး၀ မမျှော်လင့်တာမို့ ရင်ဘတ်ကလေးဖိကာ ထွေး လန့်သွားမိပါသည်။

"ဟင်း"

တစ်ချက် ညည်းလိုက်မိသည်။

"ထွေး ဖန်ကွဲစတွေ စူးမယ်နော်။ ရတယ်ပြော၊ ပြော .. တော်ကြာ ဖုန်းကျသွားဦးမယ်၊ တစ်ယောက်လောက်လာဦးဟော့၊ ဒီမှာ ဖန်ကွဲစတွေ လုပ်ဦး၊ ထွေး စူးသွားသေးလား"

ကြောင်အမ်း ငြိမ်သက်သွားသော ထွေးကို မမသန့်က သတိပေးလာ၏။

"ဟင့်အင်း ... မစူးပါဘူး"

ထွေးက ဖုန်းခွက်ကလေးကို မရဲတရဲ မယူလိုက်သည်။ စိတ်ထဲမှာ ထင့်ခနဲ ဖြစ်သွားမိတာကို ကြိုးစားမေ့ပျောက်ပစ်လိုက်ပါသည်။

"ဟယ်လို ... ထွေး ပါ"

"ထွေးလား .. ညီမလေးလား"

"ဩော် ... ဟုတ်တယ် မလတ်"

တစ်ဖက်က အသံကြောင့် မလတ်ပဲ ဟု ထွေးသိလိုက်သည်။

"ထွေး"





"ဟင် .. ပြောလေ။ ဘာလဲ မလတ်"

မလတ်က သက်ပြင်းတစ်ချက် ရှိုက်လိုက်တာ ထွေး သိလိုက်သည်။

"ထွေး မလတ်ဆီ ခဏလာခဲ့ဦး"

"ဘယ်ကိုလာရမှာလဲ မလတ် ပြောလေ"

မလတ်က ခဏတိတ်ဆိတ်နေသည်။

"ထွေး"

"ရှင်"

"မလတ် လက်ထပ်လိုက်ပြီ"

"ဘာ"

မျက်လုံးကလေး ပြူးကျယ်ဝိုင်းစက်ကာ ကြမ်းပြင်ပေါ်က ဖန်ကွဲစများကို ကြောင်ငေးစွာ စိုက်ကြည့်မိသည်။

ဘုရားရေ ... ဒါဟာ နိမိတ်ပြခြင်းလား။

မိန်းကလေးတစ်ယောက်အတွက် အရေးအကြီးဆုံးကိစ္စဟု ဆိုနိုင်သော "လက်ထပ်ခြင်း" ဆိုတာကို မလတ်က တစ်ဦးတည်းဆန္ဒနှင့် ဆုံးဖြတ်လိုက်သလား။ မိသားစု၏ သဘောထား၊ မိသားစု၏ နေရာ၊ ဒါတွေကို မလတ် ဥပက္ခာပြုလိုက်ပြီလား။ အံ့ဩလွန်းစွာ မယုံနိုင်လွန်းစွာနှင့် ပါးစပ်ကလေး အဟောင်းသား၊



www.burmeseclassic.com

www.burmeseclassic.com



ဘာသိမှဖင် မထွက်နိုင်တော့ပေ။

ဖေကြီးနှင့် မေသာ သိလျှင်။

ချောက်ချားစွာ ခေါင်းကြီးသွားသည်။

"မလတ် ဘာတွေလျှောက်လုပ်တာလဲဟင်"

ဘယ်လိုအားနည်းချက်တွေရှိလို့ ဘယ်လိုဖြစ်ချက်တွေရှိလို့ မိဘရှေ့ ခေါ်မလာရဲရတာလဲ။ ရင်ပူစွာ တွေးကြည့်မိသည်။ အငယ်ပေမယ့်လည်း ကြားလိုက်ရသော စကားအပေါ် ပူပန်မိပါသည်။

မမလတ် နောက်နေတာများလား။ ဘယ်တုန်းကမှ ဘယ်စကားကိုမှ နောက်ပြောင် မပြောတတ်သော မမလတ်ပါ။ နောက်မှာမဟုတ်ဘူးဟု သိသိကြီးနှင့် နောက်လိုက်တာပဲ ဖြစ်ပါစေဟု အောက်မေ့မိပါသည်။

"ထွေး ချက်ချင်းလာခဲ့နော်"

"ဘယ်ကိုလဲဟင်"

"မလတ်ရုံးကိုပေါ့"

"ဟုတ် ... ဟုတ်ကဲ့"

မမလတ်က ဖုန်းချသွားပေမယ့် ထွေးက ကယောင်ချောက်ချားဖြစ်နေမိပါသည်။





"ထွေး ဘာတဲ့လဲ၊ အရေးကြီးတယ်ဆိုလို့ မမသန့်လာခေါ်ခေါ်တာပါ။ ထွေးကလည်းနော် ကြောက်တတ်လိုက်တာ"

ဖုန်းခွက်ကလေးကို ပြန်ချပြီး ထွေး ငေးငိုင်သွားမိသည်။ အခုအချိန်မှာ တားဆီးဖို့ သိပ်နောက်ကျသွားပါပြီ။

လက်ထပ်ပြီးမှ ဖုန်းဆက်အသိပေးတာကို ထွေး ဘဝင်မကျချင်။ စောစောစီးစီး မပြောတာကိုက ဘယ်သူတားတား နောက်မဆုတ်ချင်လို့သာ ဖြစ်လိမ့်မည်။

မမလတ်ရယ်။

ထွေးရင်ထဲ အဆမတန် လေးသွားမိသည်။ အရင်ဦးဆုံး ထွေးတို့ အသိပေးမှတော့ ဖေကြီးတို့ မေကြီးတို့ကို ပြန်ပြောရမှာက ထွေး။

"မသန့်"

"ဘာလဲ ထွေးရဲ့"

"ထွေး အပြင်ခဏသွားမယ်"

"သွားလေ"

"ထွေး ကားခဏယူသွားမယ်နော်"

"ရတယ်လေ၊ ဘကြီးမော် အောက်မှာရှိသားပဲ။ ခေါ်သွားလိုက်"



www.burmeseclassic.com

www.burmeseclassic.com



ထွေးက ကျောပိုးအိတ်ကလေး ကောက်ယူသည်။

"ထွေး ကြာမှာလား"

"သိပ်မကြာပါဘူး၊ ကြာမယ်ဆို ထွေး ဖုန်းဆက်မယ် ကားလည်း ပြန်လွှတ်လိုက်မယ်လေ"

"ပြီးရော ... ပြီးရော"

ထွေးက တစ်လှမ်းချင်း လျှောက်လာရင်း ကြားလိုက်ရ သော စကားအပေါ် ထူးဆန်းနေသည်။ မယုံနိုင်အောင် ဖြစ်နေ သည်။ မမလတ် သည်လိုလုပ်လိမ့်မည်ဟု မထွေးမိခဲ့ပေ။ ဖေကြီး တို့ကလည်း မမလတ်ကို ယုံကြည်စိတ်ချခဲ့ပါသည်။ ဘာလို့ ဒွတ် လုပ်ရတာလဲ မမလတ်ရယ်။

ဘာကိုမဆို စဉ်းစားဆင်ခြင်ပြီးမှ အထပ်ထပ်သုံးသပ် ထွေးခေါ်ပြီးမှ လုပ်တတ်သော စေ့စပ်စနစ်ကျလွန်းသည့် မမလတ် ပါ။

သည်ကိစ္စကိုလည်း အကြိမ်ကြိမ်စဉ်းစားပြီးမှ ဆုံးဖြတ်ခဲ့ တာ ဖြစ်လိမ့်မည်။ သည်အတိုင်းလုပ်ဖို့ စဉ်းစားခဲ့တာပဲဖြစ်လိမ့် မည်။

အကြောင်းရင်းတစ်စုံတရာကို မသိသေးဘဲ "မိုက် တယ်" ဟု ထွေးမပြောချင်ပါ။ သို့သော် ဖေကြီးနှင့်မေ စိတ်ထိ





ခိုက်သွားမှာ ကျိန်းသေပါ။

မလတ်ကို ခုလို ဘယ်ဖြစ်စေချင်ပါ့မလဲ။ တင့်တင့်တယ် တယ် ခမ်းခမ်းနားနား လက်ထပ်ပေးချင်မှာပါ။

ထွေးရင်ထဲက သိသည်။ ယုံကြည်မိသည်။ ထွေးကိုယ် တိုင်ပင် ကြားလိုက်ရတာကို နှမြောလွန်းစွာ ကြေကွဲလွန်းစွာ စိတ်ထိခိုက်သွားခဲ့သေးတာ၊ ဖေကြီးတို့ဆိုလျှင် ဘယ်လောက်ဖြစ် သွားမလဲဟု တွေးကြည့်စရာမလိုပါ။



www.burmeseclassic.com

www.burmeseclassic.com

"ရပြီး ဦးမော် အဲဒီအရှေ့မှာပဲ ရပ်လိုက်တော့၊ ဟိုမှာ မလတ်စောင့်နေတယ်၊ ဦးမော်ပြန်လိုက်တော့၊ ထွေးကြာမှ"

"အေး ‥ ကောင်းပြီ"

စကားကို တိုတိုပြတ်ပြတ်သာပြောတတ်ပြီး ကွမ်းယာ တဝါးဝါးနေတတ်သော ဦးမော်က ထွေးစကားဆုံးတာနဲ့ ကား စက်နှိုးထွက်တော့သည်။ ထွေးက မမလတ်ကို လှမ်းကြည့်ပြီး လက်ပြနှုတ်ဆက်ကာ လမ်းကူးသွားလိုက်သည်။

"ထွေး"

"မလတ်ရယ်၊ ဘာတွေလဲ"

ထွေးကို လက်ဖျစ်ပြီး စိတ်ထိခိုက်ဟန်ပေါ်လွင်နေသော မလတ်ကို ထွေးက ဘယ်လိုအားပေးနှစ်သိမ့်ပေးရမှန်းမသိအောင် ပါ။

"မလတ် ထွေးကို ပြောပြပါဦး"

"စောစောတုန်းကပဲ မလတ်တို့ လက်မှတ်ထိုးလိုက်ကြ



www.burmeseclassic.com

www.burmeseclassic.com



တာ၊ မလတ် ခွင့်လည်းတင်ပြီးပြီ။ သူလည်း သူ့ အလုပ်ကနေ ခွင့်ယူထားတယ်”

“ဘာလို့ အဲဒီလို လုပ်ရတာလဲ မလတ်ရယ်”

“သူက လူကြီးတွေနဲ့ စေ့စပ်ပြီးမှ လက်ထပ်ဖို့ကို သဘောမတူဘူး ထွေးရဲ့။ တစ်ခါ အဲဒီလိုစေ့စပ်ပွဲပျက်ဖူးတော့” ဟု မလတ်က ထွေးကို အစအဆုံးရှင်းပြလိုက်လေသည်။

“ဖြစ်ရလေ မလတ်ရယ် တယူသန်ကြီး”

နားလည်သွားသောအခါ လက်မခံနိုင်ဘဲ ရှုံ့ချမိသည်။ ဝေဖန်မိသည်။

“ဟုတ်တယ်၊ မလတ် စည်းရုံးကြည့်ပါသေးတယ် ထွေးရယ်”

ဘာပဲဖြစ်ဖြစ် မလတ်စကားတွေက စိတ်သက်သာရာ ရစေပါသည်။ တစ်ခုခု မကြည်ဖြူလောက်စရာအပြစ်ကြီး ရှိနေလို့ မဟုတ်တာ သိရ၏။

“မလတ်တို့ မှားတယ်”

ထွေး အဲဒီလောက်တော့ နားလည်သည်။ တကယ်ဆို ဖိတ်စာရိုက်ပြီး ကျကျနန ဆောင်ခွင့်ရသင့်တာ။ မလတ်ကံက တစ်မျိုးပဲ။

မလတ် လက်ကလေးကို ဆုပ်ထားပြီး ထွေး မျက်ရည်ကျ





သည်။

“မငိုပါနဲ့ ထွေးရယ်”

ထွေးကို တားပြီး မလတ်လည်း ငိုသည်။ ပတ်ဝန်းကျင်ကို ထွေးတို့ မေ့နေမိကြသည်။ မလတ်က သူ့ရုံးမှာပဲ လက်မှတ်ထိုး လက်ထပ်လိုက်ကြခြင်းဖြစ်သည်။

စိတ်မထိန်းနိုင်ဘဲ နှစ်ယောက်သားငိုမိပြီးမှ တစ်ယောက်ကို တစ်ယောက် ကြည့်ကာ ပတ်ဝန်းကျင်ကိုပါ သတိရမိရင်း ရှက်ရှက်နှင့် အငိုရပ်သည်။

“မလတ် အမျိုးသားရော”

တစ်ခါမှ မမြင်ဖူးသေးသော ခဲအိုလောင်းကို ထွေးက စေ့ဝဲရှာကြည့်ကာ မေးလိုက်၏။

“လူကြီးတွေကို မုန့်နှင့်လက်ဖက်ရည်တိုက်တာယ်။ အဲဒါ ဧည့်ခံနေတယ်လေ”

ထွေးရင်ထဲမှာ အတော်ကလေး လစ်ဟာနာကျင်ရပါသည်။ ဘယ်လိုဝေဒနာကြီးမှန်း မသိ။ ဖေကြီးသာသိလျှင် –

ထွေး ရင်ထဲ ဆို့တက်လာ၏။ မလတ်ကို ကြေကြေကွဲကွဲစိုက်ကြည့်မိသည်။

ဘာလို့ ဒီလိုဖြစ်ရတာလဲ ကံတရားရယ်။

ဘယ်သူ့ကို အပြစ်တင်ရမှန်းမသိဘဲ ယူကျုံးမရရှိလှသည်။



www.burmeseclassic.com

www.burmeseclassic.com



"လာလေ၊ ထွေး"

မမလတ်က သူ့အတွက် သီးသန့်ပေးထားသော အခန်းလေးထဲကို ထွေးအားခေါ်ဆောင်သွားပါသည်။ စားပွဲဘေးမှာ ထွေးနှင့် မလတ်ထိုင်မိကြ၏။ မလတ်က ထွေးကို စကားဆိုသည်။

"မေတို့ ဖေကြီးတို့ စိတ်ပူနေမှာစိုးလို့"

တော်သေးတာပေါ့ မမလတ်ရယ်ဟု လည်း ထွေးမပြောရက်ပေ။ ထွေးနှလုံးသားထဲမှာလည်း လူတစ်ယောက်ကို ချစ်ခင်နှစ်သက်ခြင်းများစွာက နေရာယူထားခဲ့ပြီမို့ ကိုယ်ချင်းစာ နားလည်စိတ်ကလေး ရှိနေပါသည်။

"ထွေး … ပြောပြပေးနော်"

ထွေးက မလတ်ကို မမြင်ဖူးသလို ငေးကာကြည့်မိနေသည်။

"မမလတ်တို့ ဘယ်မှာနေမလဲဟင်"

"မောင် … အဲ… သူ တိုက်ခန်းငှားထားတယ်"

"ဩော်"

ကြိုတင်စီစဉ်ပြီး လုပ်သမျှကို ဖေကြီးနှင့်မေသာ သိလျှင် ရင်ကျိုးရချည်ရဲ့။ တစ်နိုင်သလောက် ဖုံးဖိထားဖို့ ထွေး တွေးမိသည်။ အစီအစဉ်မရှိဘဲ ဖြန်းစားကြီး ဖြစ်သွားသလိုမျိုး ပြောရပါမည်။





"မလတ်ရယ်၊ ထွေး ဘယ်လိုကြိုးမှန်း မသိဘူး" ဟု ညည်းမိ၏။

"ခဏနေဦး၊ ထွေးအတွက် မလတ် ကွေကာအုပ် ဖျော်ပေးမယ်"

မလတ်က အံခွဲထဲထည့်ထားသော ကွေကာအုပ်အံထုပ်လေးကို ထုတ်ယူပြီး စားပွဲပေါ်က ဓါတ်ဗူးကို မကြည့်သည်။

"ရေနွေးမရှိဘူး"

"နေပါ၊ မလတ်၊ ထွေး မဆာပါဘူး"

တုန်လှုပ်ချောက်ချားပြီး မသက်မသာရှိနေသော ထွေးကို မလတ် ကရုဏာနှင့်ကြည့်ပြီး ထွက်သွားသည်။

ထွေးတစ်ယောက်တည်း ကျန်ရစ်သည်။

စိတ်မထိန်းနိုင်ဘဲ ထွေး ငိုလိုက်သည်။ မလတ်ကို ထွေး သနားလိုက်တာ။

"လတ်"

ခေါ်သံနှင့်အတူ ဖျတ်ခနဲလှည့်သွားသော လိုက်ကာကြောင့် ထွေး ဆတ်ခနဲမော့ကြည့်လိုက်၏။

"ဟင်"

ထွေး နှလုံးခုန်သံ ရုတ်တရက်ရပ်တန့်သွားပြီဟု ထင်ရသည်။ နှုတ်ခမ်းတွေ ခြောက်သွေ့လျက် မျက်နှာတစ်ခုလုံးသွေး



www.burmeseclassic.com

www.burmeseclassic.com



ဆုတ်ဖြုံရော်သွားရသည်။ ခေါင်းထဲမှာ မိုက်ခနဲဖြစ်သည်။ မျက်လုံးတွေ ပြာဝေသွား၏။ လက်ဖျားခြေဖျားတွေ အေးစက်ကာ တစ်ကိုယ်လုံး တောင့်တင်းသွားရသလိုပါ။

ဘုရား ... ဘုရား။

အသက်ရှူ ကြပ်သွားသလိုဖြစ်တာကြောင့် ဝုန်းခနဲ ထရပ်မိသည်။

"ထွေး"

ကိုမင်းဒင်က တီးတိုးရေရွတ်ပြုံးပြသည်။ ထွေး မျက်လုံးထဲမှာ သူ့သဏ္ဌာန်က ဝေဝေါးနေသည်။ စားပွဲကို ဖမ်းဆုပ်ပြီး ထွေး ပြန်ထိုင်ချသည်။

အသက်ကို ပြင်းပြင်းရှူမိသည်။ စားပွဲပေါ်က ရေဗူးကလေးကို မြင်သည်။ ကမန်းကတမ်းဆွဲယူပြီး ရေတစ်ခွက် သောက်သည်။

ရေတွေက လည်ချောင်းတစ်လျှောက် ကြမ်းတမ်းစွာ စီးဆင်းသွား၏။

"ထွေး ရောက်လာတာ မြန်သားပဲ"

ချိုသာသော အသံနှင့် တဖျတ်ဖျတ် လျှောက်လာသော ကိုမင်းဒင် ရှေ့ကနေ အငွေ့ဖြစ်ပြီး လွင့်ပျောက်သွားချင်တော့ သည်။

ရှက်စိတ်က ခြေဖျားကနေ ငယ်ထိပ်အထိ ဖုံးလွှမ်းသွား





သည်။ ဆိုးရွားသော ခံစားမှုကို ထွေး ပြောမပြတတ်ပေ။

ခေါင်းပေါ်မိုးကြိုးပစ်ချလိုက်သလို ထွေးအာရုံတွေ မှောင်မိုက်ကျဉ်းကြပ်သွားရပါသည်။ သွေးပျက်ခြင်းဆိုတာကို ထွေး ကြုံနေလိုက်ပါပြီ။ လူက ဆောက်တည်ရာမရဘဲ ယိမ်းထိုးယိုင်ကျချင်သည်။ တစ်ကိုယ်လုံးရှိ အင်အားတွေ ဖြုန်းခနဲ ဆုပ်ယူပစ်လိုက်ခြင်း ခံရသလို နွမ်းလျမော့ဟိုက်ဖျော့တော့သွားပါသည်။

ထွေးနှင့် ဆန့်ကျင်စွာ ကိုမင်းဒင်က သွေးအေးရင့်ကျက်နေသည်။ တည်တည်ငြိမ်ငြိမ်နှင့် အရာရာကို ရင်ဆိုင်ရဲပုံ။

သူ့ကို ငေးကြောင်ကြောင် ကြည့်နေပေမယ့် မမြင်သလိုပါ။ ထုံဆေးထိုးလိုက်သလို လူရောစိတ်ပါ ထုံကျင်သွားရသည်။ ခံစားမှုဆိုတာ ဗလာ။

နှင့်နှင့်နဲ့နဲ့ခံစားမှုက ရင်နှင့်မဆန့်သောအခါ လူက ကျောက်ရုပ်ကြီးလို ဖွဲ့အိတ်ကြီးလို အသက်မဲ့နေသလိုပင်။

"လတ်ရော"

ကိုမင်းဒင် မေးတာကို မဖြေနိုင်။ အခန်းအပြင်ကိုသာ လက်ညှိုးထိုးပြမိတော့သည်။ တဒိတ်ဒိတ်နှင့် နားထင်မှ သွေးတိုးနှုန်းကို ခံစားမိ၏။

"မူးလိုက်တာ"

ထွေး လုံးဝ တင်းမထားနိုင်တော့ပါ။ ဆင့်ကဲဆင့်ကဲ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လာသော ဝေဒနာတွေကို နှလုံးသားနုနုက ခံနိုင်ရည်မရှိတော့ပေ။

"ထွေး ဘာပြောတာလဲ"

ဗလုံးဗထွေးအသံကို သူ သေချာကြားပုံမရ။ ထပ်တစ်ခေါက် အားယူပြီး မပြောနိုင်တော့ဘဲ ထွေးကိုယ်လေး ပျော့ခွေကျသွားရတော့သည်။

"ဟာ ... ထွေး"

အာကာမင်းဒင်က ထွေးကို ပြေးပွေ့ထားလိုက်၏။ သတိလစ်မေ့မျောသွားတာကို စိတ်ပူမိသည်။

"လတ် ... လတ်.. လတ်ရေ .. လာဦး..လတ်"

အခန်းထဲမှ အာကာမင်းဒင်အသံ ဟိန်းထွက်သည်။

လတ်က အပြေးရောက်လာပြီး -

"အမလေး ... ထွေး .. ဘာဖြစ်တာလဲ ညီမလေးကို ဒုက္ခပေးမိပြီ"

ဟု အော်ဟစ်ငိုရှိုက် ကျုံးပွေ့လေသည်။



ထွေး သတိရလာသောအခါ စိုးရိမ်တကြီး ငုံ့ကြည့်နေသော မမလတ်ကို မြင်ရ၏။ မမလတ်က ထွေးကို ပွေ့ပိုက်ထားပါသည်။

"သက်သာရဲ့လား သမီး"

နားကြပ်တန်းလန်းနှင့်မို့ ဆရာဝန်ပဲဆိုတာ သိလိုက်ပြီး။ ဖျော့တော့စွာ ပြုံးပြလိုက်၏။

"ဘာမှ မဖြစ်တော့ပါဘူး ကောင်းသွားမှာပါ။ မူးရင်ရှူဆေးလေး ရှူလိုက် ကြားလား သမီး၊ စိတ်အေးအေးထားမှပေါ့"

"ဟုတ်"

ထွေး ရုတ်တရက်ရှော့ခ်ဖြစ်ပြီး မေ့သွားတာ ဆရာဝန်ကြီးက သိပုံရလေသည်။

"ထွေး နေသာရဲ့လား"

"ဟုတ်ကဲ့ ... ထွေး နေကောင်းသွားပါပြီ"

မလတ်က အစိုးရိမ်ကြီးကာ မျက်နှာလေး ငယ်နေသည်။ မလတ်ကို စိတ်မကောင်း မဖြစ်စေချင်ပါ။ အားတင်းပြီး ပြုံးပြမိ



www.burmeseclassic.com

www.burmeseclassic.com



ပါသည်။

ရင်ထဲမှာ မချိမဆန့် လောင်ရှသွားတာကို မျိုသိပ်တင်း ခံနိုင်စွမ်းရှိချင်လှသည်။ ကိုမင်းဒင်ကလည်း ထွေးကို လှမ်းကြည့် အကဲခတ်နေပါသည်။

"ထွေးတစ်ယောက်တည်း ပြန်လို့မဖြစ်ဘူး။ မလတ်နဲ့ပဲ လိုက်ခဲ့လိုက်ပါတော့ကွယ်။ မနက်မှ ပြန်ပေါ့ နော် ထွေး"

"ဟာ .. မဟုတ်တာ၊ ထွေးပြန်ပါ့မယ်"

"မလတ် စိတ်မချဘူး"

"ရပါတယ် မလတ်ရယ်၊ ထွေး လုံးဝနေကောင်းပါပြီ"

ပြောရင်းဆိုရင်း ဝမ်းနည်းစိတ်က တစ်လိမ့်ပြီး တစ်လိမ့် ဆို့တက်လာတော့ အသံတုန်ကာ မျက်ရည်ကျမိသည်။

"ထွေးရယ် မငိုပါနဲ့"

မလတ်လည်း ငိုသံပါလာသည်မို့ မင်းဒင်က သက်ပြင်း ရှိုက်ပြီး လှည့်ထွက်သွား၏။

"ထွေးကို တက်စီပေါ် တင်ပေးပါ"

"လမ်းထိပ်အထိ မလတ် လိုက်ပို့မယ်"

"ဟင့်အင်း"

ထွေး လက်မခံချင်တော့ပါ။ ကိုမင်းဒင်နှင့် မျက်နှာချင်း ဆိုင် မဆုံချင်တော့ပေ။ သည်နေရာဝန်းကျင်ကနေ ချက်ချင်း ထွေ





ထွက်ချင်ပါသည်။

"ထွေးကို တက်စီပေါ်ပဲ တင်ပေးပါ မလတ်ရဲ့"

"အင်းပါ .. အင်းပါ"

ချက်ချင်းပဲ မလတ် လိုက်လျှောရှာသည်။ အလိုတူ အလို ပါဟု ဖေကြီးတို့ ထင်မှတ်မှာ ထွေးစိုးရိမ်သည်ဟု မလတ်က တွေးရှာသလား။

ထွေးကို တက်စီပေါ်လိုက်တင်ပေးပါမည်။ ကားပေါ်မှာ ထွေးမျက်ရည် စက်လက်ကျလာခဲ့ပါသည်။ ထွေးနှလုံးသားတွေ ကြေမွကုန်ပါပြီ။

ထွေး ဘယ်လိုဖြေရမလဲ။ ဘယ်မှာ ပြေးပုန်းရမလဲ။

မျက်လုံးထဲမှာ နှင်းဆီပန်းတွေ မြင်လိုက်၊ ကိုမင်းဒင် အပြုံးကို မြင်လိုက် ဖန်ခွက်ကျကွဲတာ မြင်လိုက်နှင့် မူးဝေနှောက် ကျိုလာပြန်သည်။

စိတ်ကို အနိုင်နိုင်တင်းထားရသည်။ မလှမ်းမကမ်းမှာ မလတ်တို့ ကားပါလာတာ သတိထားမိသည်။ စိတ်မချလို့ လိုက် လာတာပဲ ဖြစ်လိမ့်မည်။

ခြံရှေ့ရောက်တော့ ထွေး မဟန်နိုင်တော့ပါ။ ကားပေါ်က ဆင်းပြီး ခြံတံခါးကို တွန်းဖွင့်သည်။ အင်အားချိနဲ့သူလို ခြံဝင်းနံရံ ကို မှီထားမိ၏။ ခြံတံခါးပွင့်လာတော့ ဧည့်ခန်းဆီ အားတင်းနှောက်



www.burmeseclassic.com

www.burmeseclassic.com



ပါသည်။

ချက်ချင်း လက်ငင်းကြီး ထွေး အဲဒီလောက်တောင် ရှိန့် အားကုန်သွားရသလား။

" သမီး ထွေး "

မေမေက ယိမ်းထိုးမတတ်ရှိနေသော ထွေးလက်မောင်းကို ဖမ်းဆုပ်ကာ ဆိုဖာမှာ ထိုင်စေသည်။ စိုးရိမ်တကြီး စိုက်ကြည့်နေသည်။

"ရေငတ်လိုက်တာ မေရယ်"

"တိုက်မယ် တိုက်မယ် ... သမီးငယ် ဘာဖြစ်လာတာလဲ။ သမီးကြီးရေ လာပါဦးကွယ် ဒီမှာ ထွေးဘာဖြစ်လဲ မသိဘူး"

မေမေက သမီးကြီးဆရာဝန်မကို အလန့်တကြား အားကိုးတကြီး ခေါ်သည်။ မမကြီးက ချက်ချင်းပြေးထွက်လာသည်။ မေမေတိုက်သော ရေကို မောကြီးပန်းကြီးသောက်မိသည်။

" မေ "

" ဘာလဲ သမီးလေး "

လူက နေမကောင်းတာ မဟုတ်ဘဲ စိတ်က ပင်ပန်းဆုံးရှုံးလာတာ မေမေသိပုံရသည်။

" မေ .. မလတ် လက်ထပ်လိုက်ပြီ "

နောက်လည်း ပြောရမည့်အတူတူ မပြောဘဲထား၍လည်း





ခရမည့်အတူတူ ဖွင့်ကြီး ကြိုးစားပြောမိပါသည်။

" ဟင် "

မေမေက ထွေးကို စူးစိုက်ကြည့်ကာ အံ့အားသင့်နေရှာသည်။ ထွေး သိလာတာကို မေမေအလွန်အမင်း အံ့သြပုံတော့ ခရ။ မနေ့တစ်နေ့ကတည်းက မလတ် မျက်နှာပျက်နေတာ တစ်ခုခု ဖြစ်နေတာ မေမေက ရိပ်စားနားလည်ခဲ့လေသည်။

သည်လောက်အထိသာ မထင်ရင်မထင်မှာ အနည်းအကျဉ်းတော့ ကြိုတင်သိထားပြီးသားပါ။

"ဘယ်လို မလတ် လက်ထပ်လိုက်ပြီ ဟုတ်လား"

"ဟုတ်တယ် မမကြီးရဲ့"

ထွေးက မျက်ရည်တွေပူလောင်စွာ စီးကျလာသည်။ ကြီးကြီးမားမား တုန်လှုပ်မှုပိုသွားရသူက မမကြီးပါ။ မမကြီးမျက်နှာက စောစောတုန်းက ထွေးဖြစ်ခဲ့သလို ဖြူရော်ငြိမ်ကျသွားလေသတည်း။

" အခု မလတ်ဘယ်မှာလဲ "

ထွေးထက် ပိုကာမမကြီးမှာ ဟုန်းခနဲ ဒေါသတွေ ကြီးသွားသည်။ မလတ်ကို ထွေးလို နားလည်ပေးနိုင်မှာ မဟုတ်။ ပြီးတော့ မမကြီးက သမီးအကြီးဆုံး။

"မလတ် ပြန်လာမှာ မဟုတ်တော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် .. ဒီလို လုပ်ချင်ရာလုပ်လို့ ရရောလား။ အလင်း မိုက်လိုက်တာ၊ ဒီလောက်မိုက်မဲရသလား။ မေမေ လတ်က ဘာလို့ ဒီလောက်မိုက်ရတာလဲ"

ဘယ်တော့မဆို သွေးအေးစွာ ဖြေရှင်းတတ်သော မမကြီး က မေမေ့လက်မောင်းကို လှုပ်ခါလှုပ်ခါ မေးလေသည်။

"သမီးကြီး စိတ်ကိုငြိမ်အောင်ထားပါကွယ်"

မမလတ် ဆုံးဖြတ်ချက်က မိသားစုကို အတော်ကလေး လောင်ကျွမ်းသွားစေပါသည်။

"သမီးတို့ ဖေဖေလာရင် ဘယ်လိုပြောရမလဲ"

မေမေက ကြေကွဲထိခိုက်သံနှင့် ရေရွတ်သည်။ ဟုတ်ပါ သည်။ ဖေဖေကြားလျှင် ဘယ်လိုဖြစ်သွားမလဲ။ ထွေး မစဉ်းစား ဝံ့ပေ။ သိမ်ငယ်စွာ အားငယ်စွာ မေမေ့ရင်ခွင်ထဲ ကလေးလို တိုး ဝင်မိသည်။

ထွေးမှာက ဆုံးရှုံးမှုနှစ်ခုနှင့်ပါ။ ဘယ်လိုမှ ခံနိုင်ရည် အင်အားမရှိပေ။

ထွေး သေချင်တယ် မေမေရယ်။

ကိုမင်းခင်နဲ့ မလတ်ကို ထွေး ဘယ်လို ရင်ဆိုင်ရပါ့မလဲ။



ဖေဖေ သည်လောက်ဖြစ်သွားလိမ့်မည်ဟု ထွေး မတွေး ထားခဲ့မိပါ။

ခုလောက် ကြေကွဲသွားတာကို တစ်ခါမှ မမြင်ဘူးခဲ့။

ခုလောက် ဒေါသဖြစ်တာကိုလည်း တစ်ခါမှ မမြင်ဘူးခဲ့။

ခုလောက် မချိမဆန့်နှင့် ရှက်လည်းရှက်ယူကျုံးမရလည်း ဖြစ်စွာ ကမူးရှူးထိုး ဆောက်တည်ရာမရ ဖြစ်သွားလိမ့်မည်ဟု ထွေး မထင်ခဲ့ပေ။

သို့သော် ခဏလေးပါ။

ချက်ချင်းပဲ ဖေဖေက တည်ငြိမ်မှုကို ရှာဖွေရရှိသွားပြီး အေးစက်ပြတ်သားစွာ ဆိုသည်။

"အလတ်မအကြောင်း ဒီအချိန်ကစပြီး တစ်ယောက်မှ တစ်ခွန်းမှ မဟနဲ့တော့။ အဲဒါ အားလုံးလိုက်နာရမယ့် စည်းကမ်း ပဲ"

ထွေးရင်ထဲမှာ လစ်ဟာသွားရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မမလတ်ကို ထွေး သနားလိုက်တာ။ သူ့ကို အဲဒီလိုဖြေ ထုတ်ပစ်လိုက်တာသိလျှင် -

နောက်ထပ် ဖေဖေတို့ မေမေတို့ မမကြီးတို့ ဘာတွေပြော ကြသလဲ ဆက်နားမထောင်တော့ဘဲ ထွေး အခန်းထဲဝင်လာပြီး အိပ်ရာထက်မှာ ငိုရှိုက်နေမိသည်။

နှလုံးသားက တဆစ်ဆစ် နာကျင်ကြေကွဲလှသည်။

သည်နေ့တစ်နေ့လုံး ဖန်ခွက်ကျကွဲပြီးကတည်းက ထွေး ဘာဖြစ်လို့မှန်း မသိတော့ပါ။

ကိုမင်းဒင်ရယ် ရက်စက်တယ် ဆိုသော စကားစုက ရင်ထဲမှာပင် မညည်းညူနိုင်ဘဲ ထွေးကြိတ်မှိတ် ခံစားနေမိသည်။

သူဟာ အခုအချိန်မှာ မလတ်၏ တရားဝင်ခင်ပွန်းသည် ထွေး ခံအိုတည်း။ သူ့ကို ထွေး စိတ်ထဲက အပြီးအပြတ်မောင်း ထုတ်ပစ်ရတော့မည်။

ထွေးမှာ ဘယ်လိုဝဋ်ကြွေးပါလို့ သည်လောက်ဆိုးရွားသော အဖြစ်မျိုးနဲ့ ကြုံရသလဲကွယ်။

ထွေး ဘယ်သူ့ကိုမှ ဘာမှ မလှုပ်မိပါလား။

❧ ❧ ❧



"လတ်ရယ် မငိုပါနဲ့"

အာကာမင်းဒင်က အသက်စက်စက်ဖနီးလေးကို ပွေ့ပိုက်ကာ အားပေးနှစ်သိမ့်သည်။

လတ်က တစ်ချိန်လုံး မျက်ရည်ကျနေတော့ သူ စိတ်မကောင်းနိုင်။

"လတ် ... ဘာစားမလဲ၊ မောင် ဘာဝယ်လာရမလဲ"

သူက အိမ်ကို ဖုန်းဆက်အသိပေးဖို့ ခုမှတွေးမိသည်။

ညက မနေ့တုန်းကမှ ခရီးထွက်သွားပြီး ပြန်လာတာ၊ ညီဆီပဲ ဖုန်းဆက်ရပါမည်။

"မောင် အောက်ခဏဆင်းပြီး ဖုန်းဆက်မယ်။ လတ်စားချင်တာမှာလိုက်လေ" ဟု ဆိုသောအခါ လတ်က ခေါင်းကလေး ခါသည်။

"လတ် မနေခဲ့ဘူး။ လိုက်ခဲ့မယ်"



www.burmeseclassic.com

"ဒါဆို တိတ်လေ။ မငိုနဲ့တော့နော်။ ခေါင်းကိုက်လိမ့်မယ်။ လတ်ဘေးမှာ မောင်ရှိနေပြီပဲ။ အရာရာကို မောင်တို့ အတူတူရင်ဆိုင်ရအောင်"

မောင်က လတ်ပခုံးလေးကို ဆုပ်ကိုင်ပြီး အားပေးသည်။

"မောင်"

"ဟင်"

"လတ်ကို ချစ်ပါနော်"

မယုံမရဲလေး မေးနေသော လတ်မေးဖျားလေးကို မောင်က ဖျစ်ညှစ်ပြီး အော်ရယ်နေသည်။ လတ်ကို ပိုင်ဆိုင်ခွင့်ရပြီမို့ မောင်က ကျေနပ်သွားခဲ့ပြီ။

မောင်နှင့်အတူတူနေရမှာကို လတ်ကလည်း ကျေနပ်ပါသည်။ ဖေကြီးတို့က စိတ်ဆင်းရဲအောင်လုပ်မိတာ တစ်ခုကိုပဲ တွေးကာတွေးကာ ဝမ်းနည်းပိုရသည်။

မောင့်ခါးကိုဖက်ပြီး မောင့်ရင်ခွင်ထဲတိုးဝင်ကာ လုံခြုံမှုကို ရှာမိသည်။ ဖေကြီးနှင့်မေ့ကို လတ်ဘယ်လိုရင်ဆိုင်ရမလဲကွယ်။

"လတ်ရယ် မောင်က လတ်ကိုမချစ်ဘဲ နေမလား"

နှစ်ယောက်စလုံး အောက်ကိုဆင်းပြီး ဖုန်းဆက်ဖို့ ခဏတာ မေ့သွားကြသည်။





လတ်ကို မောင်က တင်းတင်းဖက်ထားပြီး တစ်ယောက်ကိုတစ်ယောက် မလွှတ်နိုင်တော့။

လတ်ရင်ထဲမှာ ကြည်နူးခြင်းတစ်ဝက်၊ ကြေကွဲခြင်းတစ်ချက်။

www.burmeseclassic.com

"ကိုကိုကတော့ လုပ်ချလိုက်ပြန်ပြီ။ မေမေက ကိုကို နောက်ကျလို့ စောင့်နေတာ။ ပြဿနာပဲ။ ညီ မပြောတတ်ပါဘူးဗျာ။ ကိုကို လာခဲ့ပါလား။ ဟာ မလာရင် မေမေလိုက်လာမှာဗျ။ နေဦး နေဦး မေမေနဲ့ ပြောပါဗျာ"

ဝဏ္ဏမင်းခင်က ဖွတ်အတင်း ရှောင်ရှားသည်။ ကိုကို့ကို မေမေနှင့် တွေ့ပေးလိုက်၏။

အစကတည်းက ထိုအစီအစဉ်ကို ကိုကိုက ပြောပြထားပြီးသားမို့ အံ့ဩမနေတော့ပါ။

မေမေကတော့ တကယ်ပဲ အံ့ဩနေလေသည်။

မေမေနှင့် ကိုကိုဖုန်းပြောနေတာကို ဝဏ္ဏမင်းခင်ဘေးက နေ နားထောင်နေမိပါသည်။

"ရော့ ... သားလေးနဲ့ ပြောဦးမယ်တဲ့"

ဝဏ္ဏမင်းခင်က မေမေ့ကို ပခုံးတွန့်ပြမိသည်။

"ကိုကိုကတော့ စံပဲ။ မဆိုးဘူး ဟဲ ...ဟဲ"

ပြီးပြီ - တပေ

www.burmeseclassic.com

www.burmeseclassic.com



ပြောင်စပ်စပ်စကားကို မေမေက မကြိုက်လှသလို ကြည့်သည်။

"သားလည်း ကိုကို့လို"

"ဟဲ့ မဟုတ်တာတွေ ပြောလိုက်ဦး … မင်းအစ်ကိုနဲ့"

မေမေငေါက်မှပဲ အရှိန်တန့်သည်။

"ကိုကို … ပြော"

"ငါ မနက်လာခဲ့မယ်"

"ညီ အခုလာခဲ့ရမလား ကိုကို"

"မနှောင့်ယှက်ပါနဲ့ကွာ"

ကိုကိုက သူ့ကို ရယ်ကာမောကာ တားမြစ်သည်။

ကိုကို့အသံမှာ ကြည်နူးရွှင်ပြခြင်းတွေ များစွာပျော်ဝင်နေသည်။

"ကိုကို ပျော်ရဲ့လား"

"အရမ်းဝမ်းသာတာပေါ့။ ဒီတစ်ခါ ကိုကိုအောင်မြင်သွားပြီ"

တစ်ခါ အရှက်ကွဲဖူးတာကို စွဲနေအောင် 'နာ' နေသော ကိုကိုက အားရပါးရဆိုပါသည်။

ဘာပဲဖြစ်ဖြစ် အစွဲအလန်းဒဏ်ရာတစ်ခုကို ကိုကို့မဟောသီ





က ဖျောက်ဖျက်ပေးလိုက်ပါပြီ။

ကိုကို့ကို တကယ်ချစ်ရှာသည်ထင်။

"ကွန်ဂရက်ကျူလေးရှင်းပါ ကိုကို"

"မနက်လာမှ ပြောကြတာပေါ့ ဒါပဲကွာ"

"မေမေက ခုတောင်လိုက်လာချင်တာ"

"ဟာ … မဖြစ်ပါဘူး၊ မနက်မှ လာခဲ့မယ်လို့ ပြောပြီးသား"

ညီတို့ မေမေတို့ ချက်ချင်းလိုက်လာမှာ ကိုကိုက စိုးရိမ်နေသည်။

"ဂွတ်နိုက် ကိုကို"

"ဂွတ်နိုက်ပါ ညီ"

ဝဏ္ဏမင်းခင်က ဖုန်းချပြီး ကိုကိုအတွက် ပြုံးနေမိတော့သည်။

"တခွတ်ထိုးပဲ"

နှုတ်က တိုးတိုးမှတ်ချက်ချနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ … ကိုကို … ညီမရီးရော မပါဘူးလား"

ဝဏ္ဏမင်းဒင်က ကားထဲငုံ့ကြည့်ပြီး မေးလိုက်သည်။ မနက်စောစော ကားဟွန်းတီးသံကြားကတည်းက ကိုကိုပဲဆိုတာ တန်းသိပြီး ပြေးထွက်လာတာ။

"မနိုးသေးဘူးကွ ထားခဲ့တယ်"

"ဟာဗျာ အဓိပ္ပါယ်မရှိဘူး"

အာကာမင်းဒင်က စကားကို သူ လက်မခံချင်ပါ။

တမင်လိုက်မလာတာ သိသည်။

"မနိုးသေးရင် ကိုကိုသွားခေါ်ခဲ့တာလား" ဟု ကပ်သီးကပ်သပ် မေးလိုက်တော့မှ ကိုကိုက -

"ရှက်လို့တဲ့ကွ မလိုက်ချင်ဘူးတဲ့" ဟု ခပ်တိုးတိုးဖြေပြီး ညီအစ်ကိုနှစ်ယောက်က တဖားဖားရယ်မိသည်။

"သားကြီးရယ် ကောင်မလေးက သနားပါတယ်။ စိတ်ဆင်းရဲရှာမှာပေါ့"

မေမေက မပြင်ဖူးသေးသော ချွေးမဘက်က တွေးစာနာနေသည်။

မေမေ့လို မိခင်မျိုးက ရှာမှရှားပါပဲ။

"သား … သူ့ကို တစ်သက်လုံးပျော်အောင် ထားမှာပါ။



www.burmeseclassic.com

www.burmeseclassic.com



သူယုံလို့လည်း သားကို အားကိုးတကြီး လိုက်လာတာပေါ့။ သားသူ့ကို အမြဲအနိုင်တာခံဖို့ ဆုံးဖြတ်ထားပါတယ် မေမေ။ သားသိပါတယ်။ သူတစ်ညလုံး ငိုနေတယ်''

ကြေကွဲရိပ်ထင်ဟပ်လာသော ကိုကို့မျက်နှာကို သူငေးကြည့်နေမိသည်။ မေမေက ကိုကို့ကို အစွဲအလန်းကို သိထားတာမို့ သိပ်လည်း အပြစ်မတင်ရက်ပုံ။

မိန်းမတစ်ယောက်ကို နှစ်နှစ်ကာကာ မြတ်နိုးတတ်မှန်းသစ္စာရှိရှိ တစ်သက်လုံး ဂရုတစိုက်ရှိသွားမှာကိုလည်း သိနေဖြစ်တာမို့ ပိုပြီး မဆူရက်တော့ပေ။

သားကိုယ်တိုင်လည်း ထိုကိစ္စအတွက် စိတ်ထိခိုက်နေတာမိခင်မို့ သိပါသည်။

မေမေက သားနှစ်ယောက်ကို ကော်ဖီဖျော်တိုက်ပေမယ့်ကော်ဖီသောက်ပြီးသောအခါ နှစ်ယောက်သား အပြင်ထွက်ထိုင်ကြသည်။

''ကိုကိုရာ အိမ်မှာပဲ လာနေပါလား''

ဝရန်တာမင်းဒင်စကားကို အာကာမင်းဒင်က ခေါင်းခါသည်။

''အိမ်ထောင်ကျပြီဆိုရင် သပ်သပ်နေတာက အကောင်းဆုံးပါ ညီ''





ကိုကိုက ပြတ်ပြတ်သားသားဆုံးဖြတ်လုပ်ကိုင်တာမို့ သူထပ်မတိုက်တွန်းတော့ပေ။ တိုက်တွန်းနေလည်း အပိုပါပဲ။

ခါတိုင်းလို စိတ်အေးလက်အေး ဆိုင်မထိုင်နိုင်သော ကိုကိုက ဆယ့်ငါးမိနစ်၊ မိနစ်နှစ်ဆယ်လည်းကြာရော ပြန်ဖို့ပြင်သည်။

''သွားမယ် ညီ ထိုင်ချင် ထိုင်ဦး''

''ညီလည်း ပြန်မှာပါ ကိုကို''

နှစ်ယောက်စလုံး လမ်းခွဲပြီး ကားပေါ်တက်သည်။ ကားနှစ်စီးက ဦးတည်ရာဆန့်ကျင်ဘက်။

ညီက ကိုကို့ကို လက်ပြနှုတ်ဆက်သည်။ ကိုကိုက ခေါင်းတစ်ချက်ဆတ်လျက် ပြုံးပြသည်။



www.burmeseclassic.com

www.burmeseclassic.com

ဝဏ္ဏမင်းဒင်က ကားကို ဖြည်းဖြည်းကလေး ဘီးလိမ့်ရုံမောင်းပြီး ခေါင်းငုံ့စောင်းကြည့်မိသည်။ ခြံဝင်းကြီးက တိတ်ဆိတ်ပြီး လူရိပ်လူယောင်မမြင်ရ။

ထွေး ဆိုတာလေး ဘယ်ရောက်နေပါလိမ့်။ ထွေး ခုတလော မလာတာလား။

ဒါမှမဟုတ် သူနှင့်မဆုံတာများလား။ ရင်ထဲမှာ မြင်းမြင်းမြိုမြိုတွေ့ချင်လာသည်။ မွန်းကြပ်စွာ ခံစားလာရသည်။ ခရီးထွက်ပြီး ပြန်လာကတည်းက သူနေ့တိုင်းရှာနေမိတာပါ။ သူပေးသောဝန်းစည်းကို ရမှရရဲ့လား။

ခြံရှေ့ကားရပ်ပြီး ရဲရဲဝံ့ဝံ့မေးလိုက်ဖို့ရာ ဝန်လေးမျက်နှာရှိမိသည်။ ဘာမဆို ရဲရဲဆုံးဖြတ် ဝံ့ဝံ့စားစားလုပ်ကိုင်တတ်သော ဝဏ္ဏမင်းဒင်ပါ။ ဘယ်တုန်းကမှ သတ္တိမနည်းခဲ့။ ထွေးနှင့်ကျမှ သူ တွန့်ဆုတ်နေမိသည်။ သတ္တိတွေပျောက်နေခဲ့သည်။ ထူထူပူ



www.burmeseclassic.com

www.burmeseclassic.com



နှင့် မှားမှားယွင်းယွင်း ဖြစ်နေတတ်သည်။

ထွေးရော မင်းဒင်နှလုံးသားကို မင်းဘယ်လိုဖမ်းစား သိမ်းပိုက်လိုက်သလဲကွာ။ ထွေးအကြောင်း တွေးမိသောအခါ သူ့နှုတ်ခမ်းတွေက လူးလွန့်တောက်ပ ပြုံးလာရသည်။

ဘာပဲဖြစ်ဖြစ် သည်နေ့တော့ သူ ထွေးကို တွေ့ချင်သည်။ တွေ့ရအောင် ကြိုးစားမည်။

သူတစ်ယောက်တည်း ဆုံးဖြတ်လိုက်မိသည်။

ခြံရှေ့ကားရပ်ပြီး ဟွန်းတီးသည်။ ခြံတံခါးလာဖွင့်ပေးသောအခါ ကားကို ဂိုဒေါင်ရှေ့ရောက်အောင် မောင်းလာသည်။ လပ်ကီးက ကားနောက်မှ ပြေးလိုက်လာ၏။ ကားပေါ်က ဆင်းလာတော့ ဝဏ္ဏမင်းဒင်အပေါ် ခုန်ကာခုန်ကာ တက်သည်။ လျှာနှင့် လျှောက်လျက်ပစ်သည်။ တအုအုနှင့် အသည်းယားစွာ အော်ရေသည်။

"ဟ … မင်းကလည်း ဖယ်ပါဦး"

ခုန်ကာ ခုန်ကာ တွယ်ကပ်တတ်သော လပ်ကီးလက်တွေကို ဖယ်ချပြီး လျှောက်လာခဲ့သည်။

ဧည့်ခန်းအရောက်မှာ ဖုန်းမြည်သံကြားရသည်။ သူ စိန့်ချွတ်နေတုန်း မေမေက ဖုန်းလာကိုင်သည်။





"ဘယ်လို ဘယ်လို ဩော် ဟုတ်ပါတယ်၊ ဟင် အမလေး ဟုတ်ပါတယ်ရှင် ဟုတ်ပါတယ်"

ကတုန်ကယင် မေမေ့အသံကြောင့် ဝဏ္ဏမင်းဒင် လန့်သွားမိပါသည်။

"ဟုတ်ပါတယ်။ ဟုတ်ကဲ့ပါ။ အခုချက်ချင်း လာခဲ့ပါ့မယ် ကျေးဇူးတင်ပါတယ်။ စိုးရိမ်ရသလားဟင် သား ဘာဖြစ်သွားသေးလဲ ဘုရား … ဘုရား … ဒုက္ခပါပဲ၊ ဟုတ်ကဲ့ ဟုတ်ကဲ့ ကောင်းပါပြီ သားရေ"

မေမေကဖုန်းချပြီး တစ်ဆက်တည်း သူ့ကိုအော်ခေါ်သည်။

"ဗျာ … မေမေ … ဘာဖြစ်လို့လဲ"

"သားရေ သားကြီးကားတိုက်လို့တဲ့။ သစ်ပင်ကို တိုက်မိတာတဲ့၊ ကလေးတစ်ယောက်ကို ရှောင်လိုက်တာတဲ့ ဘုရား ဘုရား သားကြီးဘာမှမဖြစ်ပါစေနဲ့ သား ဘယ်လိုလုပ်မလဲ သား ဖေဖေ အခုပဲ ထွက်သွားတယ် လုပ်ပါဦး"

မေမေက စိတ်ပူစွာ စိုးရိမ်စွာ သွေးပျက်စွာ အဆက်အစပ်မရှိ ရေရွတ်နေသည်။

သူလည်း ခေါင်းတွေပူကာ ချက်ချင်း ဘာလုပ်ရမှန်း မသိ။



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေ ဟဲဒ်နီးဖုန်းပါသွားတယ် မဟုတ်လား"

သူ သတိရကာ ရေရွတ်ပြီး လက်ထဲက ဖုန်းနှင့် ဖေဖေ့ဆီ ဖုန်းဆက်သည်။

ဖေဖေက လမ်းတစ်ဝက်မှာပဲ ရှိသေးသည်။

ဆေးရုံကြီးအရေးပေါ်ဌာနကိုပဲ လာဖို့ ဖေဖေနှင့် ပြောသည်။

"မေမေ … လာ .. သွားရအောင် .. မြန်မြန်"

မေမေက ကပျာကယာ ပိုက်ဆံအိတ်သွားယူသည်။

သူနှင့် မေမေ အပြေးတစ်ပိုင်းထွက်လာခဲ့သည်။

"ကလေးအမေကလည်း ကားလမ်းပေါ်ရောက်ရင် ကလေးလက်ကို ဆွဲမထားဘူး။ ကလေးဆိုတာ ဘာသိမှာလဲ။ စိတ်ကူးပေါက်ရင် လမ်းပေါ်ပြေးချင် ပြေးမှာပဲ။ တိုက်မိရင်လည်း ဒုက္ခ။ မတိုက်မိတော့လည်း ဒုက္ခ။ အရှင်ဘုရား သားကြီးအား သူတော်ကောင်းပါ။ အရှင်ဘုရား စောင့်ရှောက်ပါ။ သားကြီးကို အသက်ရှင်ခွင့် ပေးပါဦး"

မေမေက တစ်လမ်းလုံး ဘုရားစာ ရွတ်သည်။

"သားလေး ဖြည်းဖြည်းမောင်းနော်"

"ဟုတ်ကဲ့ပါ မေမေ"





ဝဏ္ဏမင်းခင်က ရှေ့တူရူကို ကြည့်ကာ ခေါင်းညိတ်သည်။

ကိုကိုရယ် ဖြစ်မှ ဖြစ်ရလေ။

သူ့ရင်ထဲ စိုးရိမ်ခြင်းကတစ်ဖက်၊ စိတ်မကောင်းခြင်းက တစ်ဖက်။ သူ့ကို ကားထဲကနေ ခေါင်းဆတ်ပြုံးပြသွားတာကို မြင်ယောင်လာသည်။

ဒါ … သူ့ကို အပြီးအပိုင် နှုတ်ဆက်သွားတာလား။

ဆံပင်ထိုးထောင်ကာ ခေါင်းကြီးလေးသွားမိသည်။

ဖွ ..လွဲပါစေ ခင်ဗျာ။ ကိုကို ဘာမှ မဖြစ်ပါစေနဲ့။

ကိုကို့မှာက မျှော်လင့်တကြီး စောင့်နေမည့် ဇနီးသည် သစ်စက်စက်ကလေးနှင့်။ ကံတရားရယ် အဲဒီလောက် မနှိပ်စက်ပါနဲ့။

ကိုကို နေကောင်းပါစေ။ ကိုကို့ကို ပကတိ အကောင်းအတိုင်းပြန်မြင်ပါရစေ။

ဝဏ္ဏမင်းခင် ပြင်းထန်စွာ ဆုတောင်းမိသည်။

ကိုကိုသာ တစ်ခုခုဆို မနေ့ကမှ လက်ထပ်ထားသော ကိုကို့မိန်းမရူးသွားလိမ့်မည်။ တစ်ခုခုဖြစ်သွားလိမ့်မည်။ သူ့ခမြာ ဆွေမျိုးမိသားစုလုံးကို အသိမပေးဘဲ ယူထားခဲ့ရတာ။



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုရယ် ညီပြောသားပဲဗျာ။ လူကြီးတွေ စိတ်ဆင်းရဲတာ ဘယ်လိုလုပ်ကောင်းမှာလဲ။

ဟိုဘက်မိသားစုက ဘယ်လိုကျေနပ်နိုင်မလဲ။ ဘယ်လောက်စိတ်ထိခိုက်မလဲ။ သူတို့က သဘောမတူဘူး။ လက်မခံပါဘူးဟု တစ်ခွန်းမှလည်း မဆိုရဘဲ ကိုကိုတို့က သူတို့ကို အရှက်မသွင်းတာ။

ကိုကိုက တမင်လုပ်တာ မဟုတ်ပါဘူး။ သည်လုပ်ရပ်အတွက် ဒဏ်ခတ်ခံရတာဆိုရင်လည်း လျှော့ပေါ့ပေးပါဘုရား။

ကိုကို့မှာ ယုတ်မာညစ်ထေးတဲ့ အကြံအစည်ရှိပုံမရပါဘူး။ သူ့ကောင်မလေးကို တကယ်ပဲချစ်ရှာသူပါ။

ကိုကိုဟာ ဖြူစင်ရိုးသားတည်ကြည်သူပါ။

သူများမိသားစုကို စိတ်ဆင်းရဲအောင် ရင်ပူအောင် ကိုကို ဘာလို့ လုပ်မိရတာလဲဗျာ။

ညီ တားခဲ့ပါသေးတယ် ကိုကိုနားမထောင်ဘူး။

ဝဏ္ဏမင်းဒင် စိတ်တွေ ယောက်ယက်ခတ် ပူလောင်နေရတော့သည်။

မေမေ့ကို အားပေးဖို့ပင် သူမေ့နေမိပါသည်။

ကိုကို အာကာမင်းဒင် သူတို့အလာကို ခွဲတင်းပြီး စောင့်နေပုံရလေသည်။ ညီကို မြင်ရသောအခါ မျက်လုံးအစုံ ပြူးထွက်ပြီး မျှော်လင့်တကြီး ဖြစ်သွားရှာသည်။

ထိုခဏမှာ ကိုကို့မျက်လုံးတွေကို သူ အလုံးစုံနားလည်သည်။ သဘောပေါက်သည်။

ကိုကိုတောင်းဆိုချင်တာကို သူ သိသည်။ ကိုကို့ဆန္ဒကို မပြောဘဲ သိနေမိပါသည်။ လိုအပ်သော ကုသမှုအားလုံးကို အလျင်မြန်ဆုံးလုပ်ပေးထားပြီး ခွဲစိတ်ခန်းမဝင်ခဏ ကိုကို့နှင့်တွေ့ရခြင်းပါ။

ကိုကို့ကို ကြည့်ရတာ အင်မတန်နာကျင်ခံစားနေရပုံ ပေါ်သည်။ မချိမဆံ့ ဝေဒနာကို ကြိတ်မှိတ်တင်းထားပြီး ညီတို့ ရောက်အလာကို သတိရှိရှိ စောင့်နေသည်။

"ကိုကို"

"ညီ"





www.burmeseclassic.com

www.burmeseclassic.com



ပါးစပ်လှုပ်ရုံလေးပဲ ခေါ်နိုင်သည်။

"ကိုကို ဘာမှမဖြစ်ပါဘူး အားတင်းထား"

ကိုကို့ဘေးနားကပ်သွားပြီး သူ အားပေးလိုက်ပါသည်။

"ညီ ... လတ်ဆီ သွားပေးပါ"

"ဟုတ်ကဲ့ ကိုကို တွေ့ချင်တာ ညီသိပါတယ်။ ခုပဲ သွားခေါ်ပေးပါ့မယ်"

"မဟုတ်ဘူး ... ကိုကို့ အစား မင်းသွားတွေ့လိုက်ပါ။ ကိုကို့ အခြေအနေ ဘာမှန်းမသိသေးဘူး။ လတ်က ကိုကို့ တစ်ယောက်တည်းကို အားကိုးပြီးနေရတာ"

မောကြီးပမ်းကြီး စကားတွေကို ညီ မျက်လုံးပြူးသွားသည်။ ကိုကို ဘာတွေ စိုးရိမ်နေပါလိမ့်။

"သားကြီး စိတ်အေးအေးထားပါကွယ်။ သားငယ်ကို မေမေလွှတ်လိုက်ပါ့မယ်။ မေမေသိပါတယ်။ သားကြီး စိတ်မပူနဲ့တော့နော်"

ညီက ဘာမှ ကတိမပေးရသေးခင် မေမေက ဝင်ပြောလိုက်လေသည်။

"ညီ ... ညီမှန်းမသိစေနဲ့ကွာ၊ ကိုကိုလို့ပဲ ထင်ပါစေ ကိုကို ဒီတစ်ခါပဲ ညီ့ဆီက တောင်းဆိုတာပါ။ ညီ့ကို ကိုကိုယုံပါ





တယ်။ ကိုကိုမရှိတော့ရင် လတ်နဲ့ တစ်သက်လုံး နေပေးပါ"

ဝဏ္ဏမင်းဒင်က အစ်ကိုဖြစ်သူကို ငေးကြောင်ကြောင်ကြည့်နေမိတော့သည်။

ချက်ချင်းပဲ သူ သိလိုက်၏။ သူ ကျဉ်းမြောင်းပြီး လှုပ်ရှားရခက်သော အနေအထားကို ရောက်ရှိသွားခဲ့ပြီ။ ကိုကို့ဆန္ဒကို ဘယ်လိုငြင်းရမလဲ။

ကိုကို့ကို ခွဲစိတ်ခန်းသွင်းဖို့ အားလုံးပြင်ဆင်နေကြပြီ။ ကိုကို သတိကောင်းကောင်းမရချင်။

"သားငယ် ... မေမေတို့ ဒီမှာ ရှိမယ်။ သွား သွားလိုက်ပါ"

"မေမေ ... ဖြစ်ပါ့မလားဗျာ"

"လောလောဆယ်တော့ သားကြီးပြောသလိုပဲ နေပေးလိုက်ပေါ့။ နောက်မှ သားကြီးအခြေအနေကြည့်ပြီး..."

မေမေက မျက်ရည်တွေ သုတ်ပစ်ရင်းက တိုက်တွန်းလာပါသည်။

ဝဏ္ဏမင်းဒင်က ဟင်းခနဲ ဟူးခနဲ သက်ပြင်းရှိုက်သည်။

မလွဲသာ မရှောင်သာ ကိုကို့ဇနီးလေးရှိရာ သူရောက်သွားရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုက သူ့ဖနီးလေးကို ချစ်ရှာသည်။ စိတ်ဆင်းရဲသွားမှာ စိုးရှာသည်။ ပြီးတော့ ဟိုက တစ်မိသားစုလုံးကို ထားရစ်ကာ ကိုကို့အပေါ် လုံးလုံးလျားလျား မှီခိုခဲ့သူလေး။

အင်း .. ကုသိုလ်ရပါတယ်လေ။ ကိုကိုနေကောင်းမှပဲ အဖြစ်မှန်ကို ဖွင့်ပြောတော့မယ်။

ဝဏ္ဏမင်းခင် ဒီလိုပဲ တွေးလိုက်သည်။ ကိုကိုတစ်ခုခု ဖြစ်သွားခဲ့ရင် ဆိုတာကို တစ်စက်ကလေးမှ မတွေးပါ။ ကိုကို မသေနိုင်ပါ။ ကိုကို့မှာ ခိုင်မာသော အချစ်၏ ဆွဲအားရှိနေသည်လေ။

ဘာ ဘာ ဘာ

အခန်းတံခါးဝမှာ ခြေစုံရပ်ပြီး ဘဲလ်တီးသောအခါ တံခါးလေးက လှပ်ခနဲ ပွင့်သွားသည်။ သင်းပျံ့သော ရှန်ရှုန့်ကလေးက အရင်ဦးဆုံးဦးဆီးကြိုနှုတ်ဆက်လာသည်။ အေးချမ်းပြီး ချစ်စရာကောင်းသော ပန်းရောင်ဂါဝန်ရှည်လေးနှင့် အမျိုးသမီးလေးကို သူ ရင်နှီးစွာ ပြုံးပြမိပါသည်။

"မောင် ... ကြာလိုက်တာ"

စိတ်ကောက်ချင်သလိုလို မူတူတူ စူတူတူ အပြောကို ကိုကိုသာဆိုလျှင် ဘယ်လိုချော့မလဲ မသိပါ။ သူက မောပမ်းစွာ ပြုံးပြဖြစ်၏။

"မောင် ... ဘာဖြစ်လို့လဲဟင် ... အဆင်မပြေဘူးလား"

"ပြေပါတယ်"

အလိုသိကာ အရိပ်ကြည့်ချစ်တတ်မည့် မျက်လုံးလေးတွေ





www.burmeseclassic.com

www.burmeseclassic.com



မို့ ကိုကို့အတွက် သူ့ဂုဏ်ယူကျေနပ်မိပါသည်။

"မောင်ရယ် လတ် စိတ်ပူလိုက်တာ"

သူ့ဘေးမှာ လာတိုင်သောကြောင့် မသိမသာ ခုံဘေးအထိ တိုးကပ်လိုက်မိ၏။

"လတ် ခုတင်ပေါ်က ဆင်းတော့ ခြေခေါက်လဲသွားတယ် မောင်ရဲ့၊ မောင် တစ်ခုခုများ ဖြစ်သလားလို့ စိုးရိမ်ပြီး ဘုရားရှိခိုးလိုက်ရတာ"

ဝဏ္ဏမင်းဒင်ရင်ထဲ တင်းကြပ်သွားရသည်။

တစ်ဦးကို တစ်ဦး စစ်မှန်စွာ ချစ်သော ချစ်သူချင်းမို့ နှလုံးသားနှစ်ခုကို မမြင်ရသော ကြိုးတစ်ချောင်းက အတူတူ ပူးချည်နှောင်ထားသလို အလိုလိုသိနိုင်စွမ်းအားပေးထားသည်ပင်။

"ဒီမှာကြည့် ယောင်ကိုင်းနေတာပဲ"

လတ်က ခြေထောက်ကလေး ရှေ့ထုတ်ပြသည်။

"ဟင်"

ဟုတ်သားပဲ။ ခြေမျက်စိပတ်လည်မှာ နီရဲရောင်ရမ်းနေသည်။

"လတ် တစ်ခုခု လိမ်းလိုက်လေ"

"ဘာမှ မရှိတာ"





"ဟုတ်သားပဲ ဆင်းဝယ်လိုက်မယ်"

ဝဏ္ဏမင်းဒင်က ချက်ချင်းမတ်တပ်ရပ်သည်။

"ခုပဲ တက်လာတာ မောင်ရယ် ခဏနေမှ ဆင်းပါ။ မောမှာပေါ့"

သူ့ပခုံးပေါ် ခေါင်းလေးမှီချကာ ပြောလိုက်သော လတ်ကို ဝဏ္ဏမင်းဒင် ဘာပြောရမှန်းမသိတော့ပါ။

"လတ်"

"ဟင်"

"ဟို ... မမေ နေမကောင်းဘူး။ မောင်ဒီည အိမ်မှာ ပြန်အိပ်ရမယ်"

လတ်က ဆတ်ခနဲ ဖြစ်သွားပြီး မော့ကြည့်သည်။

"လတ် လိုက်မလား"

ချက်ချင်း မဖြေဘဲ ငြိမ်သက်နေတာကို စိတ်ရှည်ရှည် စောင့်နေလိုက်၏။

ကိုကို့ အမျိုးသမီးနှင့် သူ ဒယ်လို အတူတူနေလို့ ဖြစ်မှာလဲ။

ပြီးတော့ မမလတ်က သူ့ကို ကိုကိုပဲ မှတ်နေတော့တာ။ ချွဲနွဲ့တိုးကပ်လာလျှင် သူ့အတွက် အခက်တွေ့နိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မသွားလို့ မရဘူးလားဟင်"

"ဘယ်ကောင်းပါ့မလဲ လတ်ရယ်"

လတ်က ခေါင်းလေးငုံ့ ပင့်သက်ရှိုက်ကာ-

"အင်းလေ ညီမလေးကို အဖော်ခေါ်ထားရမှာပေါ့"

ဟု ညည်းညည်းညူညူ ဆိုသည်။ သည်တော့မှ သူ့အသက် ရှူ ချောင်သွားတော့သည်။

လောကကြီးရယ် တစ်မနက်တည်းနဲ့ ဘာတွေဖြစ်ကုန် တာလဲကွာ သူ့အတွက် ဆန်းကြယ်လွန်းနေသည်။

"မောင် ဆေးသွားဝယ်ခဲ့မယ်"

"ဘာဆေးဝယ်မှာလဲ မောင်"

"ဒဏ်ကြေဆေးတစ်ခုခုပေါ့၊ ပြီးတော့ ဆေးသောက်ဖို့ လည်း ဝယ်ခဲ့မယ်"

လတ်က ချစ်သူမောင့်ကို တံခါးပိတ်ပေးသည်။

အိမ်ကို ခဏပြန်တာပင် အဝတ်အစားလဲခဲ့သော မောင်။ မောင်က သူ့မိသားစုကို သိပ်ချစ်ရှာသည်။ အမေနေမကောင်း၍ အိမ်ခဏ ပြန်အိပ်မတဲ့။

လတ်က နားလည်ပေးရမှာပေါ့။ ခွင့်ပြုရမှာပေါ့။

လတ်က မောင့်ကို အသည်းနှင့်အောင်ချစ်ရတဲ့ သူလေး





ရှိုးတယ်ဆိုရင်တောင် အဲဒီအရှိုးကို လတ် ကျေနပ်ပါ တယ်။ သိပ်ကျေနပ်ပါတယ်။ လတ်ဘဝမှာ မောင့်ကိုသာ အဲဒီလို အချစ်တွေနဲ့ ချစ်ရတာပါ။

ခြေထောက်နာနေတာမို့ မောင်နှင့်အတူ အောက်မဆင်း တော့ဘဲ ဘေးခန်းမှာပဲ ညီမလေး ထွေးဆီ ဖုန်းဆက်ပါသည်။

ကံကောင်းချင်တော့ ဖုန်းလာကိုင်တာက ထွေးလေးပါပဲ။

"ထွေး ဖေကြီး စိတ်ဆိုးနေလားဟင်"

အရင်ဦးဆုံး လတ် မေးမိပါသည်။ ထွေးက ဖေကြီး အကြောင်းရော၊ မေ့အကြောင်းရော၊ မမကြီးအကြောင်းပါ စုံစုံ စေ့စေ့ရှင်းပြပါသည်။

"မလတ်ရယ် ဖေကြီးသနားပါတယ် သိလား"

ထွေး စကားကြောင့် လတ် တိတ်တဆိတ် မျက်ရည်ကျရ သည်။ လတ်က ထွေးကို လာခဲ့ဖို့ခေါ်သည်။ ထွေးက မေ့ကိုပဲ ပြောပြီးလာခဲ့ပါ့မယ်ဟုဆိုသည်။ ထွေးက အားငယ်နေသော မလတ် ဘက်မှာ ရပ်တည်ပေးဖို့ ဆုံးဖြတ်ထားလေသည်။

ကိုမင်းခင်ဟာ ဇာတ်ကောင်းသူကောင်း တစ်ယောက်ပဲ ပေါ့လား။ ထွေး သဘောတူကြည်ဖြူ မိပါသည်။

"ထွေးလာခဲ့မယ် မလတ်"



www.burmeseclassic.com

www.burmeseclassic.com



"အင်း … အင်း"

ထွေးက မေ့ဆီ ဘယ်လိုခွင့်တောင်းရပါ့မလဲဟု အကြံထုတ်သည်။ မမလတ်ခြေထောက်နာသွားတာ ပြောပြရကောင်းမလားဟုလည်း တွေးသည်။ ဘာပဲဖြစ်ဖြစ် မမလတ်ဆီ ထွေးသွားပါမည်။

မမကြီးဆီက လူးဆေးနှင့်သောက်ဆေး တောင်းသွားရဦးမည်။ ညီအစ်မအရင်းတွေမို့ စိတ်ထဲမှာ မေတ္တာစိတ်က ထုနှင့်တည်နှင့်ရှိကြပါသည်။

"ဘာဖြစ်သွားတာလဲ .. အရိုးတွေ ဘာတွေများ ထိသွားသလား မသိဘူး"

မမကြီးဆီက စိုးရိမ်စကား ဦးဆုံးထွက်လာသည်။

"ရှမ်းသမ်းပြီး ဆေးလူးလို့ရမလား။ ဘာဖြစ်မှန်းမသိလာ .. လာသွားကြည့်ရအောင်"

မမကြီးစကားကို ထွေးက ထခုန်မတတ် ဝမ်းသာမိသည်။

"ဟုတ်ကဲ့ … ဟုတ်ကဲ့"

မေမေက သမီးနှစ်ယောက်ကို မတားမြစ်ပါ။ ဖေကြီးမသိအောင် ညီအစ်မတွေ နိုးတွေ့ဆက်သွယ်ကြမှာပဲ ဆိုတာသိပြီးသားပါ။ နောက်တော့လည်း တဖြည်းဖြည်းနှင့် လတ်ကို ပြန်လက်ခံရမှာပါပဲ။

"သမီးတွေ လာဦး"

"ရှင်… လာပြီမေ"

မေမေက ထွေးကိုခေါ်ပြီး ဝရန်တာစွန်းမှာ သပ်ရပ်စွာချိတ်ထားသော မမလတ်၏ ရှေ့နေကုတ်အနက်ရောင်ကလေးတွေကို ချိတ်ကနေ ဖြုတ်ယူသည်။

မေမေ့မျက်နှာက ချက်ချင်းပဲ ညှိုးရော်သွားသည်။

မမကြီး၏ ဂျူတီကုတ်များ မမလတ်၏ ရှေ့နေကုတ်များကို မေမေက သပ်ရပ်ကော့ပျံနေအောင် အမြဲလုပ်ပေးတတ်ပါသည်။

ထွေးလေး .. တွေ့လား မေ ဘယ်လောက် ဝုဏ်ယူစရာကောင်းသလဲ။ သမီးလေးဘာ လေယာဉ်မယ်ဖြစ်ရမယ် ဆိုပြီး ပြောတတ်ပါသည်။

"အဝတ်အစားက ချက်ချင်းဝယ်လို့ရတယ်။ ဒါက ချုပ်ရမှာ အပ်ရမှာဆိုတော့ ခက်နေမယ်။ ယူသွားပေးလိုက်။ ရုံးက ခွင့်စေ့ပြီး ပြန်တက်တာနဲ့လိုမှာ။ အပျော်လွှန်နေတာနဲ့ ချုပ်ဖို့ သတိရမှာလည်း မဟုတ်ပါဘူး"

မေမေက ပြောရင်းဆိုရင်းက မျက်ရည်တလည်လည်ဖြစ်







www.burmeseclassic.com

www.burmeseclassic.com



လာလေသည်။

ကျကျနန အစီအစဉ်ဆွဲပြီး ခမ်းခမ်းနားနား လက်ထပ်ပေးလိုက်ရရင်တောင် သမီးတစ်ယောက်ခွဲခွာသွားခြင်းအတွက် ခံစားနာကျင်ကျန်ရစ်ဦးမှာပါ။

ခုဟာက ပစ်စလက်ခတ်ကြီး ဖြစ်သွားခဲ့တာ။ သူ့ဘဝကို သူက ကျေနပ်ပျော်ရွှင်ပေမယ့် အမေလုပ်သူကတော့ ရင်ထဲနင့်အောင်နာသည်။ ကြေသည်။ ညသန်းခေါင်ဟာရေးနိုးဖြစ်ဖြစ် သမီးသုံးယောက်အခန်းထဲဝင်ကာ အချိန်မရွေး ယုယပိုက်ထွေးခွင့် ဂရုတစိုက်ကြည့်ရှုကြင်နာခွင့် မသင့်တော်တာကို ဆုံးမပြောဆိုခွင့်ရှိသော ဘဝလေးကနေ တစ်ယောက်က ပထမဆုံး ပျံပြေးထွက်သွားခဲ့ပါပြီ။

မိဘအိမ်မှာရှိနေတော့ အသက်ဘယ်လောက်ရရ ကလေးလေးပါပဲ။ အိမ်ထောင်ကျသွားပြီဆိုတော့ အမေက ဘာမဆို နှိုင်းချင့်ချိန် ဆက်ဆံရပါတော့မည်။

အတူတူနေလျှင်တောင် သမီးအခန်းကို တံခါးခေါက်ဖို့ စဉ်းစားဆင်ခြင်ရတော့မည်။ တကွဲတပြားစီ နေရင်တော့ သမီးက အလိုက်တသိလာမှပဲ အလွမ်းစိတ်တွေနှင့် ငေးမောကြည့်ရမည့် အဖြစ်ပါ။





ဒါတွေကို တစ်နေ့မလွဲမသွေ ရင်ဆိုင်ရမှာ အမေတွေပါပဲ။ သည်တော့လည်း ရင့်ကျက်အောင် ကြိုးစားပြင်ဆင်ထားရပါမည်။

ညရေးညတာ ကိုယ်လက်မအီမသာ ဖျားနာလျှင် သမီးကြီး ဆရာဝန်မက တစ်မျိုး။ သမီးလတ်ရှေ့နေမကတစ်မျိုး။ သမီးငယ်မော်ဒယ်ဂဲလ်လေးကတစ်မျိုး၊ အမေကို ဝိုင်းပြုစုပေးလျှင် ဆေးဒနာတွေ ပျောက်ကာ ပီတိက လူကို အင်အားဖြစ်စေပါသည်။

မေမေက ဘယ်လိုနေလို့ ဘယ်လိုသွားလို့၊ ဘာဖြစ်လို့ ညာဖြစ်လို့ဆိုပြီး အဖျားတိုင်း သွေးပေါင်ချိန်၊ ဆေးထိုး၊ ဆေးတိုက်လုပ်ကာ ဂရုစိုက်တတ်သော သမီးကြီး။ ပါးစပ်ကသာ စိတ်ရှည်ရှာ ရေရွတ်ကာ အမေကို တော်တော်ပြုစုတတ်သည်။ ညလုံးပေါက်ထိုင်စောင့်ပြီးလည်း နေနိုင်သည်။

ရှေ့နေအလတ်မက အမေ့ဘေး အတင်းကပ်အိပ်ပြီး ရုံးကအကြောင်းတွေလျှောက်ပြော စာအုပ်ဖတ်ပြ တစ်ချဉ်းတစ်ခု မဝင်ဝင်အောင် ကျွေးမွေးနှင့်ဘယ်လိုမှ ပျင်းချိန်မရှိအောင် လုပ်တတ်သည်။ အဖျားကူးမှာလည်း မကြောက်။

အငယ်မ ထွေးလေးကတော့ အငယ်ဆုံးလေးပီသစွာ အခန်းထဲ ဝင်လာလိုက်၊ ပြန်ထွက်သွားလိုက်နှင့် ခုန်ပျံမြူးသွားနေ



www.burmeseclassic.com

www.burmeseclassic.com



တာကိုပဲကြည့်ပြီး စိတ်တွေလန်းဆန်းလာရသည်။ တစ်ချိုတ်ရှ ရယ်စရာလည်း ပြောတတ်သည်။ ပေါက်ကရလည်း ပြောတ သည်။ သီချင်းဆိုသံလေးကလည်း မေမေ့အဖျားကို ဆုပ်ယူ စွမ်းရှိလေသည်။

"မေမေ ထွေးကလေ ထွေးကလေ" ဟု ချွဲလျှင် ဝေ တွေ မေ့ကုန်ရပါသည်။ အချောဆုံး၊ ချစ်စရာအကောင်းဆုံးလေ ကြည့်လေကြည့်လေ ချစ်မဝလေပါ။ စကားသံညံညံလေး ကြ နေရလျှင်ပဲ မေမေ့စိတ်ထဲမှာ နောက်ထပ်နှစ်နှစ်ရာ သုံးရာလော အသက်ရှင်ချင့်နေတော့သည်။

သမီးသုံးယောက်စလုံးကို မေမေက ရင်နှင့်မဆန့်အောင် ချစ်ရပါသည်။

"မေ ... စိတ်မကောင်း မဖြစ်ပါနဲ့။ မလတ်အမျိုး သားက လူကောင်းသူကောင်းတစ်ယောက်ပါ။ မလတ်ကို ချစ် လည်းရပါတယ်"

မေမေ့အတွေးကို နားလည်စွာ ထွေးက နှစ်သိမ့်လို သည်။

"မေရယ် မလတ်က ဖေကြီး စိတ်မဆိုးတော့ဘူးဆို ပြန်လာမှာပါ။ ခုခဏကြောက်လို့ပါ။ မေကလည်း မလတ်





သမီးပါ။ နောက်ဆို ချစ်စရာကောင်းတဲ့ မြေးပေါက်စနလေးတွေ ထိန်းရဦးမှာ။ ချစ်ရဦးမှာ။ မေသည်းသည်းလှုပ်ပြီး မြေးဘေး ရောက်သွားမှာ မြင်ယောင်ပါသေးတယ် သိလား"

အနောက်အရွှတ်နှင့် ရောကောပြောလိုက်တော့လည်း မျက်နှာမှာ အပြုံးရိပ်ပေါ်လာသည်။ ထွေးက ငယ်ပေမယ့် ကို အကျကြီးကျအောင် ပြောတတ်လွန်းပါသည်။

"ဟုတ်သားပဲ မေကလည်း နလိုက်တာ။ ဒီလောက် နည်းပြနေရင် မီးကြီးတော့ အဖျားကြီးပဲလုပ်တော့မယ် သိလား"

"မဟုတ်ပါဘူး သမီးရယ်။ မေမေ့က ကြိုတင်ပြင်ဆင်ခွင့် တဲ့ ဖြန်းစားကြီးဆိုတော့ မေမေ့မှာ ခံနိုင်ရည်အင်အားမရှိဘူး"

"မေက ခုလိုစိတ်မကောင်းဖြစ်နေတော့ ဖေကြီးက ပိုစိတ် ခိုက်မှာပေါ့ မေရဲ့။ ပြုံးပြုံးရွှင်ရွှင်နေပါ မေရယ်"

မမကြီးကလည်း မေ ဝမ်းမနည်းအောင် ထောက်ပြပြော တတ်ပါသည်။

"အင်း ... ဒီနေ့ မလတ်ကြိုက်တဲ့ ကကတစ်ဟင်းချက် မယ်။ ထည့်ပေးလိုက်ဦးမယ်"

ဟင်းချိုင့်ပါဆွဲရတော့မှာမို့ ထွေး ရှုံ့မဲ့သွားရသည်။ ပြောမိတာ မှားသွားပြီ။ ပြတ်သလေးတင်းသလေး ဘာ



www.burmeseclassic.com

www.burmeseclassic.com



လေးနှင့် ခုတော့လည်း အကဲပါနေလိုက်ကြတာ ·· ဟွန်း။

မကြီးနှင့် မမကြီးကို ထွေး စချင်နေမိပါသည်။ သို့သော် မစရဲပေ။ အခုချိန်မှာ ဘယ်လိုအပျော်အရွှတ်စကားကိုမှ ဆို ချင်။

"မြန်မြန်လုပ်ပါ ထွေးက မမသန့်တို့ဆီ သွားရဦးမှာ"

ထွေး လှမ်းအော်ပြောမိရင်း မျက်လုံးအိမ်ထဲ မျက်ရည်တွေ ချက်ချင်း ပြည့်လျှံသွားရပါသည်။ ဟူး ··· ဘာကိုမှ ပြန်မတွေး ချင်တော့ပါဘူး ကိုမင်းဒင်ရယ်။

ရင်ထဲက အနာကို ဖုံးအုပ်ဟန်ဆောင်နေထိုင်သွားပါ့မယ်။

မလတ် ပျော်နေရင် ထွေး ကျေနပ်လှပါပြီ။

ထွေးနှင့် မမကြီးရောက်သွားသောအခါ မမလတ်က တအံ့တသြကလေး လှမ်းကြည့်ပြီး ချက်ချင်းငိုချသည်။

"မမလတ်ရယ် ··· ငိုမနေပါနဲ့တော့"

မမကြီးက နှစ်သိမ့်သည်။ ခြေထောက်ကိုလည်း စစ်ဆေး ပေးသည်။ ဆေးလူးကာ ပတ်တီးတင်းတင်းစည်းပေးသည်။

"ပူရှိန်း ပူရှိန်းနဲ့"

"အဲဒါမှ သက်သာမှာပေါ့"

ထွေးက ယူလာသော ဟင်းချိုင့်ကို စားပွဲပေါ်တင်သည်။

"ဒီမှာ မေက ဟင်းထည့်ပေးလိုက်တယ်။ ဒါက မမ လတ် အင်္ကျီတွေ"

ထွေးဆီမှ စက္ကူအိတ်ကိုဆွဲယူကြည့်ပြီး မမလတ်မျက်နှာ လေး ဝင်းလက်သွားၿ၏။

"ဖုန်းဆက်တုန်းကမှာမလို့ ထွေးရဲ့။ ဖုန်းချပြီးမှ သတိရ




www.burmeseclassic.com

www.burmeseclassic.com



တယ်''

''ကောင်းသားပဲ။ မေမေက သိပါတယ်နော်။ မလတ် အရောင်လွန်ပြီး မေ့နေလောက်ပြီတဲ့ ... မှန်လိုက်တာ''

မမလတ်က ရှက်စနိုးလေး ရယ်ပါသည်။

''ဟဲ့ ... ဟိုတစ်ယောက်ရော''

မမကြီးက မမြင်ဖူးသေးသော အသစ်စက်စက်အမျိုးကို မေးလိုက်သည်။

''ဟင်းသွားဝယ်တယ်။ ဆေးပါဝယ်ခဲ့မယ်တဲ့''

''ဪ''

ထွေးက ဇက်တလႈပုပြီး မလတ်ကို စချင်ပုံလေးလုပ်ပြသည်။

''လတ် ထမင်းမစားရသေးဘူးပေါ့''

''အင်း''

''မေမေ ဟင်းထည့်ပေးလိုက်တယ်၊ စားချင်စားတော့လေ''

''ခဏစောင့်ဦးမယ်၊ တော်ကြာ သူဟင်းသွားဝယ်ပြီး လတ်က စားနှင့်တော့ ကောင်းပါ့မလားလို့''

မလတ် ပြောရယ်ရယ်ပါသည်။





''ထွေး''

''ဟင်''

မလတ်က ထွေးကို ခေါ်လိုက်သည်။ ထွေးက လှမ်းကြည့်မိ၏။

''ဘာလဲ''

''အိမ်ရှေ့ ဧည့်ခန်းမှာ ခဏစောင့်နေနော်။ မလတ် တိုင်ဝင်စရာရှိလို့ပါ။ မောင်လာရင် ထွေး တံခါးဖွင့်ပေးလိုက်နော်''

''အင်း''

ထွေးက ချက်ချင်းပဲ ဧည့်ခန်းထဲ ရောက်လာမိပါသည်။

မမကြီးက ဆဲရာဝန်မို့ မလတ်က ဘာတွေပြောပြတိုင်ပင်စရာရှိနေသည် မသိ။

ထွေးက ဝရန်တာမှာ ထွက်ရပ်သည်။ ရင်ထဲမှာ ဘာတွေမှန်းမသိ စုပြုံခံစားနေရပါသည်။ သေချာတာကတော့ မပျော်။ နည်းနည်းကလေးမှ မပျော်ပါ။

'တီ'' ဆိုသော လူခေါ်ဘဲလ်သံကြားတော့ ရင်ထဲမှာ အိန်းခနဲတောင် မြည်သွားရလေသည်။ ပြန်လာတာ ကိုမင်းဒင်ပဲ ဖြစ်မှာပါ။

ထွေးက တံခါးရှိရာ လျှောက်လာခဲ့သည်။ ထူးထူးကဲကဲ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုမှ ခံစားမနေချင်တော့ပါ။ မခံစားရတာတော့ မဟုတ်။ သို့သော် ဘာမှ မခံစားရသလို နေပြချင်တာ။ နေသွားချင်တာ။ နေပြရင်း နေပြရင်းက တကယ်နေနိုင်သွားဖို့ မျှော်လင့်တွေးထားမိသည်။

တံခါးဖွင့်ပြီး တစ်ချက်ပြုံးပြမိ၏။

"ဟင်"

ခြေစုံရပ်ပြီး ကမ္ဘာကြီးချာချာလည်အောင် မူးဝေသွားရသူက ဝဏ္ဏမင်းခင်။ အလိုလိုကမှ လှေကားတက်လာ၍ မောနေတာ ခုတော့ အမောဆို့သွားရပြီ။

တွေး။

တွေး ဘယ်လိုရောက်လာပါလိမ့်။

မလတ် ညီမဆိုတာ တွေးလား။ ကိုယ့်တွေးလေးက မလတ်နဲ့ ညီအစ်မလား။ ကြုံလည်းကြုံတတ်ပါပေတယ်လေ။

နှုတ်ခမ်းတွေ ခြောက်သွေ့သွားအောင်ပင် သူ အံ့သြမှုပိုမိ၏။ လက်ထဲမှာလည်း ကျွတ်ကျွတ်အိတ်တွေနှင့် အိမ်ထဲလည်း မဝင်ဘဲ သူ့ကို ပြုံးပြီကြည့်နေသော ကိုမင်းခင်ကို တွေးနားမလည်နိုင်အောင်ပါ။

တွေးကို မြင်လိုက်ချိန်မှာ အရာရာကို မေ့လျော့သွားပုံရ





လေသည်။ သည်လိုတွေ ဘာကြောင့် ဖြစ်ရတာလဲဟင်။ ဘာလို့ဖြစ်ရမှာလဲ။

တံခါးပိတ်ဖို့ စောင့်နေသော တွေးက စိတ်ကို ဆွဲဆန့်ထားရသည်။

ဝဏ္ဏမင်းခင်က ဟင်းခနဲ သက်ပြင်းရှိုက်ပြီး ခေါင်းရမ်းမိသည်။

နိုပ်စက်တော့ ကံတရားရေ။

လှလှပပ နှိပ်စက်လိုက်ပေတော့။

အခုလောလောဆယ် သူ တွေးကို ဘာပြောခွင့်ရှိမှာလဲ။

တွေးက ခဲအိုလို့ သဘောထားပြီး အေးစက်စက်ကလေး စိုက်ကြည့်နေတာ။

ကိုယ်က မလတ်၏ အမျိုးသား။

သူ ခေါင်းငုံ့လိုက်ပါသည်။ အိမ်ထဲကို ခြေလှမ်းစ ဝင်သည်။ တွေးက တံခါးပြန်ပိတ်သည်။

တစ်ဖျတ်ဖျတ် တောက်ပသွားသော မျက်လုံးတွေက ချက်ချင်းပဲ မှိန်ဖျော့ပြီး ကြေကွဲသွားတာကို တွေး ခံစားမိပါသည်။

သည်နေ့မှာ တွေးနှင့်ပတ်သက်ပြီး ရှင် ကြေကွဲနေသလား ကိုမင်းခင်ရယ်။ တွေး နှလုံးသားတွေက မနေ့ကတည်းက ကြေ



www.burmeseclassic.com

www.burmeseclassic.com



မွပျက်စီးသွားခဲ့ပါပြီ။

"ပေးလေ ... ထွေးကို"

သူ့ လက်ထဲက ကျွတ်ကျွတ်အိတ်တွေကို တောင်းယူမိသည်။

"မကြီးလည်းပါတယ်။ မလတ်ခြေထောက်ကို လိုက်ကြည့်ပေးတာ။ အခ ပတ်တီးစည်းပေးထားတယ်"

ထွေးက တရင်းတန်း စကားဆိုပါသည်။ ဘာတစ်ခွန်းမှ ပြန်မပြောနိုင်အောင် ဖြစ်ရသူက ဝဏ္ဏမင်းခင်။ ထွေးကို ဟန်မပျက် မဆက်ဆံနိုင်သေးပါ။ သူ့မှာ အင်အားမရှိသေးပါ။ တုန်လှုပ်အံ့သြနေတုန်းပါ။ ထူထူပူပူ ခံစားနေရတုန်းပါပဲ။

မမကြီးနှင့် စကားပြောနေတာပဲဟု ထွေးကာ ညှိခန်းမှာပဲ အလိုက်တသိ သူထိုင်နေလိုက်၏။

ထွေးက ငွေငိုင်ငိုင်ကြီးနှင့် တစ်မျိုးကြီးဖြစ်နေသော သူ့ကို မျက်လုံးလေးထောင့်ကပ်ကာ အကဲခတ်မိသည်။

ဘာဖြစ်လို့ပါလိမ့်။

မေးလည်း မေးချင်သည်။ မေးလည်း မမေးဖြစ်ပါ။ တစ်ခုခုဆို မလတ်ကသာ မေးခွင့်ရှိသူပါ။ ထွေးက အသာကလေး ထမင်းစားခန်းဘက် ဝင်လာခဲ့၏။





မနေ့တုန်းက ခပ်အေးအေးရှိခဲ့ပြီး သည်နေ့မှ အကြီးအကျယ်မျက်နှာတွေပျက်ကာ အခံရခက်နေပုံရတာကို ထွေးက ဘယ်လိုနားလည်ရမှန်းပင် မသိတော့ပေ။ ရင်ထဲမှာ တောင့်တင်းလာအောင် ခံစားရပါသည်။

အထင်လည်း မသေးချင်ပါဘူး။ စိတ်လည်း မနာချင်ပါဘူး။ မျက်လည်း မမျက်ချင်ပါဘူးကွယ်။ နောင်တရသလိုလည်း မကြည့်ပါနဲ့။ ကြေကွဲသလိုလည်း မလုပ်ပါနဲ့။

ထွေးကို ထွေးကို မျှော်လင့်ချက်တွေ ပေးပြီးမှ -

ထမင်းစားပွဲမှာ ဟင်းထည့်ရင်းက မျက်ရည်ပေါက်ခနဲကျသည်။ မမကြီးနှင့် မလတ် မြင်မှာစိုးပြီး ကပျာကယာ သုတ်ပစ်ရပါသည်။ ကျောခိုင်းထားလို့သာ မမြင်တာပါ။ မြင်သွားလည်း မလတ်အတွက် ယူကျုံးမရ ခံစားရသည်ပဲ ထင်မှာပါ။ ကိစ္စမရှိပါ။

အားလုံးကို လိုက်ကာချပြီး သိမ်းဆည်းလိုက်ပါရစေတော့။

တရဟော အလိုက်မသိစွာ ကျသော မျက်ရည်တွေကို မနည်းကြီး ထိန်းချုပ်ထားရသည်။ ဝဋ်ကြွေးရှိရင်လည်း ကြေပါစေတော့ရှင်။



www.burmeseclassic.com

www.burmeseclassic.com

ဝရန်တာမှာ ရပ်နေသော မလတ်ကို ညှော်ခန်းမှာထိုင်နေသောထွေးက လှမ်းကြည့်မိပေမယ့် သားမှ ထွေးရပ်ပြီးစကားတွေဆိုကာ အနှောင့်အယှက်ပေးဖို့ စိတ်ကူးပါ။ ထွေးလည်း နားကြပ်ကက်ဆက်ကလေးနှင့် သီချင်းနားထောင်နေလိုက်ရပါသည်။

မလတ်က ကိုမင်းဒင်ကို သတိရနေသလိုပါ။ ကိုမင်းဒင်အရော ထွေး မတွေးကြည့်ချင်ပါ။ ဖျတ်ခနဲ ထွေးမိတာကိုပင်နှလုံးသားမှာ ခါးသက်စွာ အောင့်သက်စွာနှင့် မကြိုက်လှ။

ဂါဝန်ရှည်နက်ပြာကလေးဝတ်ကာ မလတ်က လမ်းမကိုငေးကြည့်နေသည်။ ထွေးနှင့်စကားပြောနေဖို့ထက် တစ်ယောက်တည်း တွေးနေငေးနေရတာကို မလတ်ပိုနှစ်သက်လို့သာ ရပ်နေတာဖြစ်လိမ့်မည်။ တစ်ခါတလေတော့လည်း လူဆိုတာ လွတ်လပ်ခံစားချင်ပါသည်။

ထွေးဆိုရင် အဆုံးမရှိသော လမ်းရှည်ကြီးမှာ တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



တည်း လျှောက်ပြီး ပြောချင်ရာတွေ ပါးစပ်က စိတ်လွှတ်လက်လွှတ်ပြော၊ ငိုချင်လျှင်လည်းရယ်၊ ရယ်ချင်လျှင်လည်း ရယ်ပစ်လိုက်နှင့် တစ်နေကုန်လျှောက်သွားချင်ပါသည်။

ဟန်ဆောင်မှုတွေနှင့် ပင်ပန်းနေသမျှ ပြယ်လွင့်သွားလိမ့်မည်။ နားကြပ်ကက်ဆက်၏ ကြိုးလေးတစ်ချောင်းကို နားထဲထည့်ကာ မျက်လုံးတွေ စုံမှိတ်ထားမိသည်။

ရင်ထဲမှာ မုန်တိုင်းက ပြင်းထန်နေသည်။ လူကတော့ ငြိမ်သက်တိတ်ဆိတ်နေသည်။ ထိုမုန်တိုင်းကို ရင်ထဲမှာပဲ တဖြည်းဖြည်း အားပျော့ကာ ပျောက်ဆုံးသွားစေချင်သည်။ အရှိန်အဟုန်ပြင်းစွာနှင့် ထွေးဘဝကို လွှမ်းမိုးခွင့်မပေးနိုင်ပါ။ အဲဒီအတွက် အတတ်နိုင်ဆုံး ကြိုးစားရပါလိမ့်မည်။

"နှလုံးသားက တင်းမထားနိုင်ဘူးကွယ် ...
ဘယ်သူ့ကို မင်းထက် ချစ်နိုင်မလဲ ...
ဘယ်အရာဟာ မင်းထက်အရေးကြီးမလဲ
ပိုင်ဆိုင်နေသမျှထက် မက်မောတယ် ...
ကိုယ်အပိုင်ချင်ဆုံးက မင်းပါပဲ ...
တဖွဖွပြောခဲ့တယ် ...
တကယ်ဆို စိတ်ချထားသင့်တယ်





ဒါဆို .. မင်းလေးလည်း သောကပြေလိမ့်မယ် ...

ချိုသော အေးသော အသံလေးက ထွေးနှလုံးသားကို ခဏတော့ နှစ်ဝင်နူးညံ့ဖမ်းစားသွားနိုင်ပါသည်။

စိတ်ညစ်စရာကြုံလျှင် သီချင်းနားထောင်တတ်တာလည်း စိတ်ဖြေနည်းတစ်မျိုးပါပဲ။ အပူတွေကို သီချင်းနှင့် မေ့ဖျောက်ထားနိုင်သည်။ အထူးသဖြင့် သီချင်းအေးအေးလေးတွေသည် နှလုံးသားကို နူးညံ့မွေ့ပျော်သွားအောင် ဆွဲညှို့ငင်နိုင်စွမ်းရှိ၏။ ထပ်တလဲလဲ နားထောင်နေချင်စိတ်ကို ဖြစ်စေသည်။ ဘာပဲလုပ်နေလုပ်နေ တစ်နေကုန်ညည်းနေချင်တယ်။ ပါးစပ်ဖျားမှာ စွဲနေ၏။

"ဒါဆို မင်းလေးလည်း သောကပြေလိမ့်မယ်"

ထွေးက နှုတ်ခမ်းလေးလှုပ်ရုံ လိုက်ဆိုမိသည်။

မလတ်က ပြန်မလာသော သူ့ခင်ပွန်းကို မျှော်သည်။

လွမ်းသည်။ ထွေးက ဘာကိုလွမ်းရပါ့။ ဘာကိုမျှော်ရပါ့။

"Handfull of Roses" ဆိုပြီး နှင်းဆီပန်းစည်းတစ်ပွေ့တစ်ပိုက်ပေးတတ်သော လူတစ်ယောက်ကိုလား။

အဲဒီလူဟာ တကယ်တော့ ထွေးဘဝအတွက် သေဆုံးသွားခဲ့ပါပြီ။ ဘယ်တော့မှ ပြန်ရှင်မလာနိုင်တော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



သူ ပေးခဲ့သော နှင်းဆီပန်းတွေက ခြောက်သွေ့ကြွေကျ ပါပြီ။ ထွေး၏ ကျေနပ်ဖြူးလွင့်နေသော နှလုံးသားလေးလည်း ညှိုးကျိုးကျိုက်မြည်း သေဆုံးသွားခဲ့ပါပြီ။

ဒါတွေက အိပ်မက်တစ်ခုလိုပါပဲ။

အိပ်ရာက နိုးထလာသူတစ်ယောက်လို ကြောင်နနနှင့် ဘာလုပ်လို့ လုပ်ရမှန်း မသိအောင် ထုံနေသည်။

ဘယ်တော့များမှ ထွေး ပုံမှန်ဖြစ်လာမှာပဲ မသိ။

ၾ ၾ ၾ



ဝဏ္ဏမင်းဒင်က နှင်းဆီပန်းတွေကို ထုတ်ယူပြီးမှ ကား တံခါးသော့ပိတ်သည်။ လူကတော်တော်ကလေး ပင်ပန်းနေပါပြီ။ သူ့ထက်ပိုပြီး အဆတစ်ရာက နွမ်းဟိုက်နေတာက စိတ်။ စိတ်ခါတ် က ဘုန်းဘုန်းလဲနေသည်။ နလန်မထူနိုင်အောင်ပါ။

"ဘာတွေ ဖြစ်နေတာလဲကွာ" ဟု အော်ဟစ်ပစ်လိုက် ချင်သည်။ ရှန်းထွက်ပစ်လိုက်ချင်သည်။

ကြာရင် လူက သေသွားနိုင်သည်။ သည်ဒဏ်ရာကို ခံစားနိုင်။ ထွေး၏ စူးလှဲ့သော မျက်လုံးတွေက ဒဏ်ရာသည် သူ့ကို ကူးစက်လောင်ကျွမ်းစေသည်။ ရှူးတော့မည်။

ပိုဆိုးတာက ကိုကို့ခြောက်ထောက်တွေ အခြေအနေ ကောင်း။ လုံးဝ လှုပ်မရဘဲ ရှိနေသည်။

သူက ဘယ်အချိန်အထိ ခုလို နေပေးသွားရမလဲ။

မလတ်နှင့် ထွေးအတွက် ဝယ်လာသော မုန့်ဟင်းခါးထုပ် က တစ်ဖက် နှင်းဆီပန်းတွေက တစ်ဖက်နှင့် သူ လှေခါးပေါ်တက်



www.burmeseclassic.com

www.burmeseclassic.com



လာသည်။ ခုလို မိုးလင်းရုံရှိသေးတာမို့ မလတ်နှင့် ထွေး ထွက်စားဦးမည် မထင်။

လှေခါးပေါ်က ဆင်းလာသော တစ်ယောက်နှင့် သူ သည်။

"ဟင်"

ကျော့ရှင်းသော ရှည်မတ်မတ် ညွတ်ပျောင်းပျောင်း သဏ္ဍာန်လေးဟာ ထွေးပဲဟု သူ သိလိုက်၏။

ထွေးကလည်း သူ့ကို မြင်သောအခါ တအံ့တဩ နှင့် ခြေစုံရပ်သွား၏။ သူ ထွေးမျက်နှာလေးကို အငမ်းမရ တ စွာ မှတ်သိပ်စွာ ရင်မောစွာ စိုက်ကြည့်နေမိသည်။

ထွေးရယ် ...

ထွေးလေးရယ် ...

ဘယ်လို အနေအထားကြီးနဲ့ လာဆုံရတာလဲ။

ထွေးက ချက်ချင်းပဲ မျက်လွှာချသွားသည်။

"ထွေးလမ်းထိပ်မှာ ဖုန်းဆက်ရင်း မုန့်သွားစား မလတ်အပေါ်မှာ ရှိပါတယ်"

နှင်းဆီပန်း၏ ရနံ့သင်းသင်းများက ထွေးကို မွှေးအီ နေသည်။





နှင်းဆီပန်းဆို မုန်းပါသည်။ နှင်းဆီရနံ့တွေကို ကြောက် နေမိသည်။ ကြာကြာရှူရှိုက်ရလျှင် ထွေး မူးလဲသွားနိုင်သည်။

"လမ်းထိပ်မှာ မုန့်ဆိုင်ရှိလို့လား ထွေး"

"ရှိတဲ့နေရာ သွားစားမှာပေါ့။ မလတ်က မုန့်ဟင်းခါး စားလိုက်သေးတယ်။ ထွေး မလာတော့ပါဘူး"

ထွေးက ဟန်ဆောင်မှုကင်းပါသည်။ မုန့်ဟင်းခါးကို မြင် တော့ နှင်းဆီတွေကိုရော မမြင်ဘဲ နေပါ့မလား။ မမြင်ချင်ယောင် ဆောင်နေတာပဲဖြစ်မည်။ ကြည့်စမ်းပါကွာ ကိုယ့်ထွေးလေး ဘယ် လောက်နာကျင် ဝမ်းနည်းနေလိုက်မလဲ။

တစ်ခါတလေ ကံတရားက တော်တော်မတရားလုပ် သည်။ ထွေးလေး ဘယ်လောက်ထိခိုက် ကြေကွဲနေမလဲ။ ခေါင်း ဖော်ရဲလောက်အောင်လည်း ရှက်နေရှာမည်။

မဖြစ်သင့်ဘူးကွာ။ ဒါ လုံးဝမဖြစ်သင့်ဘူး။

"ထွေး သွားတော့မယ်"

ဘေးလည်း မကပ်ပေး၊ ကျော်လည်း မတက်သွားဘဲ ယယ်တည့်တည့် ပိတ်ရပ်နေသောအခါ ထွေးမှာ လှေခါးကျဉ်း လေးထဲ ဘယ်နေရာက ဖြတ်ကျော်သွားရပါ့။

ခုမှပဲ သတိဝင်သလို ဘေးကပ်ပေးသည်။ ထွေးက ကိုယ်



www.burmeseclassic.com

လေးကျွံကာ တစ်ဖက်နံရံနှင့် ထိကာ ကိုယ်လေးစောင်းပြီး သူ့အက်က မထိအောင်ဖြတ်သည်။

နှင်းဆီရနံ့တွေရယ် ကျေးဇူးပြုပြီး မနှောက်ယှက်ပါနဲ့။ ရှေ့ဆက် မရှုးသွပ်ပါရစေနဲ့တော့။

အစကတည်းက ရူးသွပ်တာပ်မက်ခဲ့လို့ ခုလိုဆိုးဆိုးရွားရွား ဖြစ်ရတာ။ မသိချင်ယောင်ဆောင်နေတတ်ခဲ့ရင် တွေးသည်လိုဆုံးရှုံးနိမ့်စရာမလိုဘူး။

"တွေး"

လေးငါးထစ် ဆင်းရုံရှိသေး သူ့ဆီက ခေါ်သံကြားရသည်မို့ တွေးက အသာအယာ ငုံကြည့်သည်။

"သိပ်ဝေးဝေး မသွားနဲ့ဦး"

"ဟုတ်ကဲ့ပါ"

ဂရုစိုက်ခြင်းတွေပါဝင်သော အမှာစကားကို နာခံမိပေမယ့် မျက်ရည်က မျက်လုံးအိမ်ထဲ ထုံးစံအတိုင်း စို့စွတ်လာရသည်။

ဒါဟာ အချစ်လား။

အချစ်ဆိုတာ ပူလောင်ခြင်းလား၊ ဆုံးရှုံးခြင်းလား၊ နာကျင်ခြင်းလား၊ ကြေကွဲခြင်းလား၊ အချစ်ဆိုသောအရာမှာ ဘယ်လိုသောကတွေ ဘယ်လောက်ရာခိုင်နှုန်းအထိ ပါဝင်နိုင်သလဲဆိုတာ





အကန့်အသတ် မရှိဘူးထင်ပါရဲ့။ တွေးတော့ ကြောက်ပါပြီ။ သေရာပါပဲ ဖြစ်လိမ့်မည်။

သည်လောက်ပြင်းထန် ရိုင်းပြလွန်းသော ဝေဒနာကို နှလုံးသားနုနုက ဘယ်လိုရင်ဆိုင် တိုက်ခိုက်အောင်မြင်နိုင်မှာတဲ့လဲ။

"သိပ်ဝေးဝေး မသွားနဲ့ဦး" တဲ့။

ဖြစ်နိုင်ရင်လေ ကမ္ဘာကြီးရဲ့ အပြင်ဘက်တစ်နေရာကို တောင် သွားချင်ပါရဲ့။

လမ်းထိပ်မုန့်ဟင်းခါးဆိုင်လေးမှာ မုန့်ဟင်းခါးစားရင်း မလေတ်ဖို့ မုန့်ဟင်းခါး ဝယ်လာဖော်ရတာ မြင်ယောင်ဝမ်းသာမိပါသည်။

မလတ်ကို ချစ်တယ်ဆိုရင် တွေး ကျေနပ်လှပါပြီ။

ဘာတစ်ခုမှ ကြီးကြီးမားမား မမှားယွင်းခဲ့ဖူးသူ နှစ်ယောက်အတွက် ရှေ့ဆက်ပြီး ဘယ်လိုသေးသေးမွှားမွှား အမှားအယွင်း တစ်ခုမှ မရှိအောင် နေသွားကြမယ်ဆိုရင် တွေးတို့အတွက် ပြေလည်မှာပါ။

www.burmeseclassic.com

ကိုမင်းဒင်က တီဗီဖွင့်ကြည့်နေပြီး မလတ်က စားပွဲပေါ်မှာ နှင်းဆီပန်းလှလှတွေ ပန်းအိုးထိုးနေတာမို့ ထွေးက ထမင်းစားခန်းထဲအထိ ဝင်လာသည်။

ထမင်းစားပွဲမှာလည်း နှင်းဆီတစ်ပွင့်လှပစွာ ထိုးထားသည်။

ပန်းအိုးလေး ရှည်မျောမျော၊ နှင်းဆီပန်းကလည်း ရိုးတံရှည်ရှည်၊ စားပွဲအလယ်မှာ ညွှတ်ကျနေရာယူထားပုံက ထင်းထင်းလင်းလင်း။

ထွေးက ခုံလေးတစ်ခုံ ဆွဲထုတ်ပြီး ခပ်ငေးငေးထိုင်နေမိသည်။ ကိုမင်းဒင် ရှိနေပြီဆိုတော့ ထွေးက မမသန့်တို့ဆီသွားလို့ ရပြီ။

"မလတ်ရေ ...ထွေး မမသန့်တို့ဆီ ခဏသွားမယ်"

"အင်း ... သွားလေ"



www.burmeseclassic.com

www.burmeseclassic.com



တိတ်ငြိမ်ကြည့်နေသော မင်းဒင်က ဆတ်ခနဲလှည့်ကြည့်သည်။ ထွေးက မမလတ်ကို ပြောပေမယ့်သူလည်း ကြားပါသည်။

"လတ် ... လိုက်ပို့ရအောင်"

ထွေးက ငြင်းလည်းမငြင်း၊ အားတက်တရောလည်း ခေါင်းမညိတ်မိပါဘဲ ခပ်ငြိမ်ငြိမ်သာရှိနေသည်။

"မောင်လိုက်ပို့လေ၊ လတ် မလိုက်ချင်ဘူး"

မလတ်က မမသန့်တို့နှင့် မျက်နှာချင်းဆိုင်ဆုံပြီး စကားပြောရမှာ ဘာညာတွေးနေပုံရပါသည်။

အားလုံးကို ခဏတဖြုတ် ရှောင်နေဖို့ မလတ် တွေးထားရှာသလား။ ဟုတ်လိမ့်မည်။ မျက်နှာပူ အနေခက်မှာပေါ့။

"ပြီးရောလေ ... ထွေးကို လိုက်ပို့မယ်"

"အင်း ... အင်း ... မောင် ဖြည်းဖြည်းမောင်းနော်"

ထွေးက ပိုက်ဆံအိတ်ကလေး ကောက်ယူပြီး ရှေ့ဆာ မြန်မြန်ဆင်းနှင့်သည်။ သူတို့ပြောဆို နှုတ်ဆက်တာကို စောင့်မကြည့်ချင်ပါ။

ကိုမင်းဒင်က ချက်ချင်းပဲ ဆင်းလိုက်လာ၏။

ထွေးကို တံခါးဖွင့်ပေးသည်။ သူဖွင့်ပေးသော နောက်ခန်း တံခါးမှာ ထွေးက ဝင်ထိုင်လိုက်၏။ သူ့ကိုကြည့်ရတာ ထွေးတို့





ဗျာပျာသလဲ ဂရုစိုက်သည်။ မလတ်နှင့် လာနေပေးတာ ကျေးဇူးတင်နေသလား။

သူ့ ရိုးသားရဲ့လား။ မရိုးသားဘူးဆိုတာကို ယဉ်ကျေးသိမ်မွေ့သော "စည်း" ဆိုတာကို နားလည်သော မိန်းမတစ်ယောက် အနေနှင့် ထွေးမဆန်းစစ်လိုတော့ပါ။ မသိချင်တော့ပါ။ ထွေး အတွက် အရေးမကြီးတော့ပါ။ အက်ကွဲကြေမွသွားသော နှလုံးသားသည် ဘာကြောင့်မှ အကောင်းပကတိ မဖြစ်နိုင်တော့ပါ။

ကိုမင်းဒင်ရယ် ...။

ထွေးတို့နှစ်ယောက် ကမ္ဘာခြားအောင် ဝေးကွာသွားပါပြီ။

"ထွေး"

"ရှင်"

"ပီဇာမုန့်စားမလား"

"ဟင့်အင်း"

အရေးတယူ အမေးကို ချက်ချင်းငြင်းဆန်မိပါသည်။

ပီဇာမုန့်တွေ ဝယ်ပေးခဲ့ဖူးတာကို ပြန်တွေးနေသလား။

မတွေးဘဲ အလိုလိုသတိရပြီး ဘာရယ်မဟုတ် မေးလိုက်တာလား။

ထွေးက ကားပြတင်းကနေ အပြင်ကိုသာ ငေးကြည့်နေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

သူက အလိုက်တသိနှင့် စကားမဆိုတော့ဘဲ ကက်ဆက်ကလေးဖွင့်ပေးသည်။ သီချင်းသံလေးက တိုးပြီး ညက်နေသည်။

"ဒဏ်ရာတွေ ခင်းထားတဲ့လမ်းတွေထဲ …

ဘယ်လိုများ ရှေ့ဆက်ပြီးတော့ လျှောက်ရဦးမယ် …

လောကရဲ့ ဆူးပင်လယ်ပြင် ရှေ့က ဆီးကြိုနေစဉ် …

ရင်မှာ တမ်းတနေမိခဲ့ အဖော်မွန် မင်းတစ်ယောက်

တည်းပါပဲ … ဝိုး … ကိုယ့်ဘဝရဲ့ ခါးသီးလွန်းတဲ့

ကွက်လပ်များရယ် … ကိုယ့်ဘဝရဲ့ စီးဆင်းသွားတဲ့

မျက်ရည်များရယ် … ဘယ်တော့များပျောက်ကွယ်

နိုင်မယ် မျှော်လင့်နေချိန်မှာ ဒီလိုမင်းရဲ့ အသံလေးကြား

ဒါဟာ ကိုယ့်အတွက် အလင်းရောင်လား …

အိုး … ချစ်သူရယ် … ဖေးမကူညီပါကွယ်

ကိုယ့်ရင်မှာ သောကဒဏ်ရာတွေ နှစ်သိမ့်ပေးပါလား

ကွယ် … ယုံကြည်ရာ ရှက်လွင့်ခဲ့ ကိုယ့်နေ့ရက်တွေ

ဘယ်တော့များ ငြိမ်းချမ်းခြင်းသို့ ရောက်မှာလဲ …

ဒုက္ခရဲ့ လှိုင်းထန်ပင်လယ် … မင်းနဲ့ ဖြတ်ကျော်နိုင်

တယ် … ဒီလို ကိုယ့်အတွက် အင်အားများ …





ထာဝစဉ် မင်းပေးသွားမှာလား …

"ကိုမင်းခင်"

"ဗျာ"

ထွေးက ခေါ်လိုက်တာမို့ သူက ပြန်ထူးရင်း ကက်ဆက်သံကို လျှော့ပစ်လိုက်သည်။

"ခွင့်ယူထားတာပေါ့နော်"

"အင်း"

ဝဏ္ဏမင်းခင် အူလည်လည်နှင့် ခေါင်းညိတ်သည်။ စိတ်ထဲမှာတော့ ခပ်လန့်လန့်။ ကိုကိုကိစ္စတွေကို သူက ဘာမှသိတာမဟုတ်ပေ။

"မစ္စတာဒေးဗစ်တို့ ရုံးက တစ်ယောက်ဖုန်းဆက်တယ်။ နောက်တစ်ပတ်ထဲမှာပဲ ရိုက်ဖြစ်မယ်တဲ့။ နောက်တစ်ပတ်ဆို ကိုမင်းခင် ခွင့်စေ့ပြီလား"

"အင်း"

"ဒါဆို ကိုမင်းခင် လိုက်ရမှာလား"

တိတ်ဆိတ်ခြင်းကို သည်းမခံနိုင်သော ထွေးက မေးမိမေးရာလျှောက်မေးနေဖြစ်တာပါ။ ဘာရယ်ဟု မရည်ရွယ်။ သူက အင်း … အင်း နှင့် ဘုမသိ ဘမသိ လုပ်နေတော့ မုန်းလှသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာရိုက်မှာလဲ"

ဝဏ္ဏမင်းခင်က လွှတ်ခနဲမေးမိသည်။ မေးပြီးမှ မှားမှန်း သိသည်။ ဖျတ်ခနဲ ကားမှန်ထဲကနေ ထွေးမျက်နှာလေးကို ကြည့်မိသည်။ ထွေးက တော်တော်မြင်ပြင်းကပ်လှစွာ မျက်ခောင်းကလေး ပြင်ပြီးမှ ချက်ချင်းပဲ မျက်လွှာချသည်။

နှုတ်ခမ်းလေး တင်းတင်းစေ့ပြီး ငြိမ်သက်နေပုံက ဘာတစ်ခုမှ မပြောမိအောင် အတတ်နိုင်ဆုံး မျိုသိပ်ထားလိုက်သလိုပါ။

"ပြောလေ"

"မသိဘူး"

ဘုကျကျဖြေပုံလေးကို သူ ချစ်စနိုးရယ်မိသည်။ ကိုယ့်ရင်တွေ ပွင့်ထွက်မတတ် ခုန်လွန်းပါတယ်ကွာ။ ကိုယ် ဘယ်နှစ်ရက်အထိ သည်လိုအောင့်အီးနေရမလဲ။

ထွေးလေးနှင့် နီးကပ်စွာ ရှိနေခွင့်ရပါလျက် ကိုယ့်အဖြစ်က ဆိုးလွန်းပါတယ်ကွာ။ ကြာရင် ကိုယ်ပေါက်ကွဲမိလိမ့်မယ် ထွေးရယ်။

မမသန့်တို့ အိမ်ရှေ့ကားရပ်တော့ ထွေးက ကပျာကယာဆင်းသည်။

"ကိုမင်းခင် ဘယ်အချိန်ထိ ရှိမှာလဲ"





"အင်း ... အတိအကျ မပြောတတ်ဘူး"

"မလတ်ကို ပြောလိုက်ပါဦး၊ ထွေး ညနေမှပဲ ပြန်လာတော့မယ်"

"ကောင်းပါပြီ"

စကားဆုံးသွားပေမယ့် သူက မသွားသေးဘဲ ငေးကြည့်နေသည်။ ထွေးက မသိသလို လှည့်လျှောက်လာကာ ခြံဝင်းတံခါးမှာရပ်သည်။

"သွားမယ်"

"ဟုတ်ကဲ့"

သူ နှုတ်ဆက်ပေမယ့် ထွေး မလှည့်ကြည့်ပါ။ ခေါင်းငဲ့ ညိတ်ပြမိသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဟော့ ... အခြေအနေတွေ တိုးတိုက်သွားတာ မြန်လှပါရောလား"

ပတ္တမြားက ခြံတံခါးဖွင့်ပေးပြီး မင်းခင်ရှိရာ တစ်ချက်ကြည့်လျက်ဆိုပါသည်။ ကိုမင်းခင်ကလည်း ပတ္တမြားကို အသိအမှတ်ပြုသလို တစ်ချက်ပြုံးပြသွား၏။

"Handful of Roses ကြီးနဲ့ အိုကေသွားပြီဆိုပါသော့"

ပတ္တမြား စလိုက်သည့်စကားက ထွေးကို ဖြတ်ရိုက်လိုက်သလို အခံရခက်စေပါသည်။ မျက်နှာတစ်ပြင်လုံး ရှက်သွေးတွေ ဖြန်းတက်ကာ ထူထူအမ်းအမ်းကြီး ဖြစ်လာရ၏။ ဘာကို ဘယ်လို ပြောရှင်းရမှန်း မသိ။ လည်ချောင်းထဲမှာ အရိုးစူးသလို မျိုမရအောင် စူးနေသည်။

"အဟင်း ... မုန့်ကျွေးသင့်တယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



ပတ္တမြားကလည်း ဘာရယ်မဟုတ်၊ မြင်တာကို လျှောက်စနေတော့သည်။

"အဲဒါ ထွေး ခဲအို ပတ္တမြားရဲ့။ မလတ်ရဲ့ အမျိုးသား"

"အမလေး ဘုရားရေ … သောရီး … သောရီး … သောရီးနော် ထွေး … မသိလို့ … ကန်တော့ … ကန်တော့"

အလျင်စလို ပြောချလိုက်သော စကားကို ပတ္တမြား လန့်သွားပြီး ချက်ချင်းတောင်းပန်သည်။ ပြီးမှ နှာခေါင်း ရှုံ့ကာ

"သူက ထွေးဖို့ဆိုပြီး နှင်းဆီပန်းတွေ လာပေး ထင်မိတာပေါ့။ ဘယ်သိပါ့မလဲ" ဟု သူ့ကိုယ်သူ နှစ်သိမ့်သည်။

ဘေးလူတွေတောင် အပိုင်တွက်ထားတာ၊ ထွေးလည်း ထင်မိတာ မှားသလားနော်။ ကိုယ့်ကိုယ်ကို အထင်ကြီးတာတော့ မဟုတ်ရပါဘူး။

"သူတို့ လက်ထပ်လိုက်ပြီလေ။ ဧည့်ခံပွဲ လုပ်ဖြစ်မှာ"

ထွေးက ပတ္တမြားကို ရှင်းပြလိုက်သော လေသံလေး ခပ်ပျော့ပျော့ရယ်။ သူ့ဆီက နောက်ထပ်ထွက်လာမည့် အမေး အတွက် ထွေး လန့်နေမိပါသည်။ ပတ္တမြားက ပွင့်လင်းသူ မရှင်းလျှင် မရှင်းသလို မေးချတတ်သူ။ သိပ်ပြီး စဉ်းစားအား





ဆင်ခြင်နေမှာမဟုတ်။

"ထွေး"

ဟော …

ခေါ်လိုက်ရုံနှင့် ထွေး ထိတ်ခနဲ မျက်လုံးဝိုင်းသည်။ ဘာကိုမှန်းမသိ ကြိုတင်ပြင်ဆင်နေမိပါသည်။

"နှင်းဆီပန်းစည်းက ထွေးကို ပေးတာပါ။ သေချာပေး တာ။ မမှားလောက်ပါဘူး … ဟုတ်တယ် မဟုတ်လား"

"မဟုတ်ပါဘူး"

ပြောင်ကြီးပဲ ငြင်းပစ်လိုက်ပါသည်။ ဝန်မခံချင်ပါ။ ဝန်မခံ ချင်တာထက် ဝန်မခံသင့်တော့ပေ။ ညာသင့်သည်။ ပိပိရိရိကို ညာသင့်ပါသည်။

"ထွေး"

"ဟင်"

"ဘာတွေလဲ ထွေးစိတ်မကောင်းဖြစ်နေလားဟင်"

ပတ္တမြားရယ် ဒီလောက် အကင်းမပါးစမ်းပါနဲ့။ အကဲ မခတ်စမ်းပါနဲ့။ ထွေးက ပတ္တမြားကို မျက်နှာချင်းမဆိုင်ဘဲ တစ် ဖက်လှည့်နေလိုက်၏။

"ကိုမင်းဒင်က လူတည်၊ လူအေးတစ်ယောက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



ကာကာကွယ်ကွယ် ပြောပေးမိပါသည်။ ဘယ်လို အထင်ကလေးမှ နောက်ဆက်တွဲ မထင်စေလိုပါ။ ကိုမင်းဒင် သိက္ခာကို ထွေးက မြှင့်တင်ပေးရပါမည်။ သူက ထွေး၏ ခဲအိုပါ။

ပတ္တမြားက ထွေးကိုကြည့်ပြီး ပင့်သက်ရှိုက်သည်။

"ထားလိုက်ပါတော့ ... လာ ... အပေါ်မှာ မမသန့် စောင့်နေတယ်"

ခုမှပဲ အကျဉ်းအကြပ်တစ်ခုတည်းက လွတ်မြောက်သွားသူလို စိတ်အေးသွားရပါသည်။ ပတ္တမြားကို ကျေးဇူးတင်ပါသည်။



အဲဒီနေ့ နေလည်တစ်နာရီလောက်မှာပဲ မမလတ်ဆီက ဖုန်းဝင်လာခဲ့ပါသည်။

"ထွေးလား"

"အင်း ... ဟုတ်တယ်"

မလတ် ဖုန်းဆက်တာမို့ ဘာရယ်မသိ ထိတ်ခနဲဖြစ်သည်။ မလတ်ဖုန်းဆက်လျှင် ထွေးလန့်တတ်နေပြီလားပင် မသိ။

"မလတ်ပါ"

"အင်း ... သိတယ်၊ မလတ်ပြောလေ"

"ထွေး ခဏပြန်ခဲ့ဦး"

"ဟင်"

ထွေးကို ချက်ချင်းပြန်လာခဲ့ဖို့ ခေါ်ပါသည်။ မလတ် အသံကလည်း မပွင့်တစ်ပွင့်နှင့် တစ်မျိုးကြီးပါ။

"ဘာဖြစ်လို့လဲ မလတ် ... နေမကောင်းဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



နိုးရိမ်စွာ မေးသောအခါ မလတ်က ငြင်းသည်။ ဟင့်အင်းတဲ့။

"နေကောင်းပါတယ်။ တိုင်ပင်စရာရှိလို့"

ညနေ ထွေးပြန်လာချိန်ကိုတောင် မစောင့်နိုင်ရတာလဲ။

ဘာကိစ္စမို့ အလောတကြီး အရေးတကြီး ပြန်ခေါ်ရတာလဲ။

"ထွေး လာခဲ့မယ်နော်"

ထွေးက ဖုန်းချပြီးတာနှင့် မမသန့်ကို ပြောပြီး ပြန်လာခဲ့သည်။

ခုတလော ထွေး အေးအေးဆေးဆေး မနေရပါ။

ပူလောင်မှု အမျိုးမျိုးက ထွေးကို နှိပ်စက်ဒုက္ခပေးနေပါသည်။

သည်နေ့တော့ ကိုမင်းဒင်နှင့် မလတ်ကို ခေါ်ပြီး ဘုရားသွားမည်။

စိတ်ရှုပ်စရာတွေ ပြယ်လွင့်သွားချင်တော့သည်။



တံခါးလေး ဖွင့်ပေးသော မလတ်မျက်နှာက ငိုထားမှန်းသိသာရှင်းစွာ မျက်လုံးတွေရဲနေသည်။ မို့အစ်နေသည်။

"ကိုမင်းဒင်ရော"

ထွေးက မျက်လုံးလေးနှင့် ရှာဖိရင်းက မေးလိုက်၏။

"မရှိဘူး၊ အပြင်သွားတယ်"

မလတ်က ဗလုံးဗထွေး ပြောရင်း မျက်ရည်တွေ ထပ်ကျလာပြန်သည်။

"မလတ်နဲ့ စကားများတာလား"

"မဟုတ်ဘူး .. ထွေး"

"ဒါဖြင့် ဘာဖြစ်ကြတာလဲ မလတ်ရယ်"

"ထွေး"

မလတ်က ထွေးလက်ဖျားလေးကို ဆုပ်ညှစ်ပစ်သည်။

စိတ်ထဲမှာ အရမ်းကြီးလှုတ်ခတ်ခံစားနေရသည် ထင်၏။



www.burmeseclassic.com

www.burmeseclassic.com



"ထွေး … သူ … ကိုမင်းဒင်မဟုတ်ဘူး"

"ဘယ်လို"

အံ့ဩမှု လေးသံသဲ့သဲ့လေးနှင့် မျက်လုံးလေးတွေ [illegible] သွားရလေသည်။

"ဟုတ်တယ်၊ သူ့ ကိုမင်းဒင်မဟုတ်ဘူး"

မမလတ်က အရမ်းသေချာနေသည်။ ထွေးက ကျောက်ရုပ်ကလေးပမာ၊ တောင့်တင်းငြိမ်ကျသွားသည်။

"ဘာရိုက်မှာလဲ" ဆိုသော စကားလေးကို နားထဲ အကြိမ်ကြိမ်ပဲ့တင်ထပ်လာ၏။ ထိုမေးခွန်း၏ စစ်မှန်မှုကို ဘွားခနဲ သိလိုက်သလိုပါ။

သူ တကယ် မသိတာများလား။

ကိုမင်းဒင် မဟုတ်ခဲ့ရင် သူ ဘယ်သူလဲ။

"မလတ်"

ထွေးက အလောတကြီး ခေါ်သည်။

"ထွေးကို ရှင်းအောင်ပြောစမ်းပါ"

မလတ်ထက်ပို၍ပင် တုန်လှုပ်သွားမိသူက ထွေး။

အကြင်နာ မျက်ဝန်းတွေကို ပြန်လည်မြင်ယောင်လာမိသည်။





"မနက် အစောကြီး သူ ထွက်သွားတယ်။ ပြန်လာတာ မောင်မဟုတ်ဘူး"

"မလတ် ဘာကြောင့် သေချာတာလဲ"

"မလတ်ကို အနားကပ်မခံဘူး။ မလတ် အရမ်း ဝမ်းနည်းသွားတယ်။ ဘာလို့လဲဆိုပြီး စိတ်ပူသွားတယ်။ ငိုတောင်ငိုမိတယ်။ ညလည်း ပြန်မလာဘူး။ အမေ နေမကောင်းဘူးဆိုပြီး ညာတယ် မလတ်က ငါဘာလုပ်မိလို့ လဲဆိုပြီး အပြစ်ကိုပဲ ရှာနေမိတယ်။ ဒီနေ့ စောစောပဲ သူပြန်လာတယ်။ အဲဒီလိုပဲ မလတ်ကို မသိမသာ ဖယ်ပစ်တယ်"

မလတ်က ပြောရင်း မောလာသလို သက်ပြင်းရှိုက်ပြီး ခဏနားသည်။

"နောက်တော့ သူ အင်္ကျီချွတ်လိုက်တယ်။ ဇွပ်ကျယ် အမဲလေးနဲ့၊ မောင့်ပခုံးလေးမှာ မှဲ့ကလေးရှိတယ်။ ပြီးတော့ မလတ် လက်သည်းနဲ့ ခြစ်မိသွားတဲ့ ဒဏ်ရာ လက်မောင်းမှာရှိတယ်။ နှစ်ခု စလုံးမရှိဘူး။ သူ မောင်မဟုတ်ဘူး ထွေး။ မောင် ဘာဖြစ် နေပြီလဲ မသိဘူး။ မလတ် ရင်ပူပြီး သေတော့မယ်။ လုပ်ပါဦး ထွေးရယ် မလတ် ဘာလုပ်ရမလဲ"

ထွေးကို အားကိုးတကြီးမေးတော့ ထွေးလည်း ဘာပြန်



www.burmeseclassic.com

www.burmeseclassic.com



ဖြေရမှန်းမသိ။

"မလတ် ဘာလုပ်ချင်လဲဟင်"

"မောင် တစ်ခုခုများ ဖြစ်နေသလားမသိဘူး။ သူက မောင့်ညီလား၊ အစ်ကိုလား တစ်ခုခုပဲ"

"မလတ်ကလည်း အမြွှာပူးရှိတာ မေးမထားဘူးလား"

"ထင်မှ မထင်ဘဲ ထွေးရယ်"

မလတ်က ကိုမင်းဒင်အတွက် စိတ်ပူပြီး ငိုနေသည်။

"ဟုတ်လိမ့်မယ်"

ထွေးက စဉ်းစဉ်းစားစားနှင့် ထောက်ခံသည်။

ထွေးကို လိုက်ပို့တုန်းက သူ့လက်ထဲမှာ ဆယ်လူလာ ကိုင်ထားသည်။ မမသန့် ဖုန်းခေါ်တော့ လုံးဝမရ။ သည်လိုဖြစ် ရတာလည်း တစ်ခုခုလွဲချော်မှားယွင်းနေလို့ပါပဲ။

ဝိဝိရိရိ ညာတာ ဘာကြောင့်လဲ။ မလတ်အမျိုးသား ကိုမင်းဒင် ဘာဖြစ်လို့ပါလိမ့်။

ထွေးက ချက်ချင်းပဲ ဆုံးဖြတ်လိုက်ပါသည်။

"မလတ်"

"ဟင်"

"ထွေး ကိုမင်းဒင်တို့အိမ် လိုက်သွားမယ်။ မမသန့်တို့





လမ်းထဲမှာပဲဟာ"

မမလတ် ခေါင်းညိတ်မိသည်။

"မလတ်ပါလိုက်ခဲ့"

"ဟင့်အင်း"

"ခြံပြင်မှာ စောင့်ပါ။ ဒါမှ အကြောင်းစုံ ချက်ချင်းသိရမှာ"

ထွေးက မလတ်ကိုပါ ရအောင်ခေါ်သည်။ မလတ်က ငို ကာမဲ့ကာပါလာသည်။ ကိုမင်းဒင်အတွက် မလတ်တအား စိတ်ပူနေရပါသည်။

"မလတ်က တော်သားပဲ"

စဉ်းစားမိကာ ချီးကျူးမိပါသည်။ ရှေ့နေပီပီ ချက်ချင်း အကဲခတ်ဆုံးဖြတ်နိုင်သည်။

"မောင် ဘာမှ မဖြစ်ပါစေနဲ့ ဘုရား"

ထွေး ချီးမွမ်းစကားပင် မလတ်နားထဲ မရောက်။ ထွေး ထတော့ တစ်ဖက်မှာ ဝမ်းသာလုံးဆို့နေပြီး တစ်ဖက်မှာ စိတ်ပူ နေမိသည်။

ခံစားမှုနှစ်မျိုးက အားပြိုင်ဖြစ်ထွန်း၏။

ရှင်ရယ် ... ထွေးအပေါ် ပွင့်လင်းသင့်တယ်။



www.burmeseclassic.com

www.burmeseclassic.com



မလတ်ကို ညာတယ်ပဲထား။ ထွေးကိုတော့ အသိပေးပြောပြသင့်ပါတယ်။

ထွေး ဘယ်လောက်ခံစား လိုက်ရတယ် ထင်သလဲ။

ရှင် လူဆိုး ထွေး စိတ်မကောင်းဖြစ်နေတာကို မြုံးပြီးကြည့်နေရက်တဲ့သူ။

နှင်းဆီပန်းတွေရဲ့ ပိုင်ရှင်ဟာ ရှင်ပဲဖြစ်မှာလို့ ထွေးသိသွားခဲ့ပါပြီ။

မုန်းကိုမုန်းချင်တယ်။

တကယ်ပဲ ထွေးကို မဟာဘဲ မျိုသိပ်နေနိုင်တယ်။

❧❧❧



ခြံဝမှာ ဘဲလ်တီးသောအခါ အရှင်ဦးဆုံး ခုန်ပေါက်ထွက်လာတာက ခွေးကလေး။ သူ့ဆိုင်ကယ်နောက်မှာ ကျကျနနထိုင်စီးတတ်သော ချစ်စရာခွေးကလေးပါ။ ထွေးကိုမြင်တော့ ဝုတ်ခနဲဟောင်ပြီး နောက်ဆုတ်သွား၏။

"ဘယ်သူမှ မရှိကြဘူး"

ကောင်မလေးတစ်ယောက်က ထွက်လာပြီး လိုရင်းပြောသည်။ ခြံတံခါးဖွင့်သည်။ ထွေးတားမိပါသည်။

"ရတယ် ... ရတယ် ... မဖွင့်နဲ့တော့။ ဘယ်သွားကြလဲဟင်"

"ဆေးရုံသွားတာပါ။ အစ်ကိုကြီး ဒီနေ့ အရေးကြီးလို့လို့ ပြောပါတယ်"

"အစ်ကိုကြီး"

"ဟုတ်ကဲ့ ကားတိုက်တဲ့ အစ်ကိုကြီးပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဘုရား … ဘုရား"

ထွေးက ရင်ဘတ်ကလေး ဖိသည်။

"နောက်တစ်ယောက်ကော"

"ကိုလေးက စောစောက ပြန်လာသေးတယ်။ ခုပဲ ဆေးရုံကို လိုက်သွားတာ။ မမတို့ ဆေးရုံလိုက်သွားရင်တွေ့မှာပါ"

သည်လိုကေ့စ်တွေဆို ဆေးရုံကြီးအရေးပေါ်ဌာနမှာပဲ ထားလေ့ရှိတာမို့ တန်းပြီး မောင်းနိုင်းလိုက်ပါသည်။

မလတ်က အေးစက်စက်ထိုင်နေပြီး မျက်ရည်တွေ ပါးပြင်ပေါ် ကျနေ၏။ တစ်ခွန်းမှ မဆို။ အသက်ပင် ရှူမှရှူရဲ့လားဟု ထင်ရသည်။

"သိပ်လည်း စိတ်မပူပါနဲ့။ ကိုမင်းဒင် ဘာမှ မဖြစ်လောက်ပါဘူး"

ထွေးက မလတ်ပခုံးလေးဖက်ကာ အားပေးနှစ်သိမ့်သည်။

"မေတို့ဆီလည်း ဖုန်းဆက်မှပဲ"

မလတ်ကို အားပေးဖေးမဖို့ မိသားစုလိုအပ်ပါသည်။

မေတို့ မမကြီးတို့ကို ဖုန်းဆက်အသိပေးရပါမည်။

"မလတ်ရယ် မငိုပါနဲ့"





အငယ်ဆိုတော့လည်း အငိုတိတ်အောင် မပြောတတ်ဘဲ လိုက်ငိုချင်စိတ်သာ ပေါက်တော့သည်။ ရင်ထဲ ဆို့တက်လာ၏။

"ကိုမင်းဒင် ဘာမှမဖြစ်ပါစေနဲ့ အရှင်ဘုရား" ဟု အကြိမ်ကြိမ်ဆုတောင်းပေးနေမိပါသည်။ ဆုတောင်းရုံကလွဲပြီး ဘာမှလည်းမတတ်နိုင်ပါ။

ဘယ်လောက်ထိ မလတ် ပူနေမလဲဆိုတာလည်း ထွေးကြည့်ပြီး အရမ်းသနားနေသည်။

ထွေးတော့ အဲဒီလိုတွေ ဖြစ်မှာစိုးတယ်ကွယ်။ ဖေကြီးတို့ မေတို့ ကြည်ဖြူအောင်ပြောပြီးပဲ လက်ထပ်ချင်ပါသည်။ တစ်ခုခုဆို ဖေကြီးတို့ မေကြီးတို့ရဲ့ အားပေးနွေးထွေးမှုဟာ ထွေးတို့အတွက် အလိုအပ်ဆုံးအရာပါ။ အင်အားအရှိဆုံး အရာပါ။

ဒါတွေမို့ပြီး ထွေး နားလည်လာမိပါပြီ။

❧❧❧



www.burmeseclassic.com

www.burmeseclassic.com

"ဟင်"

ဆေးရုံအဝင်ဝမှာ "သူ" နှင့် ဆုံသည်။ မဲလတ်က သူ့ကိုမော့ကြည့်ပြီး တစ်ခွန်းပဲမေး၏။

"မောင် ဘယ်မှာလဲ"

သည်အနေအထား ရောက်မှ သူကလည်း ဆက်ပြီး မဖုံးထွယ်ထားချင်တော့။

"ရှိပါတယ်"

"မောင့် အခြေအနေ စိုးရိမ်ရသလားဟင်"

မောင့်ကို ခုတင်ပေါ်မှာ ပက်လက်မြင်ရတာ လတ်တစ်ကိုယ်လုံး ပုံကျသွားသလို ခံစားလစ်ဟာလာရလေသည်။

"မောင်"

မောင့်မေမေက လတ်ကို စေ့စေ့ကြည့်နေသည်။ ခုမှမြင်ဖူးတာ မဟုတ်လား။ လတ်က မောန်ဘေးရောက်သွားမိသည်။

ဩ၊ဩ၊ - တပေ

www.burmeseclassic.com



"မောင်ရယ်"

မောင်က လတ်ကို တည်ငြိမ်စွာ ပြုံးပြသည်။ မောင့်ပုံစံက ဖျော့တော့နေလွန်း၏။ လတ်က နှုတ်ခမ်းတွေမဲ့လာသည်။

"လတ်"

ခုတင်ဘောင်က ခုံမှာ ထိုင်ချသည်။ မောင့်ရင်ဘတ်ပေါ် မျက်နှာမှောက်ချမိသည်။

"လတ်ရယ် မငိုပါနဲ့"

"မောင် လတ်ကို သိပ်ရက်စက်တာပဲ"

"မဟုတ်ပါဘူး. လတ်ရယ်"

"လတ်ကို ညာတယ် ၊ ဖုံးထားတယ်"

"လတ် စိတ်ပူမှာစိုးလို့"

"မောင်ရယ် လတ် ခွဲဝေခံစားခွင့် ရသင့်ပါတယ်"

"ဟုတ်ပါတယ်"

တနုံ့နုံ့နှင့် မကျေမနပ်ဖြစ်နေသော လတ်ကို ဆံပင်တွေ သပ်ပေးကာ မောင် နှစ်သိမ့်သည်။

"လတ်"

"ဟင်"

"မောင့်ခြေထောက်တွေ လမ်းမလျှောက်နိုင်ဘူး"





"ရှင်"

လတ်ခေါင်းထဲ မိုက်ခနဲတောင် ဖြစ်သွားရသည်။

"အဲဒါကြောင့် မောင်က လတ်ကို အသိမပေးသေးတာပါ"

"ဒါကတော့ မောင်မတရားဘူး။ ဘာပဲဖြစ်ဖြစ် လတ်နဲ့ မောင် အတူတူခံစားရမှာပေါ့။ လတ်မေတ္တာကို မောင် အဲဒီလောက်ထိ အထင်သေးတာလားဟင်"

ထွေးက ရပ်ကြည့်မှားထောင်နေရမှာလည်း အခက်။ လှည့်ထွက် ရှောင်ပေးဖို့ရာလည်း အခက်နှင့် ခဏရပ်နေမိသည်။ ပြီးမှ ထွေး လှည့်ထွက်လာခဲ့သည်။ သူက ထွေးနောက်မှ တဖျတ်ဖျတ် လျှောက်သွားသည်။

"ထွေး ဘယ်သွားမလို့လဲ"

သိချင်စိတ်နှင့်မေးသော သူ့ကို ထွေးမျက်စောင်းရှယ်သည်။

"ထွေးတို့ရှိနေရင် သူတို့ဘယ်လွတ်လပ်မလဲ၊ ပြောချင်တာ ပြောလို့ရအောင် ထွက်လာတာ"

သူက ဟက်ခနဲရယ်သည်။ သူရယ်တာ တစ်မျိုး။ သူက အဖြစ်နေပါလိမ့်။



www.burmeseclassic.com

"ထွေးကို ကော်ဖီတိုက်မယ်"

"မသောက်ချင်ဘူး"

"ဘာလို့"

"ဘာမှ မဖြစ်ပါဘူး"

သူ့အပေါ် ထွေးအထင်လွဲနေတာ သိပါသည်။ စိတ်ဆိုးနေတာလည်း သိသည်။

"ဆောရီးပါ။ ကိုကိုက မလတ်ကို မသိစေချင်တော့.."

"တော်ပြီ။ မရှင်းနဲ့တော့"

ခပ်မာမာ ဟန့်တားမိသည်။

"ဟုတ်တယ်၊ ကိုယ်လိုသွားတယ်။ ထွေးကို တိုက်တိုက်ကလေး ဖွင့်ပြောသင့်တယ်နော်"

သူ့စကားက ထွေးကို ရှက်စိတ်မွှန်စေသည်။ ထွေးကသူ့ကို ချစ်နေသလိုလို။ ဟုတ်တော့ဟုတ်ပါသည်။ သို့ပေမယ့် ဝန်မခံချင်ပါ။

"ဘာဆိုင်လဲ"

ထွေး ဘုတောပစ်လိုက်၏။ သူနှင့်စကား မပြောချင်ပါ။ စိတ်ထဲမှာ မျက်နေ၏။ ထွေးကို သူမို့ မပြောဘဲ ထားရက်သည်။

"ထွေး ကိုယ်လေ"





"တော်ပါတော့ ထွေး ဘာမှ မကြားချင်တာ သိလား"

ဝိတ်ပြောလိုက်သောအခါ သူ မျက်နှာပျက်သည်။

"ကိုယ်တောင်းပန်တာကို အသိအမှတ်မပြုဘူးပေါ့ ဟုတ်လား"

"ဘာတောင်းပန်စရာရှိလဲ၊ ဘာဆိုင်လို့လဲ"

သူက တော်တော်ကလေး အောင့်သက်ခံပြင်းသွားလေသည်။

"တကယ် မဆိုင်ဘူးလား"

ထွေးကို တည့်တည့်ကြည့်ကာ မေးလာသည်။ ထွေး အကြည့်လွှဲမိသည်။

"ထွေး"

"ဘာလို့ လိုက်ခေါ်နေတာလဲ"

"ပြီးရော"

သူက ထွေးနှင့် ဆက်မလိုက်တော့ဘဲ ချာခနဲ ပြန်လှည့်ထွက်သွားသည်။ ထွေး ခြေစုံရပ်ရင်း သူ့ကို လှည့်ကြည့်မိပါသည်။ ဒါက စိတ်ဆိုးသွားတာတဲ့လား။

ထွေး နှုတ်ခမ်းတွေ ပြုံးသွားသည်။ တကယ်ဆို မဆိုင်ဘူးလားဟု တည်တည်တင်းတင်းကြီး မေးလိုက်ပုံက သူ့စိတ်ထဲမှာ

www.burmeseclassic.com



ပိုင်ပိုင်နိုင်နိုင်ဆိုင်သလိုပါ။

ထွေး ရင်ခုန်သံမြန်သွားရသည်။

အလကား ... ခုမှ ... နေပါစေ။

သူ စိတ်ဆိုးသွားတာကို ထွေး မချော့ဘဲ ထားလိုက်၏။

ပြေးလိုက်သွားပြီး ခေါ်ချင်စိတ်ကို ရအောင်ထိန်းထားရ၏။

သူ့အလှည့်တုန်းက နေနိုင်သားပဲ။



မလတ်က ဆေးရုံမှာပဲနေမှာမို့ ထွေးကို ပြန်ပို့ပေးဖို့ သူပဲ တာဝန်ယူရလေသည်။ ကားပေါ်မှာ စူပုတ်ပုတ်နှင့် သူ့ပုံစံက ရယ်စရာကောင်း၏။

ထွေးက သူ့ဘေးဝင်ထိုင်သောအခါ လှည့်မကြည့်ဘဲ ရှေ့မှန်ကိုသာ ပေါက်ထွက်မတတ် စူးစိုက်ကြည့်နေသည်။

"ပီဇာမုန့် စားချင်လိုက်တာ"

ထွေးစကားကို ဘာမှမတုံ့ပြန်။ ထွေးကလည်း ဘာကြောင့်ရယ်မသိ သူစိတ်ဆိုးအောင် လုပ်မိပါသည်။

"ပီဇာမုန့် ဝယ်ကျွေးမလားဟင်"

ကပ်သီးကပ်သပ် မေးတာကို သူမဖြေပါ။

"ဟော့လူ ... မကြားဘူးလား"

ကြည့်စမ်း ... ရှုတည်တည် မှန်သိုးသိုးနှင့်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ကို မောင်းရမလဲ"

မေးလိုက်ပုံက ခပ်ပြတ်ပြတ်။

"မသိဘူးလေ"

သူက ကားစက်နှိုးဖို့ ပြင်နေရာမှ လက်ပြန်ချပြီး ထိုင်နေသည်။ ထွေးဆီက အမိန့် စကားစောင့်နေပုံ။

"ရှင့် နာမည် ဘယ်သူလဲဟင်"

သူ့ဘက် လှည့်ကြည့်ကာ မေးလိုက်၏။ သူက ထွေးကို မျက်လုံးရွှေကြည့်သည်။ ပြီးတော့ ချက်ချင်းရှေ့ကို ပြန်လှည့်သွားသည်။

"ပြောလေ"

"ဝဏ္ဏမင်းဒင် အဲဒါ အရေးကြီးလား"

"သိမှ မသိတာ"

စကားကို တော်တော်ဂျစ်တိုက်ပြောတတ်မည့်ပုံစံပါပဲ။ စိတ်မကြည်လျှင် မကြည်သလို ပုပ်သိုးညစ်ပေးနေမည့်ရုပ်၊ ကြည်တော့ဖြင့် စိတ်ရှည်သလိုလို ဘာလိုလိုနှင့်။

"ဝဏ္ဏမင်းဒင် ဟုတ်လား"

"ဟုတ်တယ်"





သူက ထွေးကို ဆတ်ခနဲ လှည့်ကြည့်လာသည်။

"ဘာဖြစ်လို့လဲ"

"ဟင့်အင်း"

ထွေးက သူ့ကို ခေါင်းရမ်းပြသည်။ မျက်နှာလေးရှုံ့ပြသည်။

"မနက်က ဘာရိုက်မှာ ပြောတာလဲ"

"ကြော်ငြာလေ တီဗီကြော်ငြာပေါ့"

"ဘယ်သူ ခွင့်ပြုလို့လဲ"

သူ ခပ်မာမာ ဆိုလာ၏။

"အမလေး အိမ်ကို မနည်းကြီး ပြောထားရတာ"

"ကိုယ် သဘောမတူဘူး"

"မတတ်နိုင်ဘူး"

"လုံးဝ မရိုက်ရဘူး"

ထွေးက မချိုမချဉ်လေး ပြုံးသည်။ သူ တမင်ညစ်နေမှန်းသိသည်။ ထွေး ဝါသနာကို သူက အားပေးတတ်သူပါ။ စိတ်ဝင်တားဆီးမည့်သူ မဟုတ်။ ထွေးအပေါ် သူနားလည်သည်။

"ညံ့တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်....ဘာလဲ"

"ကိုယ်ဘေးနားရောက်လာတာမသိဘူး၊ မလတ်ကမှ ကိုယ့်ကိုမှတ်မိသေးတယ်။ ထွေးက ကိုယ့်ကိုမမှတ်မိဘူး။မဝေခွဲနိုင်ဘူး"

"တူမလား၊ သူတို့က ရင်းနှီးတယ်"

ထွေးက ဒေါသစိတ်ကလေး ဝင်လာသည်။

"အလကား...အဲဒီအကြောင်းတွေ ထွေးမိရင် မုန်းတယ်။ ရှင် ထွေးကိုပါညာတယ်........ထွေးကို ပြောပါလား....အသိပေးပါလား"

ဝဏ္ဏမင်းဒင်က အော်ရယ်သည်။

"ထွေး စိတ်ညစ်နေပုံလေးကို ချစ်လို့"

"ဟင်"

သူများ စိတ်ညစ်တာလည်း ချစ်ရတယ်လို့။ တော်တော် စိတ်မကောင်းမရှိတဲ့ ပုဂ္ဂိုလ်။

"ဝင့်လည်လိမ့်မယ် သိလား"

"မကြောက်ပါဘူး"

"ရှင် စိတ်ညစ်မှ ထိုင်ကြည့်နေမယ်"





"ထွေးအနားမှာ ရှိနေရင် ကိုယ်က ဘာကိုစိတ်ညစ်ရမှာလဲ"

သူ့စကားကြောင့် ထွေးပါးစပ်လေး ပိတ်သွားသည်။ ကားထဲမှာ တိတ်ဆိတ်ခြင်းလွှမ်းမိုးသည်။

"ထွေး"

သူတစ်ခုခု ပြောလာတော့မှာကို ထူပူစွာနှင့် ထွေးက ကားတံခါးဖွင့်ဆင်းသည်။

"အိမ်ကို ဖုန်းဆက်ရဦးမယ်၊ မေ့နေတာ"

ကားတံခါးဖွင့်ပြီးရုံရှိသေး သူက လက်မောင်းကလေးဖမ်းဆွဲထား၏။

"ရော့...ဒီမှာ ဖုန်းရှိသားပဲ၊ ဘယ်သွားမလို့လဲ"

"ပေး...ပေး"

ထွေးက ရှက်ရှက်နှင့်ဆွဲယူသည်။ သူက ထွေးလက်မောင်းကလေးကို ဆုပ်ထားမြဲ ဆုပ်ထားလျက်ပါ။

"ဖယ်ပါ...ဖုန်းဆက်မလို့"

"ဆက်လေ"

သူက အသာအယာလွှတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထွေး ဖုန်းဆက်နေသောအခါ သူက ထွေးဆံပင်လေးတွေကို မထိတထိ ကိုင်တွယ်ကြည့်နေသည်။ စိတ်ထဲမှာ အသည်းယားကာ မနေတတ်သလိုပါပဲ။

နောက်တော့ သူက ဆုံးဖြတ်လိုက်သလို ဆံပင်လေးတွေဖယ်ကာ ထွေး ဂုတ်သား ဝင်းဝင်းအိအိကလေးကို မွှေးရှိုက်ပစ်၏။

ထွေးရင်ထဲမှာ တလှိုက်လှိုက်နှင့် ကျင်တက်လာသလိုပါ။

မေမေ ဘာတွေပြောနေမှန်း မကြားတော့ပေ။

"ဒါပဲနော်" ဟု မနည်းပြောကာ ဖုန်းကို ပိတ်လိုက်ရသည်။

"ထွေး ... ထွေးရယ်"

နီးကပ်လွန်းသော သူ့ခေါ်သံကို ထွေး ကြားပါသည်။

သူက ထွေးကို တင်းတင်းကြပ်ကြပ်ဖက်ထားသည်။

"သွားပါ ... ထွေးကို ညာတဲ့သူ"

ထွေးက လက်ဖဝါးနှင့် သူ့ရင်ဘတ်ကို တွန်းသည်။ ရင်ထဲမှာ ပျော်သည်။ ပြီးပြည့်စုံသော အပျော်ကို ခံစားရသည်။





စိတ်ရှုပ်စရာတွေ မေ့ပျောက်ကုန်သည်။ သူဟာ ထွေးအတွက် တကယ်ပဲ လိုအပ်ပါသည်။ ထွေး နှလုံးသားက မြင်မြင်ချင်းပင် သူ့ကို တောင့်တအလိုရှိလေသည်။ ဟန်ဆောင်ပန်ဆောင်ပင် မငြင်းဆန်နိုင်ပါ။ ဟန်မဆောင်နိုင်လောက်အောင်ပင် ဖြစ်ခဲ့ရပါသည်။

အနှောင့်အယှက် တစ်ခုက ဟန်မဆောင်ရဲလောက်အောင်နှစ်ယောက်စလုံးကို တုန်လှုပ်ချောက်ချားသွားစေခဲ့ပါသည်။

ဝေးသွားပြီလို့ပဲ ထင်ပြီး သေမလောက်ခံစားခဲ့ရတာပါ။ ချက်ချင်းကြီး ပြန်လည်ပိုင်ဆိုင်ခွင့်ကို ထွေးရဲ့စစ်မှန်တဲ့ ချစ်စိတ်ကြောင့် ရရှိခဲ့တာပါ။

ထွေး ဘယ်လို အိုက်တင်ခံနိုင်မှာလဲ။ ဘယ်လို မူနေနိုင်မှာလဲ။ ဘယ်လောက်ထိအောင် ခံစားခဲ့ရသလဲဆိုတာ ထွေး ကိုယ်တိုင်ပဲ အသိဆုံးပါ။

နှင်းဆီပန်းစည်းလေးတွေရဲ့ အောက်ခြေရင်းမှာ ထွေး နှလုံးသားက ကြွေဆင်းငြိမ်ကျရင်း ပန်းစည်းသခင်လေးကို စောင့်မျှော်နေခဲ့ရသူပါ။

"ထွေး ... အဲဒီလို ဖွင့်မပြောဘဲနေဖို့ ကိုယ် ဘယ်လောက်ပင်ပန်းခဲ့ရတယ် ထင်သလဲဟင်။ ကိုယ့်ဘက်ကလည်း



www.burmeseclassic.com

www.burmeseclassic.com



ထွေးလေးပါ။ ထွေးမျက်လုံးတွေကို ကိုယ်ဘယ်လို အောင့်အီးငြိမ်ခံ နေခဲ့ရသလဲဆိုတာ -

သူက ခုမှ ပွင့်ထွက် ဝန်ခံလာ၏။

"ရှုံးသွားမလားတောင် ထင်မိတယ် ထွေးရယ်"

သူ့စကားတွေမှာ ထွေး အရည်ပျော်နေရပါပြီ။ စိတ်လည်း မခိုးနိုင်တော့ပါ။ မမကြီးက ကားဘေးမှာ ရပ်ပြီး ကြောင်ငေးငေး ကြည့်နေမိသည်။ ထွေး ဟု ခေါ်လိုက်ဖို့ရာ ဝန်လေးနေသည်။

ကိုမင်းဒင်က ဆေးရုံပေါ်မှာဟု သိထားတာမို့ ကိုမင်းဒင် နောက်တစ်ယောက် ထွေးဘေး ရောက်နေတာကို ဘယ်လိုဆက်စပ် ကြည့်ပြီး နားလည်ပေးရမှန်းကို မသိနိုင်တော့ပါ။

တစ်ယောက်ကို တစ်ယောက် ပွေ့ပိုက်ကာ နစ်ဝင်နေကြသော သူတို့နှစ်ယောက်ကို အနှောင့်အယှက်ပေးရမှာလည်း အားနာလှပါသည်။

မမကြီးက မေမေ့ရှိရာ ပြန်လှည့်လျှောက်သည်။ ထွေးတို့ကို မခေါ်တော့ပါ။ နားမလည်ခြင်းများကို အောင့်အီးထားလိုက်ပါသည်။

ချစ်သူနှစ်ဦးက တစ်လောကလုံးကို မေ့လျော့နေကြသည်။

ပြီးပြီ - တပေ

www.burmeseclassic.com



မေမေ့လက်ကို တွဲကာ ဆေးရုံထဲကို ဝင်လာခဲ့၏။ မလတ်က ဘယ်မှာပါလိမ့်။ မမကြီးက မလတ်ကို အားပေး နှစ်သိမ့်ချင်လှပါပြီ။ ပြီးတော့ ထွေးတို့အကြောင်း ဖေးချင်သည်။

"ထွေး ... ကိုယ့်ကို နားမလည်ဘူး"

သူက ခုမှ တတွတ်တွတ်ရေရွတ်နေသည်။ ထွေးကဖြင့် သူ့ရင်ခွင်ထဲ ရောက်နေပြီဟာ။

သူ့ပခုံးပေါ် ပါးလေးအပ်ချလိုက်ရင်းက မမကြီးနှင့် မေမေလျှောက်သွားနေတာ လှမ်းမြင်လိုက်သည်။ ထွေး ငြိမ်မြဲငြိမ်နေ မိသည်။

ပင်ပန်းခဲ့သမျှ စိတ်တွေညစ်ထွေးနောက်ကျိခဲ့သမျှ ခဏ တော့ မေ့စက်နားနေပါရစေ။

ထွေး နှလုံးသားလေး မောဟိုက်နုံးခွေခဲ့ရတာ ကြာပါပြီ။ သူ့ရင်ခွင်မှာ သာယာပြည့်စုံစွာ နိမ့်ေနးခွင့်လေးရပါစေတော့။

လောလောဆယ် ထွေး ဘာမှ မတွေးချင်။ ဘာမှ မလုပ်ချင်။ လူချင်းခွာပြီး သူ့ရင်ခွင်ထဲက ရုန်းထွက်ရမှာ ဝန်လေးနှမြော နေသည်။

အမြဲတမ်းပဲ ထွေးကို ခုလို အားပေးစမ်းပါ ချစ်သူရယ်။

ပြီးပြီ - တပေ

www.burmeseclassic.com

www.burmeseclassic.com



မင်းရှိနေရင် တစ်လောကလုံးကို ရင်ဆိုင်ရဲပါပြီ။

ထွေးက မျက်လုံးလေးတွေကို မျက်လွှာချကာ မှိတ်ထား လိုက်ပါသည်။

စိတ်ကူးထဲမှာ နှင်းဆီပန်းရနံ့တွေ သင်းပျံ့လာသလိုလို၊

နာကျင်ခြင်း၊ ပူလောင်ခြင်း၊ ကြေကွဲခြင်းများ ကင်းစင် သွားသောနှလုံးသားက နှင်းဆီရနံ့များကြောင့် ပို၍ လန်းဆန်းသွား ရလေတော့သည်။

ပန်းသီခိုင်



www.burmeseclassic.com